စိတ်ကူးချိုချိုအနုပညာ
mgyoe.com



# သော်တာဆွေ

## ဟာသဝတ္ထုတိုများ-၄




mgyoe.com

mgyoe.com

# သော်တာဆွေ

## ဟာသဝတ္ထုတိုများ–၄



TTS0041
4,500.00 KS

mgyoe.com

ဟာသဝတ္ထုတိုများ-၄၊ သော်တာဆွေ
မျက်နှာဖုံးသရုပ်ဖော် - တော်တီဆွေ
စာမျက်နှာ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၄၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဟာသဝတ္ထုတိုများ-၄

## သော်တာဆွေ




ပထမအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ချစ်ကြည်ရေး ၁
၂။ စုံထောက်ဦးနံပြား ၃၇
၃။ ဗေဒင်ဆရာ အတွက်မှားတော့တယ် ၅၉
၄။ သူယောင်မယ် ၇၇
၅။ ကြောင်သား စားကြမလား ၉၀
၆။ စာတစ်စောင်ဖွဲ့လိုက်ပါ၏ ၁၀၃
၇။ မစားရဆွော်စော် ၁၄၀
၈။ မြီးခေါင်ပေါက်ပါတီ ၁၆၂
၉။ ဖော့ဖော့တင်နိုင် ၁၇၅
၁၀။ ဩော်... ကျွန်တော့်ခယ်မ ၁၈၇
၁၁။ မစားသာသည် ၁၉၀
၁၂။ ကျွန်တော် စာရေးဆရာဖြစ်လာပုံ ၁၉၆
၁၃။ ငွေဥဒေါင်း ပြန်လာပြီ ၂၂၀
၁၄။ ၄၁ နှင့် ဖော်တီဝမ်း ၂၅၁
၁၅။ လွမ်းမိပါ၏ ၂၆၄
၁၆။ သူတို့ပြည် သူတို့ဓလေ့ (၁) ၂၇၃
၁၇။ သူတို့ပြည် သူတို့ဓလေ့ (၂) ၂၈၃


mgyoe.com

mgyoe.com


၁၈။ လူသားမေတ္တာနှင့် စစ်သားသစ္စာ ၂၉၃

၁၉။ ရည်းစားပျက်မကလေး ၂၉၉

၂၀။ ချစ်ခြင်းမတူ ၃၀၇

၂၁။ ပြည်တော်သာ နပန်းပွဲကြီး ၃၂၁

၂၂။ အတတ်ပညာသုံးရပ် ၃၆၁

၂၃။ ငါတို့ရန်ကုန်သကြင်္န် ၃၆၈


mgyoe.com

mgyoe.com

# ချစ်ကြည်ရေး

သူကိုယ်တိုင်လည်း စာရေးဆရာ၊ စာပေကိုဝါသနာပါပေသော သခင်နုမို့သာ ဝန်ကြီးချုပ်အဖြစ်နှင့် စာရေးဆရာအသင်းကို အခွင့်အရေးပေးကောင်းမှန်းသိ၍ ကျွန်တော်တို့တတွေ မန္တလာတစ်ခေါက်၊ မြစ်ကြီးနားတစ်ခေါက် ရောက်ခဲ့ရပါပေသည်။ ကျေးဇူးတင်ပါ၏။ နောက်နောင်လည်း မျှော်လင့်လျက် ရှမ်းပြည်ပို့စမ်းပါဗျာ တစ်ခါမှ မရောက်ဖူးသေးလို့။

ကျွန်တော် မြစ်ကြီးနားမှ ပြန်ရောက်လာသောအခါတွင် ကျွန်တော်၏ဉာဏ်စိတ်ကူးတို့ ဖူးပွင့်ရာ ရှမဝဥယျာဉ်၏မာလီဖြစ်သူ ဦးကျော်သည် ကျွန်တော့်အား မြစ်ကြီးနားမှ မျိုးစေ့ပါခဲ့သော မနောရောင် မြိုင်ယံပန်းကို သူ့ဥယျာဉ်ခန်းတွင် ဆင်မြန်းပေးရန် တောင်းပန်ရှာလေသည်။ (တယ်... ကြီးကျယ်လိုက်တာလို့ မဆိုပါနဲ့ဦးကျော်ရာ တစ်ခါတလေ ကြွားစမ်းပါရစေ)

အမှန်ကိုဆိုရသော်ကား ကျွန်တော်သည် ဤမာလီငယ် မောင်ကျော်က တောင်းခံမှသာ မဟုတ်ပေဘဲ၊ ဝန်ကြီးချုပ်၏ကျေးဇူးကြောင့် စင်စစ်နိုင်ငံတော်၏ ငွေဖြင့်သွားလာရခြင်းဖြစ်၍ ကျွန်တော့်မှာ နိုင်ငံတော်၏ကျေးဇူးကို ပြန်လည်ပေးဆပ်ရန် တာဝန်ရှိနေပါသည်။ ထို့ကြောင့် ကျွန်တော်တတ်သမျှ မှတ်သမျှကို စာတစ်ပုဒ်လုပ်၍ ရေးလိုက်ရပါ၏။

* * *

၁၉၅၁ ခု၊ ဇန်နဝါရီလ ၅ ရက်နေ့ ညနေ။ ဝန်ကြီးချုပ်၏ဂေဟာ၌ ဝန်ကြီးချုပ်၏လက်ဖက်ရည်ပွဲအပြီးအားလုံး လူတွေအထတွင် ကျွန်တော်သည် သခင်နုအနီးသို့

mgyoe.com

 mgyoe.com 

ချဉ်းကပ်၍ ကျွန်တော်တို့စာရေးဆရာတွေကို မြစ်ကြီးနားမနောပွဲသို့ ခေါ်ငင်ရန် ပူဆာလိုက်သည်။ ကနဦးကပင် သူစိတ်ကူးရှိဟန်တူသည်။ ချက်ချင်းပင် အတွင်းဝန် ဦးသန့်ကို ခေါ်ငင် စီမံစေ၍ နောက်တစ်နေ့ ၁၁ နာရီလောက်တွင် ရွှေမန်း ရွှေဂုန် ကလောင်ရှင်တွေအတွက် နှစ်ဆယ့်ခြောက်ယောက်နိုင်၊ 'ဒါကိုတာ' လေယာဉ်ကြီးတစ်စင်းရကြောင်း၊ ပြန်ကြားရေးဌာနမှ ထုတ်ပြန်လိုက်သောအခါ၌ ကျွန်တော်ဝမ်းသာလိုက်ပုံကား...

ကျွန်တော်မြစ်ကြီးနားသို့ မရောက်ဖူး၍ မဟုတ်ပါ လပိုင်းမျှ နေပင်နေခဲ့ဖူးပါ၏။ မနောပွဲကို မတက်ဖူး၍ မဟုတ်ပါ။ ၄၇ ခုနှစ်တွင်ကပင် ကခဲ့ဖူးပါ၏။ သို့ရာတွင် ဤစဉ်ကမူ ၎င်းအရပ်ဒေသက ပစ္စည်းတွေကို ငါဘယ်နည်းနဲ့ ဈေးချောင်ချောင်ရပါ့မလဲ။ ငါ... အောက်ကတင်ခဲ့တဲ့ ကုန်တွေကို ဘယ်လိုပုံဈေးကြီးကြီးရအောင် ရောင်းရပါ့မလဲဟူသော ကုန်သည်စိတ်နှင့်ဖြစ်၍ ယခုမူ စာရေးဆရာ၏နှလုံးသားဖြင့်သာ သွားလိုခြင်း ဖြစ်ပါသည်။

ကျွန်တော်ကား ကုန်ရှုံးကြွေးတင်၊ လိုအင်မရ၍ လေးရာ့ခြောက်နှင့် ပြေးနေရာမှ စာရေးဆရာဘဝရောက်ခဲ့သူ ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ်တွင် မင်းကွန်းတစ်ဖက်ကမ်း နန်းတော်ကျွန်းရွာ၌ ခိုအောင်းကာ စိတ်ညစ်ညစ်နှင့် ဟာသဝတ္ထုတွေရေး၍ စာပေနယ်ဝင်ခဲ့သူဖြစ်ပါသည်။

ဟော... အခု တျွန်တော် ကုန်သည်ဘဝနှင့် ကျင်လည်ခဲ့သော ဤမြစ်ညာဒေသသို့ စာရေးဆရာအဖြစ်နှင့် သွားရတော့မည်။ မြစ်ကြီးနားမြို့သည် ကျွန်တော်၏ဇာတိဒေသနှင့် ခရီးစဉ်အရ မိုင်ပေါင်းရှစ်ရာကျော်ဝေး၍ ကျွန်တော်ကုန်ရင်းပြုတ်ပြီး နောက်ဆုံး ထွက်ခွာလာရကတည်းက နောက်ထပ်ရောက်ရန်ဖြင့် ခဲယဉ်းလှပြီထားသော ဒေသဖြစ်ပါသည်။ ၁၉၄၇ ခု၊ ဇန်နဝါရီလ ၃ ရက်နေ့ နံနက်ခင်း နှင်းငွေ့တွေ ဝေဝေရီနေခိုက် 'ကြေးတွေသိမ်း၊ ပိုင်ရှင်ဖမ်း' ဟူသော အစိုးရ၏ရုတ်တရက် အမိန့်ကြောင့် ကျွန်တော် ၏တစ်သောင်းကျော်တန်ကြေးတွေ တစ်မိနစ်အတွင်း ဆုံးရှုံးရပြီဖြစ်၍ (ချစ်ပန်းနှစ်ခိုင်ဝတ္ထုတွင် ဖော်ပြခဲ့ဖူးပါသည်) ကျွန်တော်စိတ်ညစ်နေသည့်မြေရာ၊ မြစ်ကြီးနားဘူတာ ရှေ့ပလက်ဖောင်းပေါ်ကို ခဏကလေးမျှ မတ်တတ်ရပ်၍ ကြည့်လိုက်စမ်းချင်ပါဘိသည်။ ကျွန်တော်အဖော်တစ်သိုက်နှင့် ကြေးလိုက်ခဲ့သော လမ်းကြိုလမ်းကြားတွေကို လျှောက်သွားလိုက်ချင်စမ်းပါဘိသည်။ ကြေး သို့မဟုတ် ရွှေမှုန့် (ကျင်ရွှေ) တွေကို ကျွန်တော်တို့က မတရားသက်သက်အမဲဖျက်သလို ပက်ပက်စက်စက်ဈေးနှင့် မရရအောင် အတင်းဈေး နှိမ့်ဝယ်လိုက်သော ယောယင်တောတွင်းသားတွေကိုတွေ့တွေ့ကြည့်ကာ "ကျွန်တော် မိုက်ခဲ့မိပါတယ်ဗျာ" ဟု ပြောလိုက်ချင်စမ်းပါဘိသည်။

* * *

mgyoe.com

mgyoe.com

ကျွန်တော့်တွင် စာရေးဆရာဘဝ၌၊ အချို့စာရေးဆရာများနည်းတူ၊ လူချင်း မတွေ့ဖူးပါဘဲလျက် စာပေးစာယူဖြင့် အလွန်ခင်မင်ကြသော ကလောင်မိတ်ဆွေများရှိပေရာ ကျွန်တော်သည် မြစ်ကြီးနားသို့သွားရန် သေချာသောအခါ၌ မှတ်စုစာအုပ်ကို ဖွင့်၍ မြစ်ကြီးနားရှိ၊ ကလောင်မိတ်ဆွေနှစ်ယောက်၏လိပ်စာတွေကို ကြည့်လိုက်သည်။

ပထမ မောင်ထွန်းခိုင်၊ ကောင်းဖတ် အရက်ကုမ္ပဏီ မြစ်ကြီးနားမြို့။

နောက်တစ်ယောက်ကား... မိန်းကလေးဖြစ်နေ၍ သူ၏လိပ်စာကို ဖော်ပြ၍ သင့်လျော်မည်မထင်ပါ။

မောင်ထွန်းခိုင်သည် ကျွန်တော့်အား စာရေးဆရာအစ်ကိုကြီးဟုခေါ်၍၊ မိန်းကလေးကမူ အစ်ကိုလေးဟု ခေါ်ပါသည်။

ကျွန်တော်တို့စတင်ခင်မင်ကြသည်မှာ (မိန်းကလေးက ဦးသည်) တစ်နှစ်ကျော်ပြီးဖြစ်၍၊ လူချင်းမတွေ့ဖူးသေးသော်လည်း ဓာတ်ပုံချင်းလဲလှယ်ထားကြသည်။

မောင်ထွန်းခိုင်မှာ တရုတ်ကပြားဖြစ်၍ သူ့မိခင်နှင့် ယောက်ဖအစုငွေပါသော အရက်ဆိုင်တွင် စာရေးလုပ်နေရကား၊ ကျွန်တော့်အား ကျွန်တော့်ဝတ္ထုများတွင် ကျွန်တော့်ကိုယ်ကျွန်တော် အရက်သမားဖြစ်အောင် ရေးသားထားသည်နှင့် သူတို့အိမ်သို့လာနေပြီး အရက်ကို သဘောရှိသောက်နေရန် ဖိတ်မန္တကပြုခဲ့ပါသည်။ တစ်ခါတစ်ရံ၌ သူ့ချစ်သူအကြောင်းနှင့်ပတ်သက်၍ ကျွန်တော့်ကို တိုင်ပင်လေ့ရှိပါသည်။

ကျွန်တော့်ချစ်ဆွေမကလေး မမြရီကတော့ (နာမည်တစ်ဝက်ပြောင်းထားသည်) တစ်ခါက သူရေးလိုက်သောစာတွင်...

"ဘာလဲ အစ်ကိုလေးရဲ့ 'အခုတလောအရီ့မှာ အိမ်ထောင်မှုတာဝန်တွေများနေလို့ အစ်ကိုလေးစာကို အပြန်နောက်ကျတာပါ' ဆိုတာနဲ့ အစ်ကိုလေးက 'ဩ... ငါ့နှမ အပျို မှတ်နေပါတယ် အခုတော့ ငါ့မှာယောက်ဖတွေဘာတွေနဲ့ကိုး" တဲ့ အင်း... ထင်သားပဲ ဒီလိုရေးလိုက်မိကတည်းက ဒီလိုတွေးလိမ့်မယ်ဆိုတာ။ ဒီမှာအစ်ကိုလေးရဲ့ အိမ်ထောင်မှုတာဝန်ပြုရတယ်ဆိုတာနဲ့ အိမ်ထောင်ရှင်ဖြစ်ရရောလား၊ အရီတို့မှ . မောင်နှမ ၅ ယောက်ရှိတဲ့အနက် အစ်ကိုတစ်ယောက်ကလွဲပြီး အရီက အကြီးဆုံးဖြစ်တော့ မေမေ နေမကောင်းခိုက်မှာ အိမ်ထောင်မှုတာဝန်ပြုရတယ် ပြောတာပါ အစ်ကိုလေးရဲ့... အထင်တော် မလွဲလိုက်ပါနဲ့ အရီအသက်က အခုမှဆယ့်ရှစ်နှစ်ရှိသေးတယ်၊ ရည်းစားတောင် မထားဖူးသေးဘူး။ ထားဖို့လည်း စိတ်မကူးပါဘူး။ ဘာလဲ... အစ်ကိုလေးက ယောက်ဖ လိုချင်နေလို့လား။ ယောက်ဖလိုချင်ရင် အစ်ကိုလေးလူ အစ်ကိုလေးရှာပြီး ရန်ကုန်ကနေ ပါဆယ်နဲ့ပို့လိုက်။ ဒါမှမဟုတ်ရင် အစ်ကိုလေး မြစ်ကြီးနားလာတော့ ခေါ်ခဲ့"

(ကျွန်တော်သည် အမြို့မြို့ရှိ ကလောင်မိတ်ဆွေများကို တစ်နေ့နေ့လာခဲ့မည် ကျွေးဖို့ ပြင်ထားပေရော့ဟု ရေးလေ့ရှိပါသည်။)

ကျွန်တော်သည် မြစ်ကြီးနား မလာမီ တစ်နေ့၌ ဤစာနှင့် သူ့ဓာတ်ပုံကလေးကို ကျွန်တော်နှင့်အတူ မြစ်ကြီးနားလိုက်မည်ဖြစ်သော ကိုမင်းရှင်ကိုပြမိရာ

"အလဲ... အချောကလေးပဲဗျ။ အဟဲဟဲ... ကျွန်တော့်ကိုပဲ ခင်ဗျား ယောက်ဖ လုပ်ခေါ်သွားတာပေါ့ဗျာ" ဟု ဆိုလေသည်။ ကျွန်တော်ကပြုံး၍

"ခင်ဗျား... ကမ္ဘာဇ သဇင်တော့ ကျွန်တော်ပေးမှာလားလို့..."

* * *

ဇန်နဝါရီလ ၉ ရက်နေ့ နံနက် ၇ နာရီခွဲအချိန်တွင် ကျွန်တော်တို့ ဒါကိုတာ လေယာဉ်ပျံကြီးသည် မင်္ဂလာဒုံမြေပြင်မှ ဝေဟင်သို့ပြေးတက်လိုက်သည်။ ပန်ကာကြီး အသံကုန်မြည်ဟီးလျက် လေထုကို လိမ်ရစ်သွားခြင်း ဖြစ်သည်။ ကျွန်တော်တို့မျက်စိ အောက်က လယ်ခွက်တို့သည် တစ်စတစ်စ ငယ်၍ငယ်၍လာကြသည်။ တဖြည်းဖြည်း နှင့် ရွှေရောင်မြရောင်ဖျာချပ်တွေဖြစ်လာကြသည်။ နောက်ဆုံးလေယာဉ်ပျံက အတက် ရပ်၍ အနေတော်ပျံနေသောအခါ၌ကား ရွှေအုတ်ချပ် မြအုတ်ချပ်ကလေးများ ဖြစ်သွား ကြတော့သည်။ ချောင်းငယ်မြောင်းငယ်တို့ကို ကြည့်ရလျှင် မြနှင့်ရွှေ ဂဟေဆက်ထား သည့်တို့အကြား၊ မျဉ်းသားထားသည်နှင့်တူသည်။ အင်းကြီး အိုင်ကြီးတို့ကား ငွေပြားကြီး များ ဖြစ်ကြကုန်၏။

လေယာဉ်ပျံသည် စီးရသူအဖို့၌အောက်က မြင်ရသလိုမြန်သည်ဟု မထင်ရချေ။

ယခုကျွန်တော်တို့သည် ရွှေစင်မြသား ငွေပွားခတ်သည့် ကမ္ဘလာပေါ်တွင် တရွေ့ ရွေ့ ရွေ့လျားနေကြသည်။ တစ်ချက်တစ်ချက်၌ ငွမ်းမွှာငွမ်းစုတိမ်ဖြူနုတို့က ကျွန်တော် တို့မျက်စိအောက်သို့ အထွေးလိုက်အထွေးလိုက် ရောက်လာတတ်ကြသည်။ အချို့က နံဘေးမှနေ၍ ကျွန်တော်တို့ကိုနှုတ်ဆက်ကြသည်။ ကျွန်တော်သည် သူတို့အကြားထဲသို့ ဝင်သွားပြီး လောကကြီးနှင့်တူတူပုန်းနေချင်သည်။ မေ့တစ်ယောက်ကိုတော့ ခေါ်ထားချင် သည်။ လိုက်မှာလားမေရယ်...

"ဟော... အဲဟိုဟာ... ပဲခူးရိုးမပေါ့"

ရန်ကုန်မှ ထွက်လာ၍ နာရီဝက်မျှအကြာတွင် တစ်ယောက်သောသူက လေယာဉ် ပျံ ဘယ်ဘက်တောင်ပံကိုကြို၍ လက်ညှိုးထိုးကာ ပြလိုက်သည်။

ဟုတ်ပါ၏၊ သစ်ပင်တို့ပင် နိမ့်မြင့်စီလျှင်မြန်ရသည်။ အောက်ဗမာပြည်တွင်

မြန့်ရွှေသီးတို့ ဖန်တီးဖို့ရာ မိုးရေကို ပေးတဲ့တောင်၊ ကျွန်းသစ်တွေ ထွက်ဖို့ရာ နေသား တကျရှိတဲ့တောင်။

ကောင်းကင်ယံက ကြည့်ရသည်၌ ကျွန်တော်တို့ မြန်မာပြည်သည် ပို၍ချစ်စရာ ကောင်းသည်။ မြကွက်ရွှေပြင် ငွေမင်ကြောင်းနှင့် စိမ်းမောင်းမောင်းတောင်တန်းတွေ။

လူနေနှင့် မြေရာစာလျှင် လူနေကနည်းလှသေးသည်။ ကျွန်တော်တို့မြန်မာပြည် သည် အေးအေးချမ်းချမ်းနှင့် တကယ့်အမြင့်မှန် နည်းလမ်းအရ စည်းကမ်းကျနစွာ တိုးတက် ခဲ့ပါလျှင် ယခုလူဦးရေ ၁၇ သန်းခွဲကို မဆိုထားနှင့် သန်းငါးဆယ်ကျော်ပင် ချမ်းသာစွာ နေနိုင်လိမ့်မည်ဟု ကျွန်တော် တွက်ကိန်းချလိုက်မိ၏။

အသီးအနှံစိုက်ဖို့ မြေရာတွေ၊ သစ်ဝါးခုတ်ယူဖို့ တောတောင်တွေ၊ တိရစ္ဆာန် မွေးမြူဖို့ကုန်းမြင့်လွင်ပြင်တွေ မြေတွင်းရတနာတူးဖို့နေရာတွေ...

ဟော... မိုးကုတ်မြို့ကို ကြည့်လိုက်စမ်းပါ။

ကျွန်တော်တို့လေယာဉ်ပျံသည် ၉ နာရီခွဲအချိန်တွင် ရွှေမန်းချမ်းမြသာစည် လေယာဉ်ပျံကွင်းရောက်၍ ရွှေမန်းကလောင်ရှင်တွေ တင်ရင်းနာရီဝက်မျှ နားပြီး ဆယ်နာရီ ၌ ခရီးဆက်ခဲ့ရာ ၁၁ နာရီတွင် တောင်ကမ်းပါးယံ အင်းလျားကြီး၏နံဘေး၌ အိမ်ခြေ တည်ထားသော မိုးကုတ်မြို့ကို မြင်ရလေသည်။

ဗမာပြည်က ပတ္တမြားထွက်တဲ့မြို့။

ဟင်... အခုတော့ ခွေးမသားတွေ အနှစ်ငါးဆယ်ကျော်ထုတ်ယူသွားလို့ တို့ပြည် တို့ပြန်ရမှ များများမှ ကျန်ပါတော့မလား။

“အို... မြေတွင်းပစ္စည်းအတွက်တော့ ဗမာပြည်မှာ မပူစမ်းပါနဲ့ဗျာ...”

ကျွန်တော်၏စိတ်သည် ယခုပေခုနစ်ထောင်ကျော်အမြင့်မှနေ၍ မိုးကုတ်မြို့ကို ငုံ့ကြည့်နေရာမှ ၁၉၄၆ ခု၊ ဒီဇင်ဘာလ ၂၇ ရက်နေ့၊ မွန်းတည့်အချိန်ခန့်၊ မိုးကောင်းမြို့ ဘုတာအနောက်တည့်တည့်လမ်း၊ မလှမ်းမကမ်းရှိ ဦးစောနောင်၏အိမ်ပေါ်ထပ်သို့ ရောက်သွားကာ ဦးစောနောင်၏စကားကို ပြန်လည်ကြားယောင်လိုက်ခြင်း ဖြစ်ပါသည်။

“မြေတွင်းပစ္စည်းတော့ ကျုပ်တို့ဆီမှာ ပေါလှပါဘိဗျာ။ ခင်ဗျား ရွှေထွက်တဲ့နေရာ လိုချင်သလား။ ရေနံထွက်တဲ့နေရာရချင်သလား၊ ကျောက်မီးသွေး ထွက်မယ့် မြေရာ ကြည့်ချင်သလား၊ ကျွန်တော် အခုလိုက်ပြနိုင်တယ်။ အခု ကျုပ်တို့နယ်က လူတွေက အရင်တွေ့ထားတဲ့ ကျောက်စိမ်းတွင်းမြေရာကိုသာ တူးနေကြသေးတာ သည့်ပြင်နေရာတွေ မချဲ့ထွင်ကြသေးဘူး...”

ဦးစောနောင်မှာ မိုးကောင်းနယ်မှ စော်ဘွားမျိုးဖြစ်ပါသည်။ ကျွန်တော်တို့

သိကျွမ်းရသည်မှာ မိုးကောင်းကျောက်တွင်းနယ် စော်ဘွားလ,မောင်း စောတောင်မှတစ်ဆင့် ဖြစ်ပါသည်။ ယခုကျွန်တော်တို့နှင့်စကားပြောနေချိန်၌ လ,မောင်းစောတောင်သည် ကျွန်တော်တို့နှင့်အတူ ထိုင်လျက်ရှိပါသည်။ သို့သော် သူသည် ကျွန်တော်တို့ ပြောစကားတွေကို ဘာမျှမကြားပါ။ အကြောင်းမှာ သူသည် နားအလွန်ထိုင်းရုံမက အသံပါဆွံ့နေသောကြောင့် သူနှင့်စကားပြောလိုလျှင် သူ့တွင် အသင့်ပါလာသော ကျောက်သင်ပုန်းကွဲကလေးနှင့် ကျောက်တံကို အသုံးပြုရသည်။ မြန်မာစာ ကောင်းကောင်းတတ်၏။ တော်လှန်ရေးတွင် ရင်အုံကိုသေနတ်ထိခံရ၍ ဤသို့ဆွံ့ထိုင်းသွားသည်ဟု သိရပါသည်။ သူသည် ဂျပန်ကို တော်လှန်စဉ်၌ မိုးကောင်း ရှမ်းနယ်အတွက် ဗိုလ်ချုပ်အောင်ဆန်း၏လက်ရုံးတစ်ဆူဖြစ်ခဲ့ကြောင်း မြန်မာစစ်ဗိုလ်တစ်ယောက် ပြောပြဖူးပါသည်။ လ,မောင်းစောတောင်သည် ရှေးမြန်မာဘုရင်လက်ထက်ကပင် ဘုရင်အသိ အမှတ်ပြုသော စော်ဘွားမျိုးမှ ဆင်းသက်လာခဲ့ကြောင်း၊ သူ့ရင်ဘတ်တွင် ဆွဲထားသည့် ငွေတံဆိပ်တော်က သက်သေခံလျက်ရှိလေသည်။

လ,မောင်းစောတောင်သည် ကျွန်တော်နှင့်မိတ်ဆွေဖြစ်ရသည်မှာ မြစ်ကြီးနားမြို့တွင် အမျိုးသမီးခေါင်းဆောင် မသန်းရီနှင့် ဗိုလ်မြင့်က ကျေးဇူးပြု၍ဖြစ်ပါသည်။ ထိုစဉ်၌ ကျွန်တော်သည် ကုန်သည်ဘဝနှင့်စီးပွားရေးရှူး ရှူးနေသည်ဖြစ်၍ မိုးကောင်းကျောက်တွင်းနယ်ပယ်၌ တွင်ကျယ်နိုင်ရန် လ,မောင်းစောတောင်ကို ပေါင်းသင်းခြင်းဖြစ်သည်။ သို့ရာတွင် သူနှင့်စကားပြောရသည်မှာ သူ့ကျောက်သင်ပုန်းကွဲကလေးကို တစ်ယောက်တလဲ ရေးလိုက်ဖျက်လိုက်နှင့် အားမရနိုင်စရာ၊ သူလည်း ဤအခြေကိုသိသောကြောင့် ကျွန်တော့်ကို မြစ်ကြီးနားမှ မိုးကောင်းမြို့ပေါ်သို့ခေါ်လာခဲ့ပြီး ဦးစောနောင်အား သူ့ကိုယ်စား စကားပြောစေခြင်းဖြစ်ပါတော့၏။

“ခင်ဗျားသာ... ငွေရင်းကြေးရင်းနဲ့... ဒီအလုပ်လုပ်မယ်ဆိုရင် ကျုပ်တို့မြေရာကို ပေးမယ်” ဦးစောနောင်က စကားဆက်သည် “အလုပ်သမားရဖို့ဆိုတာလည်း ကျုပ်တို့တာဝန်ထား....”

“စစချင်းငွေဘယ်လောက်လိုမယ် ထင်သလဲ”

ထိုစဉ်၌ လက်ထဲတွင် ငွေတစ်သောင်းကျော်ရှိနေသော ကျွန်တော်က မေးလိုက်၏။

“ဟာ... ဒါကတော့... နည်းနည်းနဲ့လည်း ဖြစ်တယ်၊ များများလည်း ဖြစ်တယ်၊ အလုပ်သဘောက ဒီလိုလေ ဥပမာဆိုပါတော့ ခင်ဗျား အလုပ်သမားဆယ်ယောက်တွဲတစ်ဆိုင်းငှားမယ်၊ သို့မဟုတ် နှစ်ဆိုင်းငှားမယ်ဆိုရင် ဒီအလုပ်သမားတွေ စားဖို့ ခင်ဗျား

ဆန်ဆီ ငါးပိ ငါးခြောက် ဝယ်ပေးထားရမယ်။ သူတို့က ခင်ဗျားပို့ထားတဲ့နေရာမှာ၊ နေ့စဉ်တူးလိမ့်မယ်။ ကျောက်ရတဲ့အခါမှာ ခင်ဗျားနဲ့သူတို့ရတဲ့အဆိုင်းနဲ့ တစ်ယောက်တစ်ဝက်၊ ခင်ဗျားကံကောင်းမယ်ဆိုရင် ကျောက်ကောင်းများရလို့ တစ်လအတွင်း ခင်ဗျားသူဌေးဖြစ်နိုင်တယ်။ နို့မဟုတ်ရင်လည်း ခင်ဗျားအလုပ်သမားတွေတူးတဲ့နေရာမှာ ဘာကျောက်မှမရလို့ ခင်ဗျား သူတို့စားစရိတ်ရှုံးလိမ့်မယ်၊ သို့သော် ကျုပ်တို့ရွေးပေမဲ့ နေရာဆိုရင် သူဌေးဖြစ်ကျောက်မရသည်တိုင်အောင် အလုပ်သမား စားစရိတ်ကျေမယ့်ကျောက်မျိုးတော့ ရရမယ်ဗျာ"

ဦးစောနောင်က အာမခံရဲလိုက်ပါသည်။

"လူဆယ်ယောက်တွဲအဆိုင်းဆိုရင် တစ်လ ဘယ်လောက်လောက် ကုန်မယ်ထင်သလဲ"

ကျွန်တော်က မေးလိုက်ပါသည်။

"ဟာ... မများပါဘူး လေးငါးရာဆိုရင် ဖြစ်ပါတယ် အလွန်ဆုံးငါးရာပါပဲ အခုနယ် ကျုပ်တို့ဆီမှာ အဲလိုငွေပင်ငွေရင်းစိုက်နိုင်တဲ့ လူနည်းနေလို့ အလုပ်သမားတွေပေါ်နေပါတယ်ဗျာ ခင်ဗျား... အဲ့လိုကျောက်တွင်း တစ်ဆိုင်းနှစ်ဆိုင်းက စချင်စ ဒါမှမဟုတ် လူတစ်ရာလောက် ကိုင်နိုင်မယ်ဆိုရင် ရွှေရမယ့်နေရာကို စွန့်စေချင်တယ်ဗျာ"

"ရွှေတူးဖို့နေရာက ဘာလို့ ဒီလောက်လူများများ လိုတာလဲ"

"အို... ဒီနေရာက လူသူအရောက်အပေါက် ဝေးလေတော့ ဟိုမှာလူစုလူအုပ်နဲ့ ရွာသစ်ကျေးသစ်တည်ပြီးလုပ်ရလိမ့်မယ်ဗျ၊ တစ်လငါးထောင်လောက် သုံးနိုင်ရလိမ့်မယ်"

"ဘယ်နှလလောက်များ အရင်းတည်နေရာမှာပါလိမ့်"

"မြေတွင်းရတနာ ရှာတယ်ဆိုတာ အချိန်ကိုတော့ မပြောနိုင်ဘူးပဗျာ တစ်လနဲ့တွေ့ချင်တွေ့မယ်နှစ်လကြာမှ တွေ့ချင်တွေ့မယ် တစ်နှစ်ကြာချင်ကြာမယ်။ အဲ... ခင်ဗျားအစရလိုက်ပြီဆိုရင်တော့ နောက်ထပ်လူတိုးချဲ့ပြီး တစ်စတစ်စနဲ့ အဲ့သည်နေရာမှာ မြို့ကြီးတစ်မြို့ဖြစ်လေရဲ့"

ထိုသို့ ဦးစောနောင်က ပြောနေစဉ်၌ ကျွန်တော့်မျက်စိတို့သည် ရီဝေမှုန်မှေးကာ၊ မိမိကိုယ်မိမိ ရွှေတွင်းသူဌေးကြီးဟူသော ဘွဲ့ထူးကိုခံယူရုံသာမက အထက်ဗမာပြည်တွင် ပတ္တမြားထွက်သော "မိုးကုတ်" မြို့၊ ကျောက်စိမ်းထွက်သော 'မိုးကောင်း' မြို့တို့နှင့် အပြိုင်ရွှေထွက်သော 'မိုးတိမ်တောင်' မြို့ကြီးကို တည်ဆောက်လျက် ရှိလေသည်။ (ကျွန်တော်သည် သော်တာဆွေ နာမည်မခံယူမီ၌ 'မိုးတိမ်တောင်' ဟူသော ကလောင်နာမည်ကိုယူရန် စိတ်စွဲလမ်းခဲ့ကြောင်း မိတ်ဆွေသိပြီဖြစ်ကောင်း ဖြစ်လိမ့်မည်) ကျွန်တော့်

နာမည်ကိုမှည့်ထားတဲ့မြို့လို့ ဆိုလိုသပဗျာ။ မလွန်လွန်းဘူးလား။ သို့သော်ကျွန်တော် ကဲ့သို့ စိတ်ကူးလွန်တတ်သူဖြစ်ပါမူ အံ့သြလိမ့်မည်မဟုတ်ချေ။ ထိုစဉ်၌ ကျွန်တော့်မှာ လက်ထဲငွေရင်းလည်းရှိသည်။ အလုပ်ပြလျှင် လူယုံငွေယုံနှင့် ငွေထုတ်ချေးမည်သူလည်း ရှိသည်။ ကျွန်တော်စိတ်ကူးသည်မှာ ပထမ၌ မိမိလက်ရှိ ငွေနှင့်ပင် လူဆယ်ယောက်တွဲ ၅ ဆိုင်းလောက်ငှား၍ ကျောက်စိမ်းတွင်းကစမည်။ အောင်မြင်သောအခါ၌ ငွေအား လူအားနှင့် မိုးတိမ်တောင် ရွှေမြို့တော်ကြီးကို တည်လိမ့်မည်တည်း။

"ကဲ... ဦးစောနောင်... ခင်ဗျားပြောတာတွေ သဘောပေါက်ပြီဗျို့... အခု... ကျွန်တော်လုပ်နေတဲ့ ကြေးအလုပ်ကို စခန်းသိမ်းပြီး ခင်ဗျားဆီကိုလာခဲ့မယ်ဗျာ... မကြာ ဘူးဗျို့ နှစ်ပတ်အတွင်းပဲ"

သို့သော် ဤစကားကိုပြောခဲ့သည်မှာ ဒီဇင်ဘာလ ၂၇ ရက်နေ့ဖြစ်၍ ထိုမှလွန်၍ ခုနစ်ရက်မြောက်သော ဇန်နဝါရီလ ၃ ရက်နေ့ နံနက်ခင်း နှင်းငွေ့တွေ ဝေဝေရီနေခိုက်၊ ကျွန်တော်၏ရှိသမျှ ငွေရင်းနှင့်ဝယ်ထားသော ကြေးတွေ ရုတ်တရက်ချက်ချင်း တစ်မိနစ် အတွင်း ဆုံးရှုံးရကြောင်း ဖော်ပြခဲ့ပြီးပါပြီ။

မိုးကောင်းမြို့ ဦးစောနောင်ဆီသို့ ကျွန်တော် နောက်ထပ် မရောက်ရတော့ပါချေ။

ဤရှေးဖြစ်ဟောင်းကို တွေးရာမှ ကျွန်တော်သည် ကြီးစွာသော သက်ပြင်းကြီးကို ချလိုက်၏။

"ဟော့... ကိုဆွေ... သက်ပြင်းကြီးချလှချည်လား"

လေယာဉ်ပျံပေါ်တွင် ကျွန်တော်နှင့်တစ်ခုတည်း အတူနှစ်ယောက်ယှဉ်စီးလာသော ကိုမင်းရှင်သည် ကျွန်တော့်ပေါင်ကို ပုတ်လိုက်ကာ "ရွှေမျက်နှာတော်လည်း အိုလို့ ဘာလို့လဲ ဗျ... မိုးကုတ်မြို့မြင်ရတော့ ခင်ဗျာ့မိုးကုတ်သူကို လွမ်းလို့လား"

"ကျုပ်မလွမ်းတတ်ပေါင်ဗျာ"

"ဒါဖြင့်... ဘာဖြစ်လို့လဲ၊ မြစ်ကြီးနားရောက်တော့ ခင်ဗျာ့ မတွေ့ဖူးသေးတဲ့ ညီမလေး ကျွန်တော့်ပေးရမှာစိုးလို့လား"

ကိုမင်းရှင်က နောက်ပါသည်။

"မစိုးပေါင်ဗျာ၊ ခင်ဗျားကမ္ဘာဇသေဇင်နဲ့လဲလေ"

ကျွန်တော်၏စိတ်သည် ရုတ်တရက်ပြန်၍ ရွှင်လာသည်။ လေယာဉ်ပျံမှန်ပြတင်းမှ အောက်သို့ ငုံ့ကြည့်လိုက်၏။

ယခုကျွန်တော်တို့ မြင်ရသည်မှာ အောက်မြန်မာပြည်တုန်းကကဲ့သို့ ရွှေကွက် မြကွက်တို့ မဟုတ်တော့ စိမ်းမှောင်မှောင် တောင်ရိုး တောတန်းနှင့် နက်ရှိုင်းသောတောင်

mgyoe.com
ကြား တောင်ကွေ့တွေ၊ သည်မြေရာတွေ ဘာအသုံးကျပန့်၊ အို… သည်တောင်မောင်ဖြို လိုက်ရင် ဓာတ်သတ္တုရတနာတွေရချင်ရမှာပေါ့၊ ကဲ… ဒါမသေချာသေးတာထား၊ တကယ် သေချာတဲ့ဟာကဖြင့်။

ကျွန်တော်၏စိတ်ဝိညာဉ်သည် ပေ ၇၀၀၀ ကျော်မြင့်သောလေယာဉ်ပျံပေါ်မှ တောင်ကြားမြေပြန့်ဆီသို့ ဆင်းသွားလေပြီ။

“ဟေးလ်… ဟေးလ်”

ကျွန်တော်၏မြားကို နွားအုပ်ကြီး ပတ်ပတ်လည်စီးလျက်၊ ‘ဟေးလ်… ဟေးလ်”

အချိန်မှာ နေဝင်ရီသရောဖြစ်၍ ကျွန်တော်လုပ်ဖော်တစ်သိုက်နှင့် တစ်ထောင်ကျော်နွားအုပ်ကြီးတစ်ခုကို နွားခြံတွင်းသို့ မ,သွင်းလျက်ရှိလေသည်။

အကြောင်းမှာ ကျွန်တော်သည် ခါးနှင့်ကျောတွင် ဖြောက်တိုဖြောက်ရှည်တွေချိတ်ဆွဲထားသော ‘ကောင်းဘွိုင်’ ဖြစ်သွားပြီကိုးဗျ။

ဖြောက်တိုဖြောက်ရှည်တွေ ဆောင်ရတာကတော့ ယခု ကျွန်တော်တို့ဗမာပြည်မှာ ဟိုတုန်းက အမေရိကလို နွားခိုးတွေ သောင်းကျန်းလို့ မဟုတ်ပါဘူးဗျ၊ တစ်ခါတလေ နည်းနည်းပါးပါး ကျားရန်ကိုစိုးရိမ်ရတယ်၊ ဒါကြောင့်ပါ၊ မြေရာသစ်၊ နေရာသစ်၊ လူစနေတာ သိပ်မကြာသေးတော့ ဒီလိုပေါ့ဗျာ… ဒါပေမဲ့ ကျွန်တော်ကတော့ ကျားကို နည်းနည်းမှ မကြောက်ပါဘူး၊ ကျွန်တော်က အင်မတန် သေနတ်ပစ်ကောင်းတယ်ဗျ။ တလောကများ ကြည့်ပါလား၊ ကျောအလျားဆယ့်နှစ်တောင်နဲ့ ၅ လက်မခွဲတိတိရှိတဲ့ ကျားကြီးတစ်ကောင်၊ ကျွန်တော်နဲ့ ရုတ်တရက်ရင်ဆိုင်တွေ့တာ တစ်ခါတည်း ခါးက ဖြောက်နှစ်လက် ဆွဲဖြုတ်ပြီး၊ ကျားမျက်လုံးနှစ်ဖက်ကို တစ်ပြိုင်နက် ပစ်ထည့်လိုက်တာ တကတဲ ကျားကြီး မျက်စိကန်းပြီး ဘယ်ပြေးရမှန်းမသိ၊ ငုတ်တုပ်ကြီးထိုင်၊ အူကြောင်ကြောင်ဖြစ်နေတုန်း ဖြုန်းဆို ကျွန်တော်နောက်အသာသွားပြီး လက်နှစ်ချောင်းချုပ်၊ လက်ပြန်ကြိုးတုပ်ပြီး အရှင်ဖမ်းခဲ့တာပေါ့၊ အမယ်ငနဲကြီးက ကြိုးနဲ့တုပ်နေတုန်း ကျွန်တော်ကို ပြန်ကိုက်မယ်လုပ်လို့ နားရင်းနှစ်ချက်လား အုပ်ပစ်လိုက်ရသေးတယ်၊ အဲဒီအကြောင်း တိုင်းပြည်မှာ အကျော်ဒေးယျပေါ့။ သတင်းစာတွေထဲ ကျွန်တော့်ဓာတ်ပုံတွေပါလို့ “ကျားမျက်ကန်း သော်တာဆွေ၊ ကျားမျက်ကန်း သော်တာဆွေ” နဲ့၊ တကယ်ဆို ဦးနှောက်ပစ်ထည့်လိုက်ရင်လည်း တစ်ချက်တည်းနဲ့ သေမယ်ဆိုတာသိသားပေါ့၊ ဒါပေမဲ့ ကျွန်တော်က ဦးနှောက်ဖောက်ရတာတွေ ရိုးနေတာနဲ့ အတတ်ဆန်းလိုက်တာပါ၊ အဲဒါဗျာ သခင်နုက ရောက်လာတဲ့ပြီး သူ့အသက်ကြီး မသတ်ပါနဲ့ဆို… ယူသွားလေရဲ့၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းသွားထားမလို့တဲ့။ ခက်တယ် ဒီလူက ပုတီးသမားဗျ ကျားတောင် သနားနေပြန်တယ်။ ကဲလေ… သူများ
mgyoe.com

အတင်းတွေ နံဘေးထားပြီး ကျွန်တော့်အကြောင်း ကျွန်တော်ပြောပါတော့မယ်။

ယခုကျွန်တော်တို့တွင် နို့စားနွားမျိုးက တစ်ခြံ၊ ခိုင်နွားမျိုးကတစ်ခြံ၊ ခြံကြီးနှစ်ခြံ ရှိပါသည်။ နေ့အချိန်၌ အစာရေစာပေါများလှသော တောင်ကြား မြေပြန့်တွင် အုပ်လိုက် လွှတ်ထား၍ ညအချိန်၌ ကျားရန်မှ လွတ်ကင်းရန် ခြံတွင်းသို့ပြန်သွင်းရပါသည်။

ကျွန်တော်သည် နွားခြံပေါက်များကို သော့ခတ်ပြီး မြင်းပေါ်သို့ပြန်တက်၍ အိမ် ဆီသို့ လေချွန်ကာ ပြန်ခဲ့သည်။

"North of Burmar Up Hilly Way..."

South of Border... Down Mexico Way သီချင်းသွားအလိုက်ပေါ့ဗျာ။

အိမ်ဝင်းထဲသို့ရောက်လျှင် ဝရန်တာတွင် မှန်ကြည့်၍ နှုမ်းခမ်းနီသနေသော မေ့ကို ကြည့်လိုက်ကာ

"ဟေး... မေ... ဘယ်အချိန်က ပြန်ရောက်လာသလဲ..."

အကြောင်းမှာ မေသည် ယနေ့ နံနက်က ဆယ်မိုင်မျှဝေးသော 'မြို့သစ်ကြီး' ရှိ အစိုးရသမဝါယမတိုက်ကြီးသို့ နေ့စဉ်ပို့ထားသော နွားနို့ဖိုးများကို တစ်လအတွက် အစု လက်မှတ်စာရင်းတင်ရန်သွားခဲ့ပါသည်။

မေသည် နီထွေးသော နှုတ်ခမ်းကလေးကို ဖွင့်၍ ပုလဲသွယ်ကို ဖော်လိုက်ကာ

"သုံးနာရီလောက်ကပဲ ရောက်တယ် မောင်'

"အား... မေ့ကိုယ်က လေးလှပါလားကွာ၊ မြို့က ဘာတွေများစားခဲ့ပါလိမ့်"

အကြောင်းမှာ ကျွန်တော်သည် မေ့ကိုယ်ကလေးကို ဝရန်တာလက်ရန်းပေါ်မှ ကျော်၍ မြင်းပေါ်သို့ မ,ယူလိုက်ရင်း နောက်လိုက်ပါသည်။ မေသည် အပြုံးပန်းကို ရွှန်းရွှန်းကြီးပွင့်လိုက်ကာ

"နောက်... တစ်နေ့တခြား သည်ထက်လေးလာလိမ့်ဦးမယ် ဆရာ" ဟုဆိုပြီး ကျွန်တော့်နား နားသို့ တိုးတိုးကပ်လိုက်ပါသည်။

"ဟင်... ဟုတ်လား မောင်နဲ့အဖော်ရအောင် ယောကျ်ားလေးဖြစ်ပါစေဗျာ..."

"အမယ်... မေနဲ့ အိမ်မှာအဖော်ရဖို့ကော"

"ဒါဖြင့်.. ယောကျ်ားတစ်ယောက်၊ မိန်းကလေးတစ်ယောက် နှစ်ယောက်ပြူးမွေး ကွာ၊ မေ့ရင်ဘတ်မှာ တစ်နေ့တခြား အရောင်ပြောင်းနေတဲ့ မှဲ့ရှင် နှစ်လုံးရှိသားပဲ"

"ဟင်... မောင်ကလဲ" မေသည် ကျွန်တော့်ရင်အုံကို မနာမကျင်ကိုက်လိုက်ပြီး "ဒါထက် မောင် အခုတစ်လောဆိုရင် မေတို့ခြံထဲမှာခိုင်းနွားတွေ ဘယ်လောက်ရောင်းဖို့ ရှိသလဲ"

mgyoe.com

"ဘာလို့လဲ မေ... ငါးရာတော့ ကျော်လိမ့်မယ်"

"ဟင်... ဟန်ကျပြီ မောင်... အခု ဆယ်ရက်အတွင်းမှာ အောက်အရပ်က နွားဝယ်တွေ လာလိမ့်မယ်လို့ ပြောလိုက်တယ်။ ဒီနွားတွေရောင်းပြီးရင်တော့ မေ... 'မိုးတိမ်တောင်' မြို့သွားပြီး ရွှေတွေ ဝယ်ဦးမယ်"

"ရွှေ... ဘာလုပ်ဖို့လဲ မေရယ်၊ အခုလည်း မေ့မှာ ရွှေတွေ အများကြီးရှိသားပဲ"

"မေ ဝတ်ဖို့မဟုတ်ပါဘူး မောင်ရဲ့၊ ရွှေဒင်္ဂါးတွေစုပြီး အမေရိကန်ကို လေယာဉ်ပျံတစ်စင်းလောက် မှာလိုက်ချင်လို့ပါ"

"အို... လေယာဉ်ပျံကနေစမ်းပါဦး မေ၊ နိုင်ငံခြားကိုအားမပေးချင်စမ်းပါနဲ့၊ အခု ကိုယ်တို့ပြည်က လေယာဉ်ပျံအလုပ်ရုံတွေစနေပြီပဲ"

"ဟင်... စတယ်ဆိုတာလည်း ကြာလှပြီ... ဟိုလအောင်မြင်လိမ့် ဒီလအောင်မြင်လိမ့်နဲ့၊ အခု ၆ လပဲ ရှိသွားပြီ၊ မေတော့ မစောင့်နိုင်တော့ဘူး၊ နို့ပြီး ပထမစဖြစ်တဲ့ လေယာဉ်ပျံဆိုလည်း မေ... မစီးရဲဘူး မတော်တဆ အပေါ်ရောက်မှ ပျက်ကျရင်..."

"ဒါတော့မပူနဲ့ကွာ... ပထမဦးဆုံး ဗမာပြည်လုပ်လေယာဉ်ပျံဆိုရင် ဝန်ကြီးတွေ ဘာတွေက အရင်စီးမှာပါ"

"ဟင့်အင်း... ဟင့်အင်း... မောင် ဘာပြောပြော မေတော့ မစောင့်နိုင်တော့ဘူး"

"ကဲဗျာ... ဒါဖြင့် မေ့သဘော... မေ့သဘော"

ကျွန်တော်မှာ မယားအလိုကို နှစ်ခွန်းငြင်းတတ်သူ မဟုတ်ပါ။ ဤတွင်၌ မေကလေး ဝမ်းသာအားရဖြစ်သွားကာ

"ဒါမှ... မေ့လင်လင်ကွ" ဟုဆိုပြီး၊ မျက်နှာကို မော့၍ သူ၏နှင်းဆီပန်းလိုပွင့်နေသော နှုတ်ခမ်းနီတျာရဲကလေးကို နှင်းဆီငုံအဖြစ်သို့ ပြောင်းလဲပေးလိုက်သည်၌...

"ဟော့... ကိုဆွေ... ကိုဆွေ... ဘာအရူးထတာလဲဗျ..."

ကျွန်တော့်မျက်နှာကိုတွန်း၍ ကျွန်တော်နှင့်အတူထိုင်နေသော ကိုမင်းရှင်က အော်လိုက်သဖြင့် ကျွန်တော်မှာ ရတ်တရက်အိပ်ရာက လန့်နိုးလာသူကဲ့သို့ အူကြောင်ကြောင်နှင့်...

"ဟင်... ဟင်..."

တော်ပါသေး၏။ ကျွန်တော်တို့စာရေးဆရာအသင်းမှ လေးယောက်ပါသည့် အနက်၊ ဒဂုန်တာရာနှင့် အစ်မကြီး ဂျာနယ်ကျော်မမလေးက တစ်တွဲထိုင်ပေလို့။ အကယ်၍သာ ကိုမင်းရှင်နှင့် ဒဂုန်တာရာတွဲထိုင်နေမည်ဆိုပါလျှင်...

* * *

 mgyoe.com 

မွန်းယိမ်းလုလုအချိန်ဝယ် ကျွန်တော်တို့လေယာဉ်ပျံကြီးသည် မြစ်ကြီးနားမြေပြင်သို့ ဆင်းသက်လေသည်။

ကျွန်တော်သည် လာရောက်ကြိုဆိုကြသော လူအုပ်ထဲမှ ကျွန်တော့်ကလောင်မိတ်ဆွေ မောင်ထွန်းခိုင်နှင့် မမြရီလေးတို့ ပါလေမည်လားဟု လူငယ်ငယ်မျက်နှာတွေကို ကြည့်သည်။ သို့သော် ကျွန်တော်လာလိမ့်မည်ကို သူတို့ကြိုတင်သိထားမည်မဟုတ်သောကြောင့် တယ်ပြီးမျှော်လင့်ချက်မရှိပါ။ ယင်းသည့် အကြိုက်ဝယ် ကျွန်တော်နှင့်ရွယ်တူလူဖြူဖြူချောချောတစ်ယောက်သည် ကျွန်တော့်ရှေ့၌ မတ်တတ်ရပ်ကာ...

"ဒါ... ဦးသော်တာဆွေ မဟုတ်လား"

ထိုသူမှာ နက်ကတိုင်အကျႌ၊ ဘောင်းဘီရှည်နှင့်၊ တရုတ်ကပြားဟူ၍လည်း ထင်စရာ ရှိသည်၊ ထို့ကြောင့် ကျွန်တော်သည် သူ့မျက်နှာကို ဇဝေဇဝါ ကြည့်ပြီး...

"ဟွန်... ဟွန်... ဟုတ်ပါတယ်... ခင်ဗျားက"

မောင်ထွန်းခိုင်မဟုတ်လားဟု မေးတော့မည်အပြုတွင် ထိုသူက...

"ကျွန်တော့်နာမည်က မောင်ခင်ဦးပါ၊ မနေ့ကပဲ မန္တလေးခန့်ခန့်ကြီးဓာတ်ပုံတိုက်ခင်မကြီးက 'ရှင်... သူ့ဝတ္ထုတွေ အလွန်သဘောကျတဲ့ စာရေးဆရာသော်တာဆွေ ပါလာလိမ့်မယ်' လို့ လူကြုံစာပါးလိုက်တာနဲ့ ဓာတ်ပုံလည်း မြင်ဖူးနေတာနဲ့"

"သြော်... သြော" ဟုဆိုပြီး၊ ကျွန်တော်သည် ရုတ်တရက် သတိရ၍ အိတ်ထဲမှ ခင်မကြီး ချမ်းမြသာစည်လေယာဉ်ပျံကွင်းကဆီးပေးလိုက်သော Ko Khin Oo Asst: Supplies Officer, Myitkyina ဟု ရေးထားသည်စာအိတ်ကို ထုတ်ပြကာ၊

"ဒါ... ခင်ဗျာ့စာပဲမဟုတ်လား... အဆင်သင့်ပဲဗျာ၊ နို့မှုတ်... ကျွန်တော်က ခင်ဗျာ့လိုက်ရှာနေရဦးမှာ"

"အထူးရှာစရာ မလိုပါဘူးဗျာ... ကျွန်တော်က ဧည့်ခံကော်မတီထဲ ပါနေပါတယ်"

"သြော..."

"ကဲလာ... ကျွန်တော်ကားနဲ့ သွားကြမယ်... နောက်ပြီး... ဦးသော်တာဆွေ လျှောက်လည်ဖို့လည်း ကျွန်တော့်ကားကို ယူပါ"

ကိုခင်ဦးက စေတနာပြုပါသည်၊ ကျေးဇူးတင်ပါ၏။

မြစ်ကြီးနားလေယာဉ်ပျံကွင်းမှ မြို့နှင့်သုံးမိုင်ခွဲဝေးပါသည်။

ကျွန်တော်တို့တည်းအိမ်သို့ရောက်၍ နေသားတကျဖြစ်ပြီးသောအခါတွင် ကိုခင်ဦးကားနှင့်မြို့ထဲသို့ ထွက်ခဲ့ကြလေသည်။

ဤအခါ၌ ကျွန်တော့်လူတွဲမှာ၊ ငှတူတူ ငိုင်တိုင်တိုင်နေတတ်သော ဒဂုန်တာရာ

mgyoe.com

mgyoe.com
နှင့် ကိုမင်းရှင်တို့ မဟုတ်တော့ချေ။ မန္တလေးမှ မောင်ညွန့်အောင်၊ ကြည်မြ၊ ရဲဘော်နေအောင်စသော လူဆူလူပူတစ်စု။

"ကိုဆွေ ဘယ်သွားချင်သလဲဗျို့"

"ကောင်းဖတ် အရက်ဆိုင်"

"အလဲ... ဒို့အစ်ကိုက ဆိုင်နာမည်တောင် သိထားပြီးသား၊ ဒီလိုမှပေါ့..."

မောင်ညွန့်အောင်က... ထောမနာပြုလိုက်ရာ ကျွန်တော်မှာ နှုတ်ခမ်းကို တွန့်လိုက်မိပြီး။

"အရက်သောက်မလို့ မဟုတ်ပါဘူးကွဲ့ မိတ်ဆွေတစ်ယောက်သွားတွေ့မလို့ပါ"

"အရက်ဆိုင်က လူကို မိတ်ဆွေဖွဲ့ထားတာပဲ၊ ကိုယ့်သူငယ်ချင်းက ချစ်စရာကွဲ့"

ရဲဘော်နေအောင်က အရက်ငတ်သော မျက်နှာနှင့် ချီးမွမ်းလိုက်ပြန်ပါသည်။

အမှန်စင်စစ်လည်း မောင်ထွန်းခိုင်နှင့် တွေ့သောအခါတွင် သူတို့ဆန္ဒပြည့်ဝလိမ့်မည်ကို ကျွန်တော်ကြိုတင်မြော်မြင်ပြီးသား ဖြစ်ပါသည်။

သို့ရာတွင် သူတို့ခမျာမျာ (အဲ... ကျွန်တော်လည်းပေါ့လေ) သောက်ကံမထောက်သောက်ပေါက် ချော်ချင်တော့။

"မောင်တူးကိုင်လား... ဒီမစ်ကီးနားမှာ မိဆိဘူး၊ မိုးကန်းသွားနေတာ တော်လော်ကယာဘိ"

ပေါက်ဖော်တစ်ယောက်က ဆီး၍ ပြောလိုက်ပါတော့သည်။ ကျွန်တော်တို့မှာ ကားပေါ်ပြန်တက်ခဲ့ရပါသည်။

"ဟင်... မြင်ရုံသာ... မြင်ရ... မကြင်ရမောင့်ကို"

မောင်ညွန့်အောင်က အရက်ပုလင်းတွေကို ကြည့်၍ သီချင်းဆိုသည်။

"ညနေတော့ သောက်ပေါ့ကွာ... အခု စောပါသေးတယ်"

ကျွန်တော်က အချိန်ပြောင်း၍ အာမခံလိုက်ရပါသည်။

ကိုခင်ဦး၊ "ဒီမောင်ထွန်းခိုင်ဆိုတဲ့ တရုတ်ကပြားလေး ကျွန်တော်မြင်ဖူးသားပဲ။ ကိုဆွေနဲ့ ဘယ်မှာသိတာခင်တာလဲ"

"လူချင်းတစ်ခါမှ မတွေ့ဖူးသေးဘူးဗျ၊ စာချင်းသာ ခင်နေကြတာ"

"သြော်... ကလောင်မိတ်ဆွေပေါ့"

"ဟုတ်ပါတယ်"

ဤတွင် ခွေးမသား ရဲဘော်နေအောင်က...

"ကိုယ့်လူက ဒီကောင်ကလေးကို မိတ်ဆွေအဖြစ်နဲ့ စာပေးစာယူလုပ်နေတာဟာ
mgyoe.com

ဒီသူငယ်လေးက အရက်ဆိုင်ကမို့လို့ဗျ၊ နို့မဟုတ်ရင် သူယောကျ်ားတွေကို ကလောင်မိတ်ဆွေအဖြစ်နဲ့ စာပြန်ဖို့ခဲယဉ်းသားပဲ၊ အဲ... မိန်းကလေးနာမည်နဲ့ဆိုရင်တော့လား ဇက်ကယ်ဖယ်ကယ်နဲ့ စိတ်ရှည်လက်ရှည် ပြန်ပါလိမ့်မဗျား... တင့်တယ် သူငယ်ချင်းရယ် မပြောရဘူး၊ သူတို့ကို လောကကြီးမှာ ဘာအကြိုက်ဆုံးလဲ မေး၊ အရက်ရယ် မိန်းကလေး ရယ်..."

"ခွေးမသား... မင်းနဲ့ ကိုယ်ချင်းစာပြီးပြောနေ"

ကျွန်တော်မှာ ယခုမှတွေ့ကာစ ကိုခင်ဦးရှေ့၌ ခပ်ရှိန်းရှိန်းနှင့် ကြိမ်းလိုက်ရပါသည်။ သူတို့အားလုံး ရယ်ကြပါသည်။

"နို့... ကိုယ့်လူ မဟုတ်ဘူးလား"

နေအောင်က စကားဆက်ပြန်သည်။

"တော်စမ်းပါကွယ်"

"ဟုတ်ရင်ဟုတ်တယ်ပြောပေါ့ သူငယ်ချင်းရဲ့။ နို့... ဒီမြစ်ကြီးနားမှာ မိန်းကလေး အဆက်ကော မရှိဘူးလား ရှိရင် ကိုယ်တို့ပါခေါ်ကွယ်... မျှဝေါ့... မျှပိုးပေါ့"

"အဲ့ ဒီအဆို ကျွန်တော်သဘောကျသဗျို့"

ပုပုပြတ်ပြတ် လူ့အရပ် မပြည့်တပြည့်ဖြစ်သော ဖိုးကြည်မြက ပွက်လိုက်ပြန်သည်။

"ကျွန်တော်က ထောက်ခံသဗျ"

မောင်ညွန့်အောင်ကပါ ရောပြန်သဖြင့်၊

"ကဲ... တော်ကြစမ်းပါကိုယ့်လူတွေ၊ မိန်းကလေး အသိဆိုလို့ မြစ်ကြီးနားမှာ ကျစ်တီးမယားတောင်မရှိဘူး သူငယ်ချင်းတို့ရေ..."

ကိုခင်ဦးက ရယ်မောပြီး...

"ကဲ... ဘယ်သွားမလဲ ကိုဆွေ"

အမှန်ကိုဆိုရသော် ကျွန်တော့်စိတ်ကူးတွင် မမြရီလေးကို သွားတွေ့ရန် ကြံစည်ထားပါသည်။ သို့သော် ယခုဖြင့် ဤလောင်စာတစ်စုနှင့် မဖြစ်တော့၊ နောက်မှ ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်း သွားတွေ့မှ သင့်လျော်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ရကာ၊

"ဘယ်မှ အထူးတလည် သွားစရာ မရှိတော့ဘူး၊ ကိုခင်ဦး"

"ဒါဖြင့် ကျွန်တော်တို့အိမ်သွားကြစို့ ကော်ဖီလေး ဘာလေး သောက်ရအောင်"

ကိုခင်ဦးတို့အိမ်သည် မြစ်ကမ်းနဖူးတွင် ဘူးစင်ပန်းပင်ကလေးတွေနှင့် သာယာ

mgyoe.com

လှပါသည်။ ကိုခင်ဦးဇနီး မညွှန့်ညွှန့်သည် သစ်ပင်ပန်းမာလ် ဝါသနာပါဟန်ရှိပါသည်။ ခြံယာပြင်တွင် စားစရာအပင်များ၊ ၎င်းတို့အကြားတွင် မုန်ညင်းပင်ကလေးတွေက ဖူးပွင့်လန်းလန်း ရွှေရည်ရွှန်းလို့။

ကျွန်တော် မြစ်ပြင်ကို မျှော်ကြည့်လိုက်ပါသည်။ ဧရာမြစ်ညာသည် ဆောင်းနှင့်နွေတွင်၊ ရေယဉ်ငွေ့ငွေ့သာ စီးလျက်၊ လူတစ်ရပ်နက်သည်တိုင် ကိုယ့်ခြေသည်းပင် ကိုယ်မြင်နိုင်အောင် ကြည်လင်လှသည်။ ဟိုဘက်ကမ်းတွင် မြိုင်တန်းသာယာ တောင်သေလော၊ သည်ဘက်ကမ်းမှာ ကမ်းပါး၏အောက်တွင် ကျောက်စရစ်ပြင်ဖျာတလင်း၊ ရွှံ့အလျင်းမရှိ။ အေးလှသည်၊ စိမ့်နေသည်၊ ရေခဲတမျှ။

မြစ်ထဲတွင် ယောယင်တွေ ထင်းဖောင်ချလာသည်ကို မြင်ရသည်၊ ထင်းဖောင်တစ်ခုတွင် လူသုံးလေးယောက်၊ ထင်းဖောင်မှာ သူတို့ကိုယ်အလေးကြောင့် ရေတွင်မြုပ်နေသဖြင့် သူတို့သည် ရေပေါ်၌လမ်းလျှောက်လာသည်နှင့် တူလေသည်။ အကြောင်းမှာ သူတို့သည် ရှည်လျားသော တက်ပြားကြီးများနှင့် မတ်တတ်ရပ်ခတ်တတ်ကြသည်။ ရေစွတ်ခံ၍ ထိုင်လှော်ရန်လည်းမဖြစ်၊ ရေကအေးလှသည်၊ သွေးခဲပြီး သူတို့၏ဆင်းရဲလှသော အသက်တာကို တိုသွားမှာစိုးရိမ်ရသည်။

ဟုတ်ပါ၏။ သူတို့မှာ အလွန်ပင် ဆင်းရဲလှပါသည်။ သူတို့တွင် အိုးအိမ်အတည်တကျမရှိ၊ ရာသီအလျောက် ဟိုပြောင်း သည်ရွှေ့နှင့် အဆင်သင့်ရာတွင် ယာယီတဲငယ်များထိုး၍ နေရကြသည်။ သူဖို့အလုပ်မှာ မိုးဥတုတွင် မြစ်ဖျားတက်၍ ရွှေကျင်သည်၊ ဆောင်းနှင့်နွေမှာ ထင်းဖောင်မျှောသည်။

အဝတ်အဆင်မှာ ဘယ်ပုံဘယ်ပန်းဟူ၍ မည်မည်ရရ ပြောစရာမရှိ၊ ရရာ အဆင်သင့်ရာတွေကို ဝတ်ဆင်နေရသည်။ မြို့ပေါ်မြင်ရသူတို့မှာ တရုတ်ဘောင်းဘီပွနှင့် ပုံမကျသော ရှပ်အင်္ကျီရှည်များ ဝတ်ကြသည်။ အချို့ဂုန်နီကိုပတ်သည်။ သူတို့ မူလဘူတအဝတ်အစားကား မင်းပေါပင်နှင့်တူသောအပင်ကြီးတစ်မျိုးမှရသည့် ရှော်မျှင်ကြမ်းကဲ့သို့ ခွာရင်းဘလတ်ကြီးများကို အအေးနှင့် ဟိရိသြတ္တပ္ပကာကွယ်ရန် ကိုယ်မှာပတ်ခြင်းပင်ဖြစ်လေသည်။

"ယောယင်တစ်ယောက် အင်္ကျီတစ်ထည်ဝတ်မိရင် ဘယ်တော့ချွတ်သလဲ သိလား" မြစ်ကြီးနားသားတစ်ယောက်က ကျွန်တော်ကို ပြောပြဖူးပါသည်။ "ဘယ်တော့မှ မချွတ်ဘူး၊ နောက်တစ်ထည် ထပ်ဝယ်နိုင်ရင်လည်း အပေါ်က ထပ်ဝတ်လိုက်ပြီး အထဲကအထည်ကိုဆွေးပြီး ပဲ့ကျမှပဲ အစကိုဆွဲထုတ်ပစ်တော့တယ်"

"ဟား... အဝတ်ကိုချွတ်ပြီးများ မလျှော်တော့ဘူးလားဗျာ"

mgyoe.com

mgyoe.com


"အဝတ်လျှော်ဖို့ နေနေသာသာ သူတို့ကိုယ်တောင် သူတို့ရေမချိုးဘူး"

"ရေမချိုးဘဲ နေလို့ဖြစ်သလားဗျာ"

"သည့်ပြင်လူတွေမဖြစ်ချင်နေ၊ သူတို့တော့ဖြစ်တယ် သူတို့အလုပ်ကိုက ရွှေကျင်တယ် ထင်းဖောင်မျှောတယ်ဆိုတော့ ရေနဲ့ အမြဲတမ်းတွေ့ထိနေကြရတာဘဲ အထူးချိုးစရာမလိုတော့ဘူး၊ နို့ပြီး သူတို့သဘောက ကြေးထူမှ အချမ်းလုံတယ်လို့ ယူဆပုံပါရဲ့ ဘယ်တော့မှ ကြေးညှော်ကို သုတ်သင်ဖို့ စိတ်မကူးကြဘူး"

သူ ဤသို့ ပြောသည်မှာလည်း ပြောနိုင်စရာပင်၊ အကြောင်းမှာ ယောယင်ဟူသမျှ ကြေးလက်လေးသစ်နှင့်၊ ဆံပင်က တစ်သက်လုံးမဖြီး၊ ကုလားဘုန်းကြီးကေသာလို။ (မြို့ပေါ်တွင် ကူလီလုပ်၍ ဗမာတွေအကြား၌နေသော ယောယင်က ဤမျှမဆိုးပါ)

တစ်ကြိမ်သောအခါက မြစ်ကြီးနားတွင် ကျွန်တော်က မိတ်ဆွေတစ်ယောက်ကို နောက်ဖူးသည်။

"ခင်ဗျာ့ရောဂါက မခဲယဉ်းပါဘူးဗျာ၊ ယောယင်ကို ရေစိမ်သောက်ရင် ပျောက်နိုင်ပါတယ်"

ထိုသူမှာ နှလုံးသွေးက ခပ်ကြောင်ကြောင်နှင့် အော့အန်လုမခန်းဖြစ်သွားပါသည်။ မည်သို့ပင်ဖြစ်လင့်ကစား သူတို့သည် ကျွန်တော်တို့၏တိုင်းရင်းသား။

ယောယင်တွေ စားသောက်ပုံကား၊ လူတစ်စုတွင် အိုးတစ်လုံး၊ တိုင်သုံးတိုင်၊ အဖျားစုချည်၊ သုံးချောင်းထောက်ခွထောင်၊ အိုးကိုကြိုးနှင့်ဆွဲ၊ အောက်ကမီးဖို၊ ရသမျှ အသီးရောအသားရောစုထည့်ပြုတ်၊ ခွက်နှင့်ခပ်၍ တုပ်ကြလေသတည်း။

ထို့ကြောင့် ပညာရှိကဝိအမော်တစ်ပါးက သူတို့အကြောင်းကို အောက်ပါအတိုင်း လေးဆစ်ကလေးဖွဲ့ဆိုခဲ့လေသည်။

မိုးတွင်းမှာတဲ့... ရွှေကျင်။

ဆောင်းနွေတွင်၊ ထင်းဖောင်မျှော၊

ယောင်ယင်တို့ညဉ်၊

ဝတ်အဆင်၊ အသွင်က သိမ်နုပ်၊

အစားမှာ၊

ရရာ သည်တစ်အိုး။

ကြိုးချည်၍ပြုတ်၊

ဤကဗျာသည်၊ မည်မျှလောက် တင့်တယ်ခြင်း ပြေပြစ်ခြင်းရှိပါသနည်း။ ဇော်ဂျီ၊ မင်းသုဝဏ်၊ နုယဉ်၊ ငွေတာရီ၊ ဗန်းမော်ညိုနွဲ့၊ မင်းယုဝေတို့၊ ဘာပြောချင်ကြပါသလဲ။

mgyoe.com

mgyoe.com
ဤစာဆိုတော်ကြီး၏ နာမည်ကို သိကြပါသလား။ မြန်မာစာပေကို စူးစမ်းရှာဖွေနေတဲ့ ဆရာဇေယျာပင် သိမည်မဟုတ်၊ ကျွန်တော် သိပါသည်။ နာမည်ကလေးကိုက ချစ်စရာ 'သော်တာဆွေ' တဲ့။

* * *

မနောပွဲ ဧည့်ခံကော်မတီအဖွဲ့သည် ကျွန်တော်တို့ ဖောင်တိန်ရှင်တွေပါလာကြောင်း ရောက်မည့်နေ့မှ သိရှိရ၍ အတော်ပင် ကသီလင်တနိုင်အောင် လူနှစ်ဒါဇင်အတွက် ရုတ်တရက် တိုးချဲ့စီမံလိုက်ရသည်ဟု သိရလေသည်။

သို့ပါလျက် လူတစ်ယောက်လျှင် ခုတင်တစ်လုံး မွေ့ရာတစ်ခုစီနှင့် ကျကျနန ရှိပါပေသည်။ အစားအသောက်ဆိုလည်း ဒံပေါက်နှင့်ကြက်သား၊ ငှက်ဖျားရှိတတ်၍ ရေစိမ်းကိုမျှ မသောက်ရ၊ ဘိလပ်ရည်ပုလင်းတွေ သေတ္တာလိုက်ပေးထားပေသည်။

နံနက်နှင့် နေ့လယ်တွင် ကော်ဖီပေါင်မုန့် ထောပတ်သုတ်နှင့် ကြက်ဥပဟတ်ဘွိုင် တစ်လုံးစီ။

ကျွန်တော်တို့ ဧည့်သည်တော်များက ဝက်ဝက်ကွဲအောင် စားကြသည်။ ထမင်းစားခန်းတွင် ကျွန်တော်တို့လူတစ်စုသည် ကျောင်းသားတွေလို နေကြသည်။ လိုချင်တာတွေကို အားမနာ ပါးမနာ တောင်းတတ်ကြသည်။ သို့သော် ကျွန်တော်တို့မှာ ရွှေမန်း ရွှေဂုန်က မြို့ကြီးများဖြစ်ပေရကား၊ မြစ်ကြီးနားမြို့ငယ်ကလေးက မိတ်ဆွေတွေကို တစ်ခု တော့ စေတနာမေတ္တာကြီးလှစွာနှင့် သက်ညှာခဲ့ကြပါသည်။ ဘုရားစူးပါစေရဲ့။ အဘယ် နည်းဆိုလျှင်၊ ရေစည်ပိုင်းတွေ ကျကျနနနှင့် ရေချိုးခန်းကို သပ်ရပ်စွာ ဆောက်လုပ်ထားပါ လျက် ဘယ်သူမျှရေကို မဖြုန်းခဲ့ကြခြင်း ဖြစ်ပါသည်။ (ဟုတ်တယ်မှတ်လား ဧည့်ခံ ကော်မတီ ဦးစောမောင်ရဲ့) ဆရာတက်တိုးကို ကျွန်တော်က ကိုယ့်ဆရာသမားရယ်လို့ စေတနာနှင့် ရေချိုးဖို့ ပြောမိရာ "မင်း ငါ့ကိုသွေးခဲပြီး သေအောင်ညွှန်းရှော့သလား" ဟု မိန့်မြွက်တော်မူပါသည်။

"ချိုးစမ်းပါဆရာ ကျွန်တော်သွေးခဲပြီး သေတဲ့မသာ မမြင်ဖူးသေးလို့"

ကျွန်တော်က ချော့ပါသည်။ သို့သော် မရပါ။

"မင်းသွားချိုးပါလားကွ"

"ကျွန်တော်ချိုးလို့ ကျွန်တော်သေတော့ ကျွန်တော်မသာ ကျွန်တော်မြင်ရမလား ဗျ"

"မြင်ရတယ်... မြင်ရတယ်... မင်းသရဲဖြစ်ပြီး မြင်ရလိမ့်မယ်"
mgyoe.com

 mgyoe.com 

"ကျွန်တော်က နတ်ဖြစ်မယ့်ကောင်ပါဗျာ" ဟုဆိုပြီး ကျွန်တော်သည် မျက်နှာထား တင်းတင်းပြောင်းပစ်လိုက်ကာ "ကဲ... ဆရာ... တကယ်မချိုးဘူးလား"

"မချိုးဘူးကွာ..."

"ကဲ... ဒါဖြင့် ကောင်းပြီ၊ ရန်ကုန်ရောက်ရင်... ဆရာတက်တိုးတစ်ယောက် အင်မတန် ညစ်ပတ်တဲ့လူ မြစ်ကြီးနားမှာ သုံးရက်တိတိ ရေမချိုးခဲ့ဘူးလို့ လျှောက်ပြောရ လိမ့်မယ်"

မင်းတို့ကတော့ ချိုးလို့လား။

"ကျွန်တော်တို့က ကလေးဗျ၊ ရေမချိုးရုံမကလို့ ရွှံ့အိုင်ထဲ ဆင်းလူးနေတယ် ပြောပြော ဘာမှအရေးမကြီးဘူး၊ ဆရာသာ လူကြီးဖြစ်ပြီး ရေမချိုးဘူးဆိုတော့"

"ဟေ့ ကောင်လေး သွားကွာ သွား အနားလာ စကားများမနေစမ်းနဲ့" ဟု ကျွန်တော့်ကို တွန်းထုတ်ပါသည်။ အခန်းပြင်ရောက်လျှင် နံနက်စာ ထမင်းပွဲပြင်ပြီး နေသည်ကို မြင်ရသည်နှင့်

"ဆရာ ကျွန်တော့်ကို မောင်းထုတ်ပြီး ကျွန်တော့်နောက်တော့ လိုက်မလာနဲ့ နော်..."

"မင်းနောက် ငါက... ဘာလုပ်လိုက်ရမှာလဲကွ"

ယင်းသည့်အကြိုက်ဝယ်ရွှေမန်းလူထု ဦးလှက

"ဦးတက်တိုး... ထမင်းဗျို့" ဟု ဆိုလိုက်သည်၌ သူသည် ဗိုက်ဆာဆာနှင့် ထော့ထော့ ထော့ထော့ ထွက်လာလေသည်။

ကျွန်တော်က နောက်ပြန်လှည့်ပြီး

"ခင်ဗျား... လူကြီးဖြစ်ပြီး လူကြီးစကားမတည်ဘူး အခု ဘာလို့ကျွန်တော့်နောက် လိုက်လာသလဲ"

"ဟေ့ကောင်လေး ပါးစပ်ပိတ်ထားစမ်းကွာ"

ထိုနေ့သည် ကျွန်တော်တို့ရောက်၍ ဒုတိယမြောက်ဖြစ်သည်။ ဒံပေါက်ထမင်း၊ စားတော်ပဲရွက်နှင့် ခရမ်းချဉ်သီးနှင့် ချက်တနိုလုပ်၍ စားရသည်မှာ မြိန်လှသည်။ ရန်ကုန်တွင် မစားရသော စားတော်ပဲရွက်၊ ပဲတော်ရွက်ဟူ၍လည်း ကသာမှာခေါ်ကြသည်။

နံနက်စာအပြီး အားလုံးဆီအိမ့်ယစ်သီ၍ ထမင်းလုံးစီကြသည်၌ ကျွန်တော်သည် မောင်ညွှန့်အောင်၊ ဖိုးကြည်မြ၊ ရဲဘော် နေအောင်တို့အလစ်တွင် မမြရီလေးတို့အိမ်ဆီသို့ ထွက်ခဲ့လေသည်။

"အစ်ကိုလေးမှာ ရည်းစားဘယ်နှယောက်ရှိသလဲ" "အစ်ကိုလေး ယောက်ဖ လိုချင်

mgyoe.com

mayoe.com
ရင်တော့ အစ်ကိုလေး ယောက်ဖ အစ်ကိုလေးပဲ ရှာပေးပေတော့'

ဓာတ်ပုံချင်းသာ မြင်ဖူးပြီး စာချင်း ဤမျှရင်းနေသော ဆွေမတော်မျိုးမစပ်၊ တရပ်တကျေးက သူကလေးကို လူချင်းတွေ့ရပါက

ကျွန်တော်သည် ဤအတွေးနှင့် သူတို့လမ်းတွင် လူနာမည်မေး၍ သူတို့အိမ်ရောက်ခဲ့လေပြီ။ အိမ်အခြေအနေအကဲခတ်လိုက်သည်။ သာသာယာယာနေနိုင်သော လူလတ်တန်းစား။

ပထမ အဒေါ်ကြီးတစ်ယောက်က ဟောင်နေသောခွေးကိုမောင်းရင်း ထွက်လာပြီး

"ဘာကိစ္စလဲ မောင်"

"မြရီကို တွေ့ချင်လို့ပါ"

အဒေါ်ကြီးသည် ကျွန်တော့်ကို ဇဝေဇဝါမျက်လုံးနှင့်ကြည့်ပြီး၊

"သမီးရေ..." ဟု နောက်ဖေးဘက် လှည့်ခေါ်လိုက်သည်။

"လာပြီ... မေမေ" ဟူသောအသံနှင့်အတူ ထိုးလက်စသိုးမွေးချည်လုံးနှင့်အတူ ကျွန်တော့်ကလောင်ညီမလေး ထွက်လာပါသည်။ ကျွန်တော်ကို တစ်ချက်မျှ ကြည့်လိုက်ပြီး

"ဘာလဲ... မေမေ..."

အဒေါ်ကြီးက မပြောရမီ ကျွန်တော်က ပြုံးလိုက်ပြီး

"ကျွန်တော့်ကို မသိဘူးလား"

ဓာတ်ပုံသာမြင်ဖူးပြီး မမျှော်လင့်ဘဲ တွေ့ရသည်၌ လူရုပ်ဖမ်းရန် မလွယ်ကူလှချေ။

ကလေးမ တွေလျက်ပင် ကျွန်တော့်ကို စေ့စေ့ကြည့်နေသည်။

"သေသေချာချာကြည့်စမ်းပါ..."ဟုဆိုပြီး ကျွန်တော်သည် သူ့ကိုပေးထားသော ဓာတ်ပုံထဲက မျက်နှာအနေအထားကို လုပ်ပြလိုက်သည်။

"ဟင်... ဦးသော်တာဆွေ..."

မမြရီလေးသည် ရုတ်တရက် ရွှန်းရွှန်းပပ ပြုံးလိုက်ကာ "စာရေးဆရာ သော်တာဆွေလေ မေမေရဲ့"

အဒေါ်ကြီးလည်း စိတ်အားကြီးစွာ ပြုံးလိုက်ပြီး။

"ဪ... ဘယ်တုန်းက ရောက်လာတာလဲ"

"မနေ့ကပဲ... စာရေးဆရာအသင်းက မနောပွဲကို ဧည့်သည်တော်အဖြစ်နဲ့ လာခဲ့တာ"

"ဟင်... လာထိုင်အစ်ကိုလေး" မမြရီလေးမှာ အံ့ဩသော အရိပ်အယောင်
mayoe.com

မပျောက်သေးဘဲ ဝမ်းသာလှစွာနှင့် နေရာထိုင်ခင်း ညွှန်ပြပြီး "ရန်ကုန်က ဧည့်သည်တွေ လာမယ်ဆိုလို့ မောင်လေးတို့ကျောင်းကို နေရာထိုင်ခင်းပြင်ထားတာတော့ သိတယ်၊ စာရေးဆရာတွေ ပါလိမ့်မယ်ဆိုတာတော့ မကြားဘူး"

"ဘယ်ကြားမလဲ ဧည့်ခံကော်မတီတွေတောင် ရောက်မယ့်နေ့မှ သိကြတယ်"

'စာရေးဆရာတွေ ဘယ်နှယောက်ပါသလဲ"

"လေးယောက်... ဒဂုန်တာရာရယ်၊ မင်းရှင်ရယ်၊ ဂျာနယ်ကျော် မမလေးရယ်... ဪ... သတင်းစာဆရာအသင်းကလိုက်လာတဲ့ ဆရာတက်တိုးလည်းပါသေးတယ်"

"သူတို့ပါ ခေါ်ခဲ့ရောပေါ့ အစ်ကိုလေးနယ်"

"ဟုတ်တယ်... တို့ကစာဖတ်သမားတွေ၊ စာရေးဆရာဆိုရင် တွေ့ချင်ကြတယ်၊ ဒီအထဲမှာ သော်တဆွေ တော်ရာခွေ ဂေါ်တာရှေ့တော့ ပိုတွေ့ချင်တာပေါ့၊ စာတွေရယ်ရပြီး လူကဘယ်နှယ်နေမလဲလို့"

မမြရီလေး မေမေကပါ ဖော်ရွေရင်းနှီးလှစွာ ပြောသဖြင့် ကျွန်တော်ဝမ်းသာလှပါသည်။

"အစ်ကိုလေး ဝတ္ထုတွေ မေမေကလည်း အင်မတန် သဘောကျတာ၊ ဒီသူငယ်နှယ် ကြံကြံဖန်ဖန် စိတ်ကူးတတ်ပလေ... နဲ့... ခဏခဏပြောတယ်"

စာဖတ်သူ မိတ်ဆွေခင်ဗျား။ ကျွန်တော်ဖြစ်အပျက်အမှန်ကို ရေးသားရာ၌၊ ကျွန်တော့်ကိုကျွန်တော် ကြွားဝါသလို နေပါသည်။ သည်းခံတော်မူပါ။ ဟုတ်တန်၏ မဟုတ်နိုင်၏ကို မိတ်ဆွေချင့်ချိန်နိုင်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။ စာရေးဆရာတို့ ထံ စာဖတ်သူတို့ဆီမှာ ချီးကျူးမိတ်ဖွဲ့စာများ ရေးသားကြသည်၌ ကျွန်တော့်ကိုဆိုလျှင် အများအားဖြင့် ကြည်ညိုလေးစားသည်ထက်၊ မိတ်ဆွေသူငယ်ချင်းလို ရင်းရင်းနှီးနှီး ခင်မင်ကြသည်သာ များပါသည်။ အချို့ကလောင်မိတ်ဆွေများမှာ ဤအတိုင်းပင်ထုတ်ဖော် ရေးသားဖူးပါ၏။ လူချင်းတွေ့သောအခါလည်း ကာလရှည်စွာကပင် သိကျွမ်းသကဲ့သို့ ဆက်ဆံကြပါသည်။ ကျွန်တော့်စိတ်တွင်လည်း လူတစ်ယောက်ကိုသိပြီး ခဏအတွင်းမှာပင် ရွှတ်နောက်ပျော်ရွှင်တတ်သော အလေ့ရှိပါသည်။ ရယ်စရာပြောတတ်သူသည် ရင်းနှီးမှု မြန်ဆန်ကြောင်း မိတ်ဆွေသိရှိပါလိမ့်မည်။

ယခုလည်း ရှေးယခင်ကပင် စာချင်းရင်းနှီးခဲ့သော မမြရီကလေးတို့သားအမိနှင့် ၁၀ မိနစ်အတွင်းမှာပင် တူသား နှောင်မယ်လိုဖြစ်သွားလေပြီ။ စာပေနယ်အကြောင်း၊ စာရေးဆရာတွေအကြောင်း၊ ပဒေသာမဂ္ဂဇင်းပြုတ်သွာသည့် အကြောင်းပါပြောရပါသည်။ တစ်ခါတစ်ခါ၌ ကျွန်တော့်ဝတ္ထုအကြောင်း စကားစပ်မိကြသည်။

mgyoe.com

mgyoe.com

"အစ်ကိုလေး 'ရွှေဥဒေါင်း ထီပေါက်တယ်ဆိုလို့" ဆိုတာ တကယ်ပဲလား"

"အဲဒီဝတ္ထုထဲကအတိုင်းပေါ့"

"ဆရာကြီးထီပေါက်တာ မဟုတ်ဘူးပေါ့"

"မဟုတ်ဘူးလေ..."

"ဟင်... တကယ် ဟုတ်ရင် ကောင်းမှာနော်... အစ်ကိုလေးလည်း မေနဲ့ညားရော"

ကျွန်တော် ပြုံးနေပါသည်။

"အစ်ကိုလေး ရည်းစား မေက တကယ်ရှိတယ်နော်"

ကျွန်တော်တစ်ချက်မျှ ပခုံးတွန့်၍ ရယ်လိုက်ပြီး...

"ဘယ်ရှိရမလဲကွယ်... လူတစ်စုရဲ့လောကမှာ လူချင်းချစ်ကြပေမဲ့ ပေါင်းသင်းရဖို့ကို ငွေရှိမှဖြစ်တဲ့အကြောင်း သရုပ်ပြချင်လို့ ဇာတ်ကွက်ဆင်ယူရတာပါ"

သို့တိုင်သူကလေးသည် မျက်လုံးကလေးစွေ၍ ကြည့်လိုက်ပြီး၊

"ဟင့်... အစ်ကိုလေးက မဝါပါနဲ့။ အစ်ကိုလေး စိတ်ထဲမှာ 'မေ' ဆိုတာတော့ အစွဲအလမ်းတစ်ခုရှိမယ်။ ဘာလို့လဲဆိုရင် ခုတစ်လော အစ်ကိုလေးဝတ္ထုထဲမှာ မေ... မေ... နဲ့ မေတွေ သိပ်များတာပဲ"

"မေဆိုတာ ပုဂ္ဂလိက မဟုတ်ပါဘူး အရီရဲ့... မိန်းကလေးတစ်ယောက်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ"

"ဒါဖြင့် နာမည်လေးများ ပြောင်းပါဦးတော့လား၊ အခုတော့ မေ... မေ... မေ... တစ်မေတည်း မေနေတာပဲ"

"ဘာလဲ မေဆိုတဲ့နာမည်ကို အရီက မုန်းလို့လား"

"ဘာမုန်းစရာရှိလဲ၊ အစ်ကိုလေးရည်းစားဆိုရင် အရီ ယောက်မလောင်းပေါ့ ချစ်ရမှာပေါ့"

"ဩော်... အရီက ယောက်မလိုချင်လို့လား။ လိုချင်ရင် အရီ့ယောက်မပဲ အရီ ရှာပေတော့"

"အစ်ကိုလေးက အရီရှာပေးတာကို ယူမှာလား..."

"အရီကကော... ဟိုတစ်လောက ရေးလိုက်တဲ့ စာထဲကအတိုင်း အစ်ကိုလေးရှာပေးတဲ့ယောက်ဖကို ယူမှာလား"

သူ့ရှက်သယောင်ကလေးနှင့် ခေါင်းငုံ့သွားပါသည်။ မိန်းကလေးတို့သည် စာနှင့်သာ ရွတ်သလိုနောက်သလိုရဲ၍ နှုတ်ကျတော့ တွန့်ပေမည်။

ကျွန်တော်ကဆက်လက်၍

mgyoe.com

"ကဲ... ပြောစမ်းပါ"

ထိုအချိန်၌ သူ့မေမေအနီးမှာ မရှိတော့ချေ။ အရီသည် မရွံ့မရဲကလေး ခေါင်းဖော်လိုက်ပြီး

"အစ်ကိုလေးကကော အရီရှာပေးတာယူလေ"

"ကဲ... ကောင်းပြီ... အရီက ဘယ်တော့ရှာပေးမှာလဲ"

"ဘယ်သိဦးမလဲ"

"အစ်ကိုလေးကတော့ အခုပဲ တွေ့ထားပြီ ဆရာ"

ဂေါ်မစွဲကျန်ရစ်မျှော်ဆွေးကြီး ဖိုးမင်းရှင်ကို ရည်ရွယ်၍ ပြောလိုက်ပါသည်။

"နက်ဖြန်ခါကျတော့ ခေါ်ခဲ့မယ် ဧည့်ခံဖို့သာ ပြင်ထားပေတော့။

"ဘယ်သူ့ခေါ်ခဲ့မှာလဲကွဲ့"

ယင်းသည့်အကြိုက်ဝယ် နောက်ဖေးဆောင်မှ ဆေးပေါ့လိပ်ကြီး မီးရဲရဲနှင့်ထွက်လာသော သူ့မေမေက ကျွန်တော်စကားစကိုကြား၍ မေးလိုက်ပါသဖြင့် ကျွန်တော်က ဣန္ဒြေရရနှင့်

"ဩော်... ဟိုစာရေးဆရာတွေခေါ်ခဲ့မှာ ပြောတာပါ"

"ခေါ်ခဲ့ပါမောင် အခုလိုပဲ ကော်ဖီနဲ့၊ သစ်အယ်သီးနဲ့၊ တယ်သီးနဲ့တော့ ဧည့်ခံရမှာပေါ့"

အရီလေးလည်း နဂိုအမူအရာပြန်ဖြစ်သွားပြီး၊

"ဩော်... အစ်ကိုလေး ရင်ဘတ် ဘယ်နှလက်မရှိလဲ"

"ဘယ်လို့လဲအရီ အခု မနော်ပွဲ မြစ်ကြီးနားမောင်ရွေးပွဲကို ဝင်ခိုင်းမလို့လား"

အမယ်လေး... သူ့ကိုယ်ခန္ဓာကလေးနဲ့ဟူသော အမူအရာနှင့်ကြည့်လိုက်ပြီး၊

"မဟုတ်ပါဘူးအစ်ကိုလေးရဲ့... အစ်ကိုလေးကို လက်ဆောင်တစ်ခုပေးချင်လို့ပါ"

"ဩော်... ရင်ဘတ်အတိုင်းအထွာမေးတဲ့သဘောတော့ ခုံဖိနပ်တစ်ရံပေးမလို့ထင်ပါရဲ့ ဟုတ်လား"

"အကောင်းပြောစမ်းပါ အကိုလေးရဲ့"

"ကဲ... ပြောမယ် ခုံဖိနပ်အနာပါရင်တော့ မယူဘူးနော်၊ ရင်ဘတ် နဂိုနေ ၃၃ လက်မခွဲ၊ မာဆယ်လ်ထုတ်လိုက်ရင် ၇၅"

ခွိခနဲရယ်လိုက်ပြီး "အဆင်သင့်ပဲ" ဟုဆို၍ ထသွားသည်။ သူ့မေမေက ခပ်ပြုံးပြုံး ကျန်ရစ်သည်။ ခဏအတွင်း၌ လက်ထိုးသိုးမွေးဆွယ်တာတစ်ထည်ကို ယူ၍ ထွက်လာ၏။

"ကဲ... အစ်ကိုလေး ဝတ်ကြည့်စမ်း"

mgyoe.com

ကျွန်တော်က သူပေးသော အကျီကို ကိုင်လိုက်ပြီး၊

"ဘယ်သူ့ဆွယ်တာလဲ"

"ဘယ်သူ့ဟာမှမဟုတ်သေးဘူး အရီ ထိုးထားတာ"

"အရီက ဘာလုပ်ဖို့ထိုးထားတာလဲ"

"ဒီလိုလေ အရီက အိမ်မှာအားနေရင်း သိုးမွေးထည်တွေထိုးပြီး ဈေးမှာရောင်းခိုင်းတယ်"

"ဩော်... ရောင်းဖို့ဟာပဲကွယ် အစ်ကိုလေး မယူပရစေနဲ့"

"အရီတို့ ဒီလောက်မဆင်းရဲပါဘူး အစ်ကိုလေးရဲ့"

"ဒုက္ခရှာလို့ အရီရယ် နေပါစေ"

"ဟင့်... အရီတို့ကို ခင်ရင် ယူရမယ်"

* * *

မြစ်ကြီးနားမြို့သည် ကချင်၊ ဂဒူး၊ ဂဏန်း၊ လရှီ၊ ယောယင်စသော လူမျိုးတို့၏ ကျေးရွာဒေသကို ကျောထောက်နောက်ခံပြု၍ထားသောမြို့ ဖြစ်သည်။

မြစ်ကြီးနားမြို့သည် မြစ်ကမ်းမြို့ပင် ဖြစ်လင့်ကစား ဆောင်းနှင့် နွေတွင် မြစ်ရေတိမ်၍၊ ကျောက်စွယ်ကျောက်တုံးများ၍၊ မိုးရာသီမှာ ရေစီးထန်ခြင်းကြောင့်၊ အမှိုက်သရိုက် ထင်းတုံးသစ်တုံးတွေများခြင်းကြောင့်၊ သင်္ဘောများ မဆန်တက်နိုင်သဖြင့် ရေကြောင်းကို အားမထားရ။ မီးရထားသာလျှင် ဆက်သွယ်မှုအမှီသဟဲရှိလေသည်။ ဗန်းမော်မြို့နှင့်သာ တရားလေးမိုင်ကွာ မော်တော်ကားလမ်း ခပ်ကြမ်းကြမ်းရှိလေသည်။

ယခုကာ လေယာဉ်ပျံရှိလေပြီ။

မြို့ပေါ်တွင် ဆိုင်ကြီးကနားကြီးဆိုလျှင် အများအားဖြင့် တရုတ်ကုလားတွေ ပိုင်ဆိုင်လေသည်။ ၎င်းတို့အကြား၌ Jinpaw Restaurant ဟုရေးထားသော ကချင်ပျော်ပွဲစားရုံကို မြစ်ကြီးနားတွင် သပ်သပ်ရပ်ရပ် တွေ့ရသည်။ မြစ်ကြီးနားနယ်ရှိ တောင်ပေါ်သားတို့တွင် ကချင်လူမျိုးသည် အတိုးတက်ဆုံးဖြစ်သည်။ အချို့မှာ အနောက်နိုင်ငံ သာသနာပြုဆရာတို့ ကြိုးပမ်းမှုကြောင့် ခရစ်ယာန်များဖြစ်ကာ အင်္ဂလိပ်ဘာသာ တတ်ကြသည်။ 'အင်္ဂလိပ်စာနှင့်ကချင်ဘာသာ' ကို ရေးတတ်ဖတ်တတ်ကြသည်။

'အင်္ဂလိပ်စာနှင့် ကချင်ဘာသာ' ဆိုသည်မှာ ဥပမာ 'နားမြင် ဖာရဲ့သား' (သင့်နာမည်သူလဲ) ဟူသော ကချင်စကားကို အင်္ဂလိပ်စာဖြင့် Na myin pa ye tha ဟု ရေးခြင်းဖြစ်ပါသည်။

mgyo.com

 mgyoe.com 

ကချင်လူမျိုးတို့သည် ရိုးသားသည်၊ သဘောကောင်းသည်၊ သူတို့နှင့် ပေါင်းသင်းဆက်ဆံရန်မှာ စီးကရက်ကို မီးညှိရသကဲ့သို့ လွယ်ကူသည်။ စီးကရက်သည် မီးညှိပြီးသောအခါ၌ မရှိက်မဖွာသော်လည်း အလိုအလျောက် မငြိမ်းချေ။ သူတို့သည်လည်း ထို့အတူပင် သင်နှင့် မိတ်ဆွေဖြစ်ပြီး သကာလ၊ သင်က မေ့လျော့စွာပင် နေပါစေ၊ သင့်ကို တွေ့ပါလျှင် သူလာ၍ နှုတ်ဆက်ပေလိမ့်မည်။

ရှုမဝအမှတ် (၃၃) 'မတူတမူ' ဝတ္ထုတွင် ဖော်ပြခဲ့သော ၁၉၄၆ ခုနှစ်က မြစ်ကြီးနား၌ ကျွန်တော်နှင့် မိတ်ဆွေဖြစ်ခဲ့သော ကချင်မကလေးသည် ယခု ကျွန်တော်နှင့်တွေ့သောအခါတွင် "ဟယ်... ဟယ်... နင်နဲ့ငါနဲ့ သိခဲ့ပါတယ်ဟယ်" ဟု နှုတ်ဆက်လေသည်။

ကချင်လူမျိုးတို့သည် တောင်ကျောဒေသမြေပြန့်လွင်ပြင်တို့တွင် ကျေးရွာကြီးငယ်တို့နှင့် တောင်ယာပဲခင်းစိုက်ပျိုး၍ နေထိုင်စားသောက်ကြသည်။ သူတို့ယာမှထွက်သော ဝါကို သူတို့နည်းဖြင့် သူတို့အဆင်သွင်ပြင်ကို ရက်လုပ်ဝတ်ဆင်ကြသည်။ ဂျပ်ခုတ် ဖျဉ်။ အများအားဖြင့် သူတို့နှစ်သက်သော အရောင်မှာ အနီနှင့်အနက်စင်း။ ၎င်းတို့တွင် ငွေပြားများ တပ်ဆင်လိုက်သောအခါ၌ သူတို့၏လှပသော အမျိုးသား အဆင်အယင်ကို ပြလေသည်။

လွန်ခဲ့သောလ ရှုမဝတွင် ဒဂုန်တာရာ၏ မနောဆောင်းပါး၌ 'ကချင်တို့ကားဆင်းရဲလှသည်၊ ကချင်လူထုကား မွဲတေလှသည်၊ အိုးအိမ်မရှိ အဝတ်မရှိ၊ သစ်ရွက်တို့ဖွဲ့ကာ အဝတ်လုပ်သည်။ သည့်ကလောက် အေးသည့်ဒေသဝယ် တွေ့ရာအိပ်ကာ ခရီးသွား၍သာ နေကြရသည်။ မြစ်ကြီးနား မြစ်ကမ်းသဲစပ်တွင် အမိုးမပါ အိပ်နေကြသော ကချင်ဆင်းရဲသားများကို တွေ့ရသည်မှာ ကြေကွဲစရာ' ဟု ရေးသားထားသည်မှာ ဤနေရာ၌ လက်ဝဲဆန်ချင်လွန်းလှစွာသော ဒဂုန်တာရာသည် အရေးပိုင်အိမ်က သစ်အယ်သီး၊ ကြက်ဥ၊ နွားနို့တို့ကို စားသောက်ရင်း 'ကချင်' နှင့် 'ယောယင်' လွဲမှားသွားခြင်း ဖြစ်လေသည်။

ကချင်လူမျိုးကား ဤမျှလောက် အခြေအနေမဲ့အောင် ဆင်းရဲလှသည်ဟု မဆိုနိုင်ချေ။ မဆိုသင့်ချေ။ ယခု မနောပွဲကြီးမှာ ကချင်တို့ ခေါင်းဆောင်သော အမျိုးသားပွဲတော်ကြီး ဖြစ်လေသည်။

ဤမနောပွဲတော်ကြီး ကျင်းပရာဒေသသို့ သူတို့ကျေးရွာများမှ အစုလိုက်အဖွဲ့လိုက်လာကြသည်။ ဒူးဝါးကြီးများက ခေါင်းဆောင်သည်။ ဒူးဝါးဆိုသည်မှာ Chief အကြီးအကဲဟု အဓိပ္ပာယ်ရှိသည်။ သူတို့သည် မနောပွဲရက်အတွက် ယာယီတဲအုံကနားများ ထိုးကြသည်။ အချို့အဆင့်နှင့် တဲတန်းရှည်ကြီး၊ အချို့မြေပြင်မှာပင်၊ အချို့က

mgyoe.com

mgyoe.com
လွယ်အိတ်၊ စောင်၊ စားမြောင်၊ ဆောင်စားလွယ် ကျည်ထောင်သွပ် ကချင်လက်ဖက်ခြောက် စသော ကုန်ပစ္စည်းတို့နှင့် ဈေးဆိုင်များ ဖွင့်ကြသည်။ အချို့က အရက်နှင့် အသား၊ အသီး အရွက်၊ အကြော်အလှော်' ဆိုင်။

မနောပွဲတော်တွင် သူတို့သည် ကျွဲများနှင့် ယဇ်ပူဇော်ကာ ကျွဲသားနှင့် ပျော်ပွဲဆင်ကြသည်။ ထိုအချိန်ဝယ် မိတ်ဆွေသည် သူတို့၏ တဲအုံကနားများထဲသို့ ရဲရဲကြီးဝင်သွားပါ၊ မီးကျည်းခဲတွေ ပြန့်ပြန့်ကျဲနေသော မီးဖိုကြီးများကို လူတစ်စုစီတစ်စုစီ ဝိုင်းဖွဲ့ကာ ကျွဲသားကင်နှင့် အရက်နှင့် ဖိမ်ယူနေကြသည်ကို တွေ့ရလိမ့်မည်။ အချို့ကချင်မတွေက ထမင်းဟင်းချက်လို့၊ ပေါင်းတင်းကျည်ခေါ် ခဲတံချောင်းတွေဖုတ်လို့။

မိတ်ဆွေက တဝိုင်းဝိုင်းတွင် ဝင်တွယ်ချင်ပြီဆိုပါတော့။ သူတို့အနီးတွင် ခပ်ထွေထွေကလေး ရပ်ပြီး ကြည့်နေလိုက်ပါ၊ ချက်ချင်းပင်...

"ဝါရစ်... ဝါရစ်"

လာပါ... လာပါဟု ခေါ်လိမ့်မည်။ အားမနာပါနှင့် ဝင်သာထိုင်လိုက်ပါ။ တစ်ခါတည်း ဒူးဝါးကြီးက သူ့နံဘေးမှာ အသင့်ထောင်ထားတဲ့ ဝါးကျည်ထောက်ထဲက အရက်ကို ခွက်ထဲငှဲ့ထည့်ပြီး

"လောက်ခူး.... လိုးအုတ်"

အရက်... သောက်ပါဟုဆိုကာ ပေးလိမ့်မည်။ ကျွဲသားကင်ကို လက်လှမ်းကာ "ရှားရစ်" စားပါဟု ဆိုလိမ့်မည်။

မိတ်ဆွေ ကျွဲသားကင်ကို ရရချင်း စားချင် စားလိုက်ပါ၊ အင်မဟန်လေးလေး ပင်ပင်နှင့် အရသာရှိပေလိမ့်မည်။ သို့သော် အရက်ကိုဖြင့် ပေး ပေးချင်း 'ငါကဘာရန်ဒီဝီစကီ 'နီ' Neat သောက်နိုင်တဲ့ကောင်ပဲကွာ ဒီချက်အရက်လောက်တော့" ဟုဆိုပြီး မော့မချလိုက်ပါနှင့်၊ ဆွေမျိုးမက မယားပါ မေ့သွားမည်။ ခယ်မပါ မေ့သွားမည်။ အကြောင်းမှာ ဤဒူးဝါးကြီး၏ သောက်တော်ဘူးထဲမှ ထည့်ပေးသော ချက်အရက်သည် 'စီမံစံတင်ထားသောနို့ထက် မည့်ဖျင်းရန် ရေနှစ်ဆရောလိုက်ပါ' ဆိုဘိသကဲ့သို့ ရေနှစ်ဆရောလိုက်ပါမှ ခင်ဗျားတို့ကျွန်တော်တို့ သောက်နိုင်သော စီမံစံတင်ထားသည့် အခြေအနေကိုဖြစ်လာလိမ့်မည်။ ထို့ကြောင့်–

"ခ... ဂျောရစ်"

ရေ... ပေးပါဟု တောင်း။

နို့မဟုတ်လျှင် ကျွန်တော့် အစ်ကိုကြီး ညိုမြလို မျက်နှာကြီး မသက်မသာဖြစ်နေမှာ စိုးရသည်။
mgyoe.com

 mgyoe.com 

"ဟင်... ဟင် သိပ်ပြင်းတယ်ကွ သော်တာဆွေ"

ကိုကြီး ညိုမြသည် ဘောင်းဘီရှည်နှင့် တင်ပျဉ်ခွေကြီးထိုင်ကာ တကျိုက်မျှ တွယ်လိုက်ပြီး သူ့နဂိုအသံအတိုင်း အာလေးလျှာလေးကြီးနှင့် ကျွန်တော့်ကို သတိပေးပါသည်။

အရက်ပြင်းတာလောက်တော့ အပျော့ပေါ့။ ဓားဖျက် ဝါးမျက်၊ လူဖျက် အရက်၊ အရက်ဖျက်တော့ ရေ၊ ကျွန်တော်သည် ရေနှစ်ဆဖြည့်လိုက်ပြီး ကျွဲသားကင်နှင့် တမြုံ့မြုံ့နှံသည်။

သို့သော် ကျွန်တော်မှာ ဒူးဝါးကြီးထည့်ပေးသော ဒန်ဖလားနှင့် တစ်ဝက်မရှိတရှိကုန်သောအခါဝယ် နောက်တစ်ခွက်လက်မခံနိုင်တော့ပြီ။ ဆက်သောက်လျှင် အခြေအနေဆိုးတော့မည်။ 'ဒေါင်း ဒီဂရီ' ဆင်းတော့မည်။ ထို့ကြောင့် ထိုင်ရာမှထကာ လည်ပင်းကမာဖလာကိုဖြုတ်၍ ထိုဒူးဝါးကြီးအား ကျေးဇူးတင်ကြောင်းနှင့် လက်ဆောင် ပေးပြီး သူတို့တဲပေါ်မှ ဆင်းခဲ့တော့သည်။

အောက်ရောက်သောအခါ၌ ကျွန်တော်မှာ 'စမတ်ဒီဂရီ' ရောက်နေကြောင်း သိရသည်။ နေရောင်ခြည်ကလေးကလည်း ညနေစောင်း လမ်းလျှောက်၍ကောင်း၊ စိတ်ကူး၍ကောင်း၊ အပေါင်းအဖော်တွေလည်း မရှိတော့ သူတို့လည်း သူတို့ဘာသာသူတို့ တစ်နေရာရာမှာ ပျော်ပါးနေကြပေလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တစ်ယောက်တည်း ဟိုလျှောက် သည်ကြည့်နှင့် ပြပွဲအခင်းထဲသို့ဝင်ခဲ့လေသည်။၏

မြစ်ကြီးနား မနောပွဲပြခန်းကြီးမှာ ဝင်သွားလျှင် ဝင်သွားချင်း ဂျင်းဖော အပျိုမကလေးနှစ်ယောက်နှင့် သူတို့အမျိုးသားအဖိုးတန်ပစ္စည်းအသုံးအဆောင်တွေ ပြသနေသည်ကို မြင်ရသည်။ ငွေပြား ငွေပန်းပွားနှင့် လွယ်အိတ်၊ ငွေသားငွေခွက်၊ ငွေကွင်းယှက်အင်္ကျီ၊ ငွေစလွယ်နှင့် ငွေဓား။

"ရောင်းမလား" မေး၊

"မရောင်းပါဘူး"

"ဘယ်လောက်တန်သလဲ" အဖိုးတွေကို မေး။ နှစ်... သုံးရာတဲ့ လွယ်အိတ်ပင်လျှင် ရှစ်ဆယ်ကျော်၊ တော်ပါတော့ ကျုပ်လည်း ဝယ်နိုင်ပါဘူး မဟုတ်ာရယ်။

ထိုမှ လက်ယာဘက် လျှောက်ကြည့်သောအခါဝယ်။

"မြန်မာပြည်မှ မြေတွင်းရတနာအတွက်တော့ မပူပါနဲ့ဗျာ" ဟူသော ဦးစောနောင်၏ စကားကို ရုတ်တရက်ကြီး ပြန်လည်သတိရမိပြန်တော့သည်။

အကြောင်းမှာ ကြည့်လိုက်ပါဦးတော့၊ တွင်းထွက်ဓာတ်သတ္တုတွေ တသီတတန်း

mgyoe.com

ကြီး၊ နှစ်ဆင့်သုံးဆင့်ပြလို့ ဂူဖရုံတဲ့၊ ခဲမဖြူတဲ့၊ သံမဏိတဲ့၊ သံမဏိဘုရင်တဲ့၊ ဘာတဲ့ ညာတဲ့ အမျိုးပေါင်း နှစ်ဆယ်ကျော်... ကျွန်တော်နာမည်တွေ မမှတ်မိခဲ့ပါ။ ပြာပြွံပြွံ၊ ဝါလဲ့လဲ့ စိမ်းဖန့်ဖန့်၊ နီကြွဲကြွဲ၊ ညိုညှို့ညှို့၊ တန့်တန့်ကျောစင်း၊ ပယင်းရောင်လို၊ စိုချင် လျှင်စို၊ မှောင်လိုလျှင် ဓာတ်ခိုး၊ အမျိုးမျိုးသော သတ္တုရောင်တွေကို မြင်ရလေရာ ကျွန်တော် မှာ သော်တာဆွေစင်စစ်မှ အင်္ဂလိပ်ရုပ်ရှင်ထဲက သတ္တုတွင်းတူသမားဖြစ်သွားကာ နဖူးတွင် ဓာတ်မီးလုံးကြီးတပ်၍ အသူတရာနက်သော တွင်းကြီးထဲသို့ ဆင်းသွားလေ၏။

ထိုမှလွန်မြောက် သတ္တုတွင်းထဲက ပြန်ရောက်ပြန်သောအခါဝယ် ကျွန်တော်သည် ခြံဥယျာဉ်ကျယ်ကြီးတစ်ခုအတွင်း၌ အသီးအရွက်ပင်တွေကို ရေလောင်းလျက် ရှိပြန်လေ သည်။ အကြောင်းမှာ ဤဓာတ်သတ္တုပြခန်း၏တစ်ဖက်၌ ကြီးမားထွားရှားလှသော မုန်ညင်းပင်၊ မုန်လာထုပ်၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ ပဲသီးတောင့်ကြီးများကို မြင်သည်နှင့် ကျွန်တော်သည် ဥယျာဉ်စိုက်သမားဘဝသို့ စိတ်ကူးယဉ်မိပြန်ခြင်း ဖြစ်လေသည်။ ကျွန်တော်တို့ အောက်မြန်မာပြည်က ဟင်းသီးဟင်းရွက်နှင့်မတူ၊ များစွာပင် ပိုမိုကြီးမား စိုပြည်လှပေသည်။

အို... ဘယ့်ကချင်၊ မြေဆီသြဇာလည်းကောင်း၊ မြေအောက်သတ္တုတွေကလည်း စုံလှရန်ကော၊ ဘယ်သောအခါမှ ပြိုင်စံကျော်မယ့် နိုင်ငံတော် ပြည်သူ့ရတနာတွေကို ထုတ်ဖော်သုံးဆောင်နိုင်ပါအံ့နည်း။

ကချင်ပြည် သတ္တုတွင်းနှင့် လက်မှုပညာဘက်ဆိုင်ရာဌာနမှ ငါးနှစ်စီမံကိန်း အကွက်ရိုက်ထားသော ပုံစံ Plan ကို ဤပြပွဲမှာပင် တွေ့ရသည်။ ဝမ်းသာစရာ။

ထိုနေရာမှ တစ်ဖက်ဆောင်သို့ ကွေ့လိုက်ပြန်သောအခါဝယ် ဝါပင် ဝါဂွမ်းထွေးတွေ ကို မြင်ရသည်။ ကချင်ပြည်သည် ဝါလည်း ထွက်၏။

ဝါမှချည်မျှင်ဖြစ်အောင်လုပ်ပုံကို ပြသသည်။ ကချင်မတစ်ယောက်သည် ခြေဆင်း ထိုင်ကာ အသင့်ရှယ်ပြီးသား ချည်တန်းကို ခါးနှင့်ခြေဖဝါးတွင် သိုင်းလျက် ဂျပ်ခုတ်ဖျဉ် ရက်နေပုံကိုပြသည်၊ သူ့ကိုယ်သည်ပင် ရက်ကန်းစင်၊ ဘယ့်ကလောက်ပင်လျှင်တော်ပေ သနည်း။

"ဒါ... ဦးသော်တာဆွေ မဟုတ်ပါလား"

ကျွန်တော်သည် ကချင်မရက်ကန်းရက်နေပုံကို ငေးစိုက်ကြည့်ရှုနေစဉ် အသား ဖြူဖြူ လူငယ်တစ်ယောက်က လာရောက် နှုတ်ဆက်သဖြင့် ကျွန်တော်သူ့ကို အကဲခတ် သလိုကြည့်ပြီး

"အို... သိပြီ၊ ကသာက မောင်လှကြည် မဟုတ်လား..."

mgyoe.com

 mgyoe.com 

သူသည် ဝမ်းသာအားရ ရယ်မောလိုက်လေသည်။

မောင်လှကြည်မှာ ကျွန်တော်၏ကလောင် မိတ်ဆွေတစ်ယောက်ဖြစ်၍ ဓာတ်ပုံချင်းလဲလှယ်ထားကြသည်။ ကျွန်တော် ကသာမြို့ကို နောက်ခံထား၍ ဝတ္ထုရေးလိုလျှင် ကျွန်တော်သိချင်သောအကြောင်းများကို သူ့ဆီ စာရေးမေးရသည်။ မောင်လှကြည်သည် မီးရထားဘက်တွင် အလုပ်လုပ်၏၊ ကျွန်တော်က ဆက်လက်၍။

"မမျှော်လင့်ဘဲနဲ့ တွေ့ရတာ ဝမ်းသာလိုက်တာကွယ်"

"ကျွန်တော်က ကိုဆွေ ပါတယ်ဆိုတာ ကြားလို့ ဒီနေ့ပဲ မီးရထားနဲ့လိုက်လာခဲ့တာ"

"ကသာ မြစ်ကြီးနားရထားက မိုးညှင်းမှာ တစ်ညအိပ်ရသေးတယ် မှတ်လား"

"ဟင့်အင်း အခု မအိပ်ရတော့ဘူး။ နေ့ချင်းပေါက်ရောက်ပြီ။ ကျွန်တော် ရောက်ရောက်ချင်း ကိုဆွေတို့တည်းတဲ့ နေရာကိုသွားမေးတယ်၊ ဟိုမှာ မတွေ့တာနဲ့ ဒီအထဲလျှောက်ရှာတာ၊ ဘယ့်နှယ် ဒီမြစ်ကြီးနား ပြပွဲကြည့်ရတာ ပျင်းစရာမကောင်းဘူးလား"

"မပျင်းပေါင်ကွယ်... အင်မတန် စိတ်ဝင်စားစရာကောင်းတာတွေ မြင်ရတာပဲ"

"စာရေးဆရာတွေအဖို့တော့ ဟုတ်မှာပေါ့လေ၊ နို့ စာရေးဆရာတွေထဲက ဘယ်သူတွေပါသလဲ"

ကျွန်တော်သည် သူနှင့်စကားပြောရင်း နှစ်ယောက်သား အပြင်သို့ထွက်ခဲ့ကြလေသည်။

ကျွန်ုပ်တို့သည် လူပေါင်းများစွာကို အကြောင်းအားလျော်စွာ တွေ့ဆုံဆက်ဆံကြရာ၌ (၁) အထူးသဖြင့် ခင်မင်ရင်းနှီးမိသူများ၊ (၂) သာမန်ကာလျှံကာနှင့် အဆုံးသတ်ခဲ့သူများ၊ (၃) တစ်ခါဆက်ဆံ ဆယ်ခါလန်သူများဟူ၍ ပုထုဇဉ်တို့ဘဝသုံးမျိုးသုံးစားကို တွေ့ကြုံတတ်ပေရာ ယခုကျွန်တော်စိတ်သည် မောင်လှကြည်နှင့် တွေ့ဆုံမိရာ၌ နံပါတ် (၁) အမျိုးအစားတွင် ဖြစ်တည်မိလေသည်။ ဗုဒ္ဓဘာသာတရားတော်အလာ ဆိုလျှင် ဘဝပါရမီဟု အမည်တပ်ရမည်။

ထို့ကြောင့် ကျွန်တော်သည် မောင်လှကြည်အပေါ်တွင် မိတ်ဆွေရင်းချာ သို့မဟုတ် ညီငယ်ပမာ ချစ်ခင်မိကာ သူ့အလုပ်အကိုင်အကြောင်းနှင့် သူ့အခြေအနေကို စိတ်ဝင်စားစွာ မေးမိလေသည်။

မောင်လှကြည်သည် အသက် ၂၃ နှစ်ခန့် အသားဖြူဖြူ၊ လူရည်သန့်သန့်၊ လူချောလူလှဟုမဆိုနိုင်သော်လည်း အများတကာတို့ပသာဒတွင် နှစ်လိုဖွယ်သော ရုပ်ဆင်းသဏ္ဌာန်ကို ဆောင်လေသည်။

mgyoe.com

mgyoe.com

သူ့မျက်နှာကို သေချာစွာ ကြည့်မိရာ၌ ကျွန်တော့်စိတ်တွင် အဘယ်ကဲ့သို့ဖြစ်သည်မသိ၊ 'အစ်ကိုလေး ရှာပေးတဲ့ ယောက်ဖယူမှာလား' ဟု ကျွန်တော်က မေးခဲ့သော မမြရီကလေးကိုသာ သတိရမိလေသည်။

နာမည်တွေကလည်း မောင်လှကြည်၊ မြမြရီ နဘေထပ်၊ ရုပ်ရည်ချင်းကလည်း ခပ်ဆင်ဆင်၊ နေရပ်ကလည်း ကသာနဲ့ မြစ်ကြီးနားဆိုတော့ မီးရထားနှင့် တစ်နေ့ခရီးနီး၏။ မင်းရှင်နှင့်ဆိုလျှင် ကျွန်တော့်ညီမလေးမှာ ပဝါပါးပါး ကြက်သားထုပ်တော့ စွန်းနေမှာစိုးရသေးသည်။ (ဒါ့ကြောင့်ပါ ဖိုးမင်းရှင်ရာ)

ထို့ကြောင့် ကျွန်တော်သည် သူနှင့် ဟိုစကား သည်စကား ပြောနေရာမှ

"ဟေ့... မောင်လှကြည် ကိုယ်မေးမယ် မှန်တာပြောစမ်း"

"ဘာလဲ... ကိုဆွေ"

"မင့်မှာ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ ရည်းစားရှိပလား"

"ဘာလို့လဲ ကိုဆွေ"

"ဘာလုပ်လုပ် မေးတာ ပြောစမ်းပါ"

"ရည်းစားဆိုလို့ ကိုဆွေရေးသလိုပဲ မူးလို့တောင် ရှူစရာမရှိပါဘူးဗျာ"

"တကယ်နော်"

"အို... ကိုဆွေကို ဘာလို့လိမ်ပြောမလဲဗျာ၊ တကယ်လို့ ကျွန်တော့်မှ ရှိနေတောင် ယူသင့် မယူသင့် ကိုဆွေကိုပြပြီးတိုင်ပင်မှာပါ"

"ကဲ... ဟန်ကျပြီ၊ ဒါဖြင့် ကိုယ်က မောင်လှကြည်နဲ့ တော်တယ်ထင်လို့ ဆွယ်ပေးတဲ့မိန်းကလေးကို ယူမလား"

"ဟာ... သူကပါ ကြိုက်မယ်ဆိုရင် ယူမှာပေါ့... ဘယ်မှာလဲ ကိုဆွေရ ရန်ကုန်သူလား"

"နေဦးလေ... ခုမပြောသေးဘူး"

"ကဲ... ကိုဆွေဆီက အခုစကားလက်ဆောင်ရတာနဲ့ပဲ ဝမ်းသာလှပါပြီဗျာ၊ ကျွန်တော်ကလည်း ကိုဆွေ့ကိုလက်ဆောင်ပေးဖို့ ကချင်လွယ်အိတ်ကလေးတစ်လုံး ဝယ်ထားပါတယ်" ဟုဆိုပြီး ပုတီးစေ့ပန်းကွက်တွေနှင့် လှပသော လွယ်အိတ်ကလေးကို ပေးလေရာ ကျွန်တော်မှာ ရုတ်တရက် ပုံပြင်တစ်ခုကို သတိရပြီး ကျွန်တော့်ကုတ်အင်္ကျီအိတ်ထဲတွင် အသင့်ပါခဲ့သော မမြရီလေးက ကျွန်တော့်ကို လက်ဆောင်ပေးလိုက်သည့် ဆွယ်တာအင်္ကျီကို မောင်လှကြည်သို့ ပေးလိုက်လေသည်။

"ဟာ... နေပါစေ ကိုဆွေဝတ်ဖို့ အင်္ကျီ မဟုတ်လား..."

mgyoe.com

"မဟုတ်ဘူး... ဒါအပိုပါ၊ ကိုယ့်မှာ ဝတ်လျက်သား ရှိပါတယ်၊ မင်းနဲ့လည်း တော်ရုံနေမှာပါပဲ။ ကဲ... ဝတ်ကြည့်စမ်း"

ကံအားလျော်စွာ ဆွယ်တာမှာ မောင်လှကြည်နှင့် အံကိုက်ဖြစ်နေလေသည်။ ကျွန်တော်၏စိတ်ကူးမှာ ဤဆွယ်တာကို မောင်လှကြည်အား ပေးရုံမျှမဟုတ်သေးဘဲ သူပေးသော လွယ်အိတ်ကလေးကိုလည်း မမြရီလေးသို့ သွားပေးလိုက်ဦးမည်။

အကြောင်းသော်ကား ကျွန်တော်ဖတ်ဖူးသောပုံပြင်မှာ

* * *

## (က)

ရှေးသရောအခါ အိန္ဒိယပြည်မြောက်ပိုင်း မြင်းကုန်သည်တို့ စတည်းချရာ မြို့ငယ်ကလေးတစ်ခုတွင် ဝါလီဒက်မည်သော မြက်ရိတ်သမားတစ်ယောက်ရှိသတတ်။

ဝါလီဒက်သည် သံယောဇဉ်မရှိ၊ တစ်ကိုယ်တည်း လူပျိုကြီးဘဝနှင့် ရိုးရှင်းစွာ နေထိုင်လျက် တစ်နေ့လျှင် သူမြက်ရောင်း၍ ရသော ငါးပဲနိအနက်မှ ၂ ပဲနိကို အဝတ်နှင့် အစားအတွက်သုံး၍ ၃ ပဲနိကို နေ့စဉ်မှန်မှန်ကြီးစုဆောင်းခဲ့လေရာ ကာလကြာမြင့်လတ်သော် သူ့သေတ္တာပြည့်လေသည်နှင့် ဖွင့်၍ကြည့်မိရင်း "အင်း... ဤမျှများပြားသောငွေကို ငါအသို့အသုံးပြုပါအံ့နည်း၊ ငါ့အတွက်တော့ ယခုငါ့ဘဝနှင့်ပင် ကျေနပ်နေပြီဖြစ်၍ သုံးစရာမလိုတော့ပြီ" ဟု တွေးတောကာ စိတ်ကူးတစ်ခုရသည်နှင့် ရှိသမျှငွေကို လက်စွပ်တစ်ကွင်းလုပ်လိုက်ပြီး သူ့မိတ်ဆွေ အဘဒူလ်ကိုခေါ်၍

"ဟေ့... သူငယ်ချင်း မင်းကတော့ ကုန်သည်ဘဝနဲ့ အရပ်လေးမျက်နှာရောက်နေတဲ့အကောင်ကွ၊ ငါမေးစမ်းပါရစေ.... မင်းရောက်တဲ့တိုင်းပြည်တွေထဲမှာ ဘယ်တိုင်းပြည်က မင်းသမီးဟာ အချောဆုံးလဲ"

အဘဒူလ် "ခေစတန် မင်းသမီးဟာ အလှဘုရင်ပေါ့ကွဲ့... ဘာဖြစ်လို့လဲ"

"ကဲ ဒါဖြင့် ဒီလက်စွပ်ကို ပစ္စည်းဥစ္စာမမက်မောတဲ့လူတစ်ယောက် လက်ဆောင်ဆက်လိုက်တယ်ဆိုပြီး ပေးလိုက်စမ်းပါကွယ်"

## (ခ)

ခေစတန်မင်းသမီးသည် ဝါလီဒက်၏လက်စွပ်ကို ဆက်သခြင်းခံရသည်တွင် အဘဒူလ်အား ဤပစ္စည်းဥစ္စာမမက်သောသူ၏အမည်ကို မသိရဘူးလားဟု မေး၏။ အဘဒူလ်က ထိုသူကိုယ်တိုင် နောက်နောင်၌ သူ့အမည်သူဖော်ကောင်းဖော်ပါလိမ့်မည်ဟု

mgyoe.com

လိမ္မာစွာ လျှောက်သည်နှင့် မင်းသမီးက

"ကဲ... ကောင်းပါပြီလေ ကျွန်ုပ်ကလည်း သူ့ဆီကို လက်ဆောင်ပစ္စည်း ပြန်ပေးလိုက်ပါရစေ" ဟုဆိုပြီး ဝန်တင်မြင်းတစ်ကောင်နှင့်အပြည့် လှပသော အဝတ်တန်ဆာတွေကို အဘဒူလ်လက်သို့ အပ်လိုက်လေသည်။

(ဂ)

ဝါလီဒက် "ဟာ... ဒုက္ခပါပဲ အဘဒူလ်ရာ... ပစ္စည်းဥစ္စာမလိုချင်ဘူးဆိုမှပဲ ဒီလိုအဖိုးတန်အဝတ်အစားတွေ ငါ့အဖို့ ဘာလုပ်ရမလဲ"

အဘဒူလ် "မင်းပွဲလမ်းသဘင်ရှိတော့ ဝတ်ပေါ့ကွ..."

ဝါလီဒက်၊ "ငါမြက်ရိတ်သမားနဲ့ မသင့်လျော်ရန်ကောကွာ... ဩော်... ဒါထက်ဟေ့ အဘဒူလ် ငါစိတ်ကူးတစ်ခုရပြီ... ဘယ်တိုင်းပြည်က မင်းသားဟာ သူရသတ္တိအကောင်းဆုံးလဲ မင်းသိတာထဲကပြောစမ်း"

အဘဒူလ်က "နယ်ကဘက်မင်းသားဟာ အချွန်ဆုံးအမွန်ဆုံးပေါ့ကွ..."

ဝါလီဒက် "ကဲ ဒါဖြင့် ဒီမြင်းနဲ့ ဒီအဝတ်အစားတွေကို ပစ္စည်းဥစ္စာမမက်မောတဲ့လူတစ်ယောက်ကပဲဆိုပြီး လက်ဆောင်ဆက်လိုက်ကွာ"

(ဃ)

အဘဒူလ်က နယ်ကဘက်မြို့မှ ပြန်လာသောအခါတွင် ချောမောလှပသော မြင်းကြီးဆယ်ကောင် ပါလာလေသဖြင့် ဝါလီဒက်သည် "ဟယ်... ငါတို့မြို့ မြင်းသစ်တွေရောက်လာပြန်ပဟဲ့... ငါမြက်ရိတ်ပြေးဦးမှာပဲ" ဟု အော်ဆောင့်သွားလေရာ အဘဒူလ်က

"ဟေ့... ဝါလီဒက် နေပါဦးကွ"

"ဘာတုန်းကွ..."

"အဲဒါ မင်းမြင်းတွေပဲ၊ နက်ကဘက်မင်းသားက ပြန်လက်ဆောင်ပေးလိုက်တာဆရာ"

"ဟယ်... တကယ်..."

"ဘုရားစူး မိုးကြိုးပစ်၊ ကားတိုက်၊ ကျားကိုက် ခွေးဘုရင်ဂျိနာပေါက်ရစေရဲ့ကွာ"

ဝါလီဒက်ကြီး ဖင်ထိုင်ကျသွားကာ

"ဟယ်... ငါလခွီးတဲ့၊ ဒီမြင်းဆယ်ကောင်ကြီး ငါက နေ့စဉ်မြက်ရိတ်ကျွေးရမယ်၊

mgyoe.com
နဲ့ပြီး သူတို့ပြုစုဖို့ ဆိုက်ကုလားတစ်ယောက် ငှားထားရဦးမယ်၊ မဖြစ်ပါဘူးကွာ... မဖြစ်ပါဘူး၊ မင်းတစ်ကောင်ယူ ကျန်တဲ့ကိုးကောင်ကို ဟိုမင်းသမီးပဲ သွားလက်ဆောင် ဆက်လိုက်ကွာ"

(င)

မင်းသမီးသည် "ပစ္စည်းဥစ္စာမမက်မောသူ" ထံမှပင်ဆို၍ ဤမြင်းကိုးကောင်ကို လက်ခံရရှိပြန်သောအခါတွင်

"အို... ဒီလူတော့ ကျွန်မကို အနားပေးတော့မှာ မဟုတ်ပါဘူးရှင်၊ ဒီလူ့နာမည်က ဘယ်သူလဲ... သူက ဘာလဲ ကျွန်မ သိပြစေ..."

ဤနေရာ၌ အဘဒုလ်သည် ဝါလီဒက်အား ဆင်းရဲသားမြက်ရိတ်သမားဖြစ်ကြောင်းကို မဖော်ပြလို၊ မသိစေချင် ထို့ပြင် စိတ်ကူးတစ်ခုရသည်နှင့်

"ဤလူမှာ ဝါလီဒက်ခေါ် အင်မတန် ပစ္စည်းဥစ္စာချမ်းသားတဲ့သူ ဖြစ်ပါတယ်၊ ယခု သူ့သဘောက အရှင်မင်းသမီးရဲ့ရူပါရုံဂုဏ်သတင်းကို ကြားတာနဲ့ မင်းသမီးကို တွေ့ခွင့်ရသည်တိုင်အောင် လက်ဆောင်များဆက်သနေမည်ဖြစ်ပါတယ်"

မင်းသမီးသည် သူ့ခမည်းတော်ဆီကို သွားကာ ဤအကြောင်းကိုပြောပြပြီး ထိုသူ လက်ဆောင်ရပ်သွားအောင် အသို့ပြုရပါမည်နည်းဟု မေးရာ ခမည်းတော်ဘုရားက

"ဒါမျိုးက လက်ဆောင်ချင်းပြိုင်တဲ့ကိစ္စ၊ လှေမျောလှေနဲ့လိုက် ငွေမျောငွေနဲ့ လိုက်... အယ်ဟုတ်ပါဘူး သူ့လက်ဆောင် ရပ်သွားအောင်ဆိုရင်... သူ့လက်ဆောင်ထက်သာပြီး သူက တို့ထက်မသာနိုင်တဲ့လက်ဆောင်ကို သမီးတော်က ပြန်ပေးလိုက်ကွယ်"

(စ)

ခေစတန်မြို့တော်မှ အဘဒုလ်ပြန်လာသောအခါတွင် ငွေသားတွေနိုင်သလောက် တင်ထားသော မြင်အကောင်နှစ်ဆယ်ပါလာတော့သည်။ ဝါလီဒက်ကြီး မျက်လုံးပြူးကာ...

"ဟယ်... သောက်ကျိုးနဲ့... အကျယ်... အကျယ်မငြိမ်းဖွယ်တွေတော့ဖြစ်ပဟော့... ဒီငွေတွေငါပိုင်ရင် ငါ့အိမ် ခိုင်ခိုင်လုံလုံဆောက်ပြီး စောင့်ထိန်းရတော့မယ်၊ သူခိုးဓားပြ ရန် ပူပန်ရတော့မယ်... ငါ့အသက်အန္တရာယ် စိုးရိမ်ရတော့မယ်... မဖြစ်ဘူးကွာ... မဖြစ်ဘူး... သွားကွာ မင်းတစ်ကောင်ယူ၊ ကျန်တဲ့ဟာကို ဟိုမင်းသားပဲ လက်ဆောင်ဆက်လိုက်"
mgyoe.com

mgyee.com

(ဆ)

နက်ကဘက်မင်းသားအား အဘဒူလ်က ပစ္စည်းဥစ္စာကိုမမက်မောသူ့ထံမှဟုဆို၍ ငွေအပြည့်တင်ထားသော မြင်း ၁၉ ကောင်ကို ဆက်သသောအခါ မင်းသားက

"အင်း... ဒီဝါလီဒက်ဆိုတဲ့ လူဟာဖြင့် သူ့မှာ ပစ္စည်းဥစ္စာရတနာတွေ သိပ်ချမ်းသာနေလို့ မမက်မောတာပဲ၊ ငါကလည်း သူ့ထက်သာတာကို ပြန်ပေးနိုင်ရမပေါ့" ဟုဆိုပြီး ဤမြ ၁၉ ကောင်ကိုပင် ရွှေအပြည့်တင်၍ ပြန်ပေးလိုက်လေသည်။

(ဇ)

ဤမြတွေရွှေအပြည့်နှင့် ခေစတန် မင်းသမီးဆီရောက်သွားသောအခါ မင်းသမီးပင် မျက်လုံးပြူး၍ သူ့ဖခင်နှင့် အကျိုးအကြောင်း တိုင်ပင်ရလေသည်။

"ဒီလောက် လက်ဆောင်တွေရတာ သမီးတော်ဖြင့် အံ့သြတော့တာပဲ"

"မအံ့သြနဲ့ သမီးတော်လို ချောမောလှပတဲ့ မင်းသမီးဟာ ဒီလိုလက်ဆောင်ပဏ္ဏာမျိုး ရထိုက်ပေတယ်။ ဒီဝါလီဒက်ဆိုတဲ့လူဟာ သူကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် အသက်ကြီးနေရင် သူ့သားနှင့်သော်လည်းကောင်း၊ သမီးတော်ကို လက်ထပ်ချင်လို့ ဖြစ်ရမယ်။ နို့ပြီး ငါတို့မှာလည်း ဒီဝါလီဒက်က မင်းမျိုးမင်းနွယ်မဟုတ်သော်လည်း ပစ္စည်းဥစ္စာချမ်းသာတဲ့သူကို လက်ထပ်နိုင်တယ်။ ဒါကြောင့် ငါတို့က ဒီဝါလီဒက်ဟာ ဘယ်လိုလူလဲဆိုတာသိရအောင် သူ့ဆီကို ဧည့်သည်အဖြစ်နဲ့ သွားကြည့်ရမယ်"

(ဈ)

ယင်းသည့်အကြိုက်ဝယ် နက်ကဘက်မြို့တော်မှာလည်း နက်ကဘက်မင်းသားသည် ဝါလီဒက်ကိစ္စနှင့်ပတ်သက်၍ သူ့မှူးကြီးမတ်ရာ သေနာပတိကြီးတို့နှင့် တိုင်ပင်လျက်ရှိလေသည်။

ဝါလီဒက်အကြောင်း အမျိုးမျိုးထင်မြင်ချက်ပေးကြပြီး နောက်ဆုံး၌ အရေးပါအရာရောက်ဆုံးသော ပညာရှိအမတ်ကြီးက

"ကျွန်ုပ် ဒီဝါလီဒက်ဆိုတဲ့လူချမ်းသာကြီးဟာ အရှင်မင်းသားရဲ့ သူရသတ္တိနဲ့ တရားဓမ္မပြည့်ဝတဲ့ ဂုဏ်သတင်းကိုကြားလို့ သူ့သမီးကို ဆောင်နှင်းချင်တဲ့အတွက် ဒီလိုလက်ဆောင်တွေ ဆက်နေတာဖြစ်ရမယ်။ ဒီတော့ အရှင်မင်းသားက သူဘယ်လိုလူလဲဆိုတာ သိရအောင် မှူးကြီးမတ်ရာ အခြွေအရံတွေနဲ့ သူ့ဆီကို ဧည့်သည်အဖြစ်နဲ့ သွားဖို့ ကောင်းကြောင်းပါဘုရား" .

mgyee.com

(ည)

တစ်နေ့သော နေ့လယ်ခင်း၌ ဝါလီဒက်သည် သူ့တဲအိမ်ငယ်ကလေး၌ တစ်ယောက်တည်း ထိုင်နေစဉ် အဘဒူလ်သည် မောကြီးပန်းကြီးနှင့် အပြေးရောက်လာကာ...

"ဟေ... ဝါလီဒက်... ဝါလီဒက်... ပြေးကွ... ပြေးကွ... ဒို့မြို့မှာ မင်းနှစ်ပါး အရှေ့အရပ်ကတစ်ဦး အနောက်တစ်ရပ်ကတစ်ဦး စစ်သည်တော် အခြွေအရံတွေနဲ့ ရောက်လာကြတယ်... စစ်ကြီးဖြစ်တော့မယ်ကွ"

သို့တမူ ဝါလီဒက်သည် မည်သို့မှမချောက်ချားဘဲ။

"ဟဲ့.... သူတို့က ဒို့မြို့လာပြီး ဘာလို့စစ်တိုက်ကြမှာတဲ့လဲ"

"မသိဘူး... မင့်ရှိတဲ့ ပစ္စည်းလေးသာ သိမ်းပြီးပြေးပေတော့ နို့မဟုတ်ရင် စစ်ကြားညပ်ပြီး သေလိမ့်မယ်..."

သို့ရာတွင် ဝါလီဒက်က အေးဆေးစွာပင်....

"ဟဲ့ ငါသိမ်းစရာ ပစ္စည်းလည်း မရှိဘူး။ သေမှာလည်း မကြောက်ပေါင်ကွယ်... မင့် ပြေးရတာက သေရတာထက် ပင်ပန်းနေဦးမှာ မပြေးချင်ပေါင်ကွယ်"

အဘဒူလ်က စိတ်ပျက်စွာ ပြန်သွားပြီးနောက် တစ်ခေါက်ပြန်လာကာ...

"ဟော့ ဝါလီဒက် ဝါလီဒက်... သူတို့က စစ်ဖြစ်ရအောင် လာတာမဟုတ်ဘူးတဲ့ ဆရာ... ခေစတန်မင်းသမီးနဲ့ နက်ကဘက်မင်းသား မင့်ဆီကိုအလယ်လာကြတာတဲ့ ဆရာရေ့"

ယင်းသည်၌ကား ဝါလီဒက် မျက်လုံးပြူးကာ။

"ဟေ... ငါ့ဆီကို လာကြတာတဲ့ ငါသူတို့ကို ဘယ့်နှယ်လုပ် ဧည့်ခံမလဲကွာ ပြေးမှာပဲ" ဟုဆိုပြီး တစ်ဟုန်တည်း သုတ်ခြေတင်လေသတည်း။

(ဠ)

ခေစတန်မင်းသမီးနှင့် နက်ကဘက်မင်းသားတို့ မျက်နှာချင်းဆိုင် တွေ့ကြလတ်သော် ချောမောလှပကြသူများဖြစ်သည့်အားလျော်စွာ တစ်ယောက်တစ်ယောက် "ချစ်ချင်းအစ မျက်စိက' ကျပြီး မင်းသားက

"ခင်ဟာ ဒီမြို့က သူဌေးကြီး ဝါလီဒက် သမီး မဟုတ်လား"

(မင်းသမီး) "ရှင့်ကို ကျွန်မက ဦးဝါလီဒက်ကြီးသား အောက်မေ့နေတာ..."

တစ်ဖက်နှင့်တစ်ဖက် အဖြစ်မှန်သိကြသောအခါဝယ် မင်းသားက "ကျုပ်သဘောဖြင့် ဝါလီဒက်ဟာ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ သူ့သမီးက ဘယ်လောက်ပဲ ချော

ချော ခင့်ကိုမြင်ရတာနဲ့ ဘယ်သူ့မှမချစ်နိုင်တော့ဘူး"

(မင်းသမီး) "ခင်သဘောကလည်း မောင်ကလွဲ ဖွဲ့နဲ့ ဆန်ကွဲချည့်ဖြစ်သွားပြီရှင့်..."

"အဲဒါကောင်းတယ်တော့..."

အနီးရှိ အပျိုတော်တစ်ယောက်က လျှောက်တင်လိုက်လေသည်။

ယင်းသည်အခိုက်ဝယ် ကုလားအဘိုးကြီးတစ်ဦးသည် ကမူးရှူးထိုးနှင့် မြို့ထဲမှ အရမ်းပြေးလာရင်း မင်းသားကို ဝင်တိုက်မိကာ နှစ်ယောက်စလုံးလဲလေသည်။ အကြောင်းမှာ ဝါလီဒက်သည် ကြောက်အားလန့်အားနှင့် သူ့ရှေ့တွင် ဘာမျှမမြင်အောင် မွှန်ထွန်နေခြင်း ဖြစ်လေသည်။

ဆင်းရဲသားကို ချစ်ကြင်နာတတ်သော မင်းသားသည် အလျင်ထ၍ အဘိုးကြီးကို ထူလိုက်ကာ

"ဘာကြောင့်များ ဒါလောက် ပြေးလာရတာလဲ အဘိုးကြီး၊ ဒီမြို့က ဝါလီဒက် ဆိုတဲ့ လူရဲ့အိမ်ကိုများ မသိဘူးလား"

"သိ... သိ... သိပါတယ်"

"သိရင် ကျွန်ုပ်တို့ကို လိုက်ပို့စမ်းပါ။ ကျွန်ုပ်တို့က သူ့ဆီကို ဧည့်သည်အဖြစ် လာခြင်း ဖြစ်ပါတယ်"

ဝါလီဒက်မျက်လုံးပြူးကာ

"မသွား.... မသွားပါနဲ့ အရှင်မင်းသား"

"ဘာကြောင့်လဲ အဘိုးကြီး"

"ဝါလီဒက်... ဝါလီဒက်သေတာ အတော်ကြာပါပြီ"

ယင်းသည်၏နောက်ပိုင်း၌ မင်းသားနှင့် မင်းသမီးသည် လက်ထပ်လိုက်ကြ၍ ရွှေနန်းတော်တွင် ပျော်ရွှင်စွာနေကြလေသည်။ ဝါလီဒက်သည် မြက်ရိတ်သောအလုပ်နှင့်ပင် သူ့တဲငယ်မှာနေလေသည်။

ဤသုံးယောက်တွင် ဝါလီဒက်သည် အပျော်ရွှင်ဆုံးလူဖြစ်ကောင်းဖြစ်လိမ့်မည်ဟု သူ့မူရင်းစာရေးဆရာက ဆိုလေသည်။ (သူ့မူရင်းကို အတိုချုံး၍ ကျွန်တော့်စကားသုံးနှင့် ဘာသာပြန်ထားခြင်း ဖြစ်ပါသည်)

ကျွန်တော်က ဘာမျှမပြောလိုပါ၊ ကျွန်တော့်အကြံအစည်မှာ ကျွန်တော့်ကိုယ် ကျွန်တော် ဝါလီဒက်ကြီးနည်းယူ၍ မောင်လှကြည်လက်ဆောင်ကို မမြရီလေးသို့လည်းကောင်း၊ မမြရီလေး လက်ဆောင်ကို မောင်လှကြည်သို့လည်းကောင်း၊ ပေးကမ်းလိုက်ပြီး၊ သူတို့နှစ်ယောက်ကို မိတ်ဖွဲ့ပေးလျက်၊ ဤလက်ဆောင်ကိစ္စကိုသိစေကာ ကျွန်တော်

ရန်ကုန်ပြန်ရောက်အခါတွင် အထက်ပါပုံပြင်ကို နှစ်ဦးစလုံးထံ ရေးပို့လိုက်မည်။ ‘ငါ... ဝါလီဒက်ဖြစ်ရပစေကွာ’ ဟုလည်း ပြောမည်။

ဟော... တွေးတောကြံစည်နေစဉ်မှာပင် သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးရတော့မည်။ အကြောင်းမှာ မမြရီလေးသည် မိန်းကလေးအဖော်တစ်ယောက်နှင့်အတူ ကျွန်တော်တို့နှင့်မျက်နှာချင်းဆိုင် လာနေသည်။

ကျွန်တော်လှမ်း၍ ပြုံးလိုက်သည်။ အနီးသို့ရောက်လတ်သော်...

ဟိုက်... ကြည့်ပါဦးတော့...

မမြရီကလေးသည် မောင်လုကြည်ကိုကြည့်ကာ...

“ကိုကို ဘယ်တုန်းကရောက်တာလဲ”

“ကျွန်တော့်မှာ အံ့အားသင့်သလိုဖြစ်ကာ...

“ဟင်... မင်းတို့ချင်းသိနေကြပြီလား”

“မောင်နှမအရင်းပဲ အစ်ကိုလေးရဲ့၊ ကျွန်မထက် အကြီးတစ်ယောက်ဆိုတာ သူပေါ့”

*ရှုမဝမဂ္ဂဇင်း၊ အမှတ် (၄၆)၊ ဖေဖော်ဝါရီ၊ ၁၉၅၁။*

❐

mgyoe.com

mgyoe.com

# စုံထောက်ဦးနံ့ပြား

## ပရော်ဖက်ဆာ၏မယားပျောက်မှုကြီးကို စုံထောက်ခြင်း

စုံထောက်ဦးနံ့ပြားသည် ရှုမဝတွင် ယခုမှ ပထမဖြစ်၍ "ရှေးယခင်က ၁၉၅၀ ပြည့်နှစ် နတ်တော်လ စာရေးဆရာမဂ္ဂဇင်း၌ အစပြုခဲ့ကာ ၅၁ ခုနှစ် စုံထောက်မဂ္ဂဇင်းမှာ သုံးလေးပုဒ်မျှ ရေးခဲ့ဖူးသည်။ ထို့နောက် "ဤမောင်မင်းကြီးသားကို" ကျွန်တော်ခေါင်းထဲ အကြောင်းမတိုက်ဆိုက်၍ အဆက်ပြတ်ခဲ့သည်။ ယခုမှ ကိုရွှေကျော်က "ခင်ဗျာ ဆရာကြီးဆီက စုံထောက်ဦးစံရှားလည်း မလာတာကြာပြီ၊ ခင်ဗျား ဦးနံ့ပြား လုပ်စမ်းပါဦးဗျာ" ဆိုသည်နှင့် ကိုရွှေကျော်သာမက တင့်တယ်အမှုုးရှိသည့် ရှုမဝတိုက်သားအားလုံးကပါ ခယတောင်းပန်ကြသောကြောင့် (အဟမ်း) သံဃာ့အား ဘုရားမှ မဆန်သာဆိုဘိ သကဲ့သို့ (အဟိ) ကျွန်ုပ်၏ဦးနှောက်ကို ခလောက်ရပေသည်။

ထိုကြောင့် ဤဝတ္ထုမကောင်းလျှင် ခိုင်းစေကြသော ဒင်းတို့ငမိုက်သားတစ်စုကို အပြစ်တင်၍ ကောင်းလျှင်မူကား ကျွန်တော့်တစ်ဦးတည်းကိုသာ ချီးမွမ်းတော်မူပါရန် လေးမြတ်စွာ အစီရင်ခံပါသည်။

အင်း... ကိုယ့်ကလောင်ကိုယ်တယ်ပြီး စိတ်မချလှသဖြင့် အနှီသို့စကားပလ္လင်ခံပြီးနောက် စာဖတ်သူနှင့် ဦးနံ့ပြားကို မိတ်ဆက်ပေးပါမည်။

စာဖတ်သူများသည် ဆရာကြီး ရွှေဥဒေါင်း၏ ဦးစံရှားဝတ္ထုများကို ဖတ်ဖူးကြမည်ဖြစ်ပါ၍ ကျွန်တော့်စုံထောက် ဦးနံ့ပြားအကြောင်းကို အထူးဖော်ပြနေစရာ လိုမည်မထင်ပါ။

mgyoe.com

"မင့်ဦးနံပြားက... စုံထောက်တဲ့နေရာမှာ ဦးစံရှားအတိုင်းပဲ... မို့လား..." မေး။

မဟုတ်ပါ။ လုံးဝမဟုတ်ပါ။ ကျွန်တော့်ဦးနံပြားသည် ဆရာကြီး၏ဦးစံရှားနှင့် နေရာတကာတွင် အစစအရာရာ ဆန့်ကျင်ဘက်ကျသောအကြောင့် ဖြစ်ပါ၏။

ဥပမာ "ဦးစံရှားသည် ဆေးတံကိုခဲ၍ ပက်လက်ကုလားထိုင်ပေါ်မှိန်းကာ စဉ်းစား ခန်းဝင်ရာ၌ ဆိတ်ငြိမ်လွန်းလှသဖြင့် အသက်မှရှိပါသေးရဲ့လားဟု ထင်ရသည်။ သူ့ ဆေးတံက မီးခိုးငွေ့များကြောင့်သာ" ဟု ကိုသိန်းမောင် ရေး၍၊ ဦးနံပြားကိုမူကား "ဒီ ဟာကြီး စဉ်းစားပြီဆိုလျှင် ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို မီးတဖွားဖွား တရဲရဲဖွာ တဖျောက်ဖျောက်ပေါက်နေသော သူ့မီးဖွားတွေ သူရှောင်ရတိမ်းရသဖြင့် အမဲခြောက်ဖုတ် က ကနေသလားထင်ရသည်" ဟု သူ့လူ ကိုဗိန်းဇောင်က ဆိုသည်။

ဦးစံရှား၏ပုံပန်းသဏ္ဍာန်မှာ ထက်မြက်စူးရှလှ၍ သူ့မျက်နှာမြင်ရလျှင် ချွန်ထက် သောအပ်ဖျားနှင့် သင်တုန်းဓားကို သတိရပေမည်ဟု ဆိုသည်။ ဦးနံပြားကိုမြင်ရလျှင် ကား ပေါက်ဆိန်ကျိုးနှင့် မုဆိုးမအိမ်က ဓားဆိုး မသာတည်း။ ဦးစံရှားသည် ဂျက်လေ ယာဉ်ပျံကဲ့သို့ မြန်ခဲ့သော် ဦးနံပြားသည် ရေဆန်ကိုတက်နေသည့် တုံကင်းအိုတည့်။

အမှုသည်တစ်ယောက်က ဦးစံရှားအား အမှုသွားအမှုလာကို ပြောပြပြီးသော အခါ၌၊ တရားခံတော့ ဧကန်ဒီ၌ပေါ်တော့မည်။ မည်သို့မည်ပုံရှင်းလင်းလိမ့်မည်နည်း ဟုသာ စာဖတ်ပရိသတ်က အားပါးတရမျှော်ရသည်။ ဦးနံပြားကား ဤသို့မဟုတ် သူ့လက်ထဲအမှုအပ်လိုက်ပြီဆိုလျှင် အားလုံးသပွတ်အူလယ်သွားကာ ပရိသတ်ပင်သိနေ သော တရားခံမှာ ကွင်းလုံးကျွတ် လွတ်သွားပြီသာ မှတ်ပေရော့...

အဲသည်ဟာကို ပရိသတ်က ကြိုက်မှလည်း ဖတ်ပေရော့...

သူလိုက်ရသော အမှုသွားမျိုးကို နမူနာ ဖော်ပြရသော် ပထမဦးဆုံး (စာရေး ဆရာ မဂ္ဂဇင်းတွင်) ဗမာ့ရေတပ်မတော်ဗိုလ် ကြက်သွန်မြိတ်သေဆုံးမှုကြီး။

တစ်နေ့သ၌ အစိုးရအမှုထမ်း အင်စပက်တော် ကိုးထုံးခွေက ဦးနံပြားထံ ဖုန်းဆက် ၍ "ရန်ကုန်ပြည်လမ်း၊ မရမ်းကုန်းအလွန် ကိုးမိုင်ကွေ့မှာ... ရေတပ်က စစ်ဗိုလ်တစ်ယောက်၊ မော်တော်ဆိုင်ကယ်မှောက်ပြီး ဇက်ကျိုး၍ အသက်ထွက်သွားသည်။ ဤကိစ္စမှာ မော်တော် ဆိုင်ကယ်ပေါ်က လိမ့်ကျတာနဲ့ လည်ပင်းမကျိုးနိုင်ပါ၊ နိုင်ငံရေးနှင့်ပတ်သက်ပြီး လုပ်ကြံမှု ဖြစ်နိုင်သည် လာရောက်ကြည့်ရှုပါ" ဟု ပြောလိုက်သဖြင့်၊ ဦးနံပြားက စုံထောက်တို့ထုံးစံ အတိုင်း ခြေရာလက်ရာ မပျက်ပါစေနှင့်ဟုပြောပြီး အမြန်သွားသည်။

ဦးနံပြားရောက်၍ အလောင်းကို သေချာစွာကြည့်ရှုသောအခါ၊ လည်ပင်းကျိုးနေ သည်။ သေသူမှာ ကုတ်အကျႌကို ပြောင်းပြန်ဝတ်ထားသည်။ ထိုကုတ်အကျႌထဲတွင်

mgyoe.com

ရည်းစားတစ်စောင် တွေ့ရသည် စာမှာ

ကိုကိုကြက်သွန်မြိတ်ရှင့်...

ခင့်ကို ချစ်တယ်ဆိုလျှင်၊ သဘော်ဆိုက်လျှင် ဆိုက်ချင်း ခင့်ဆီကို မော်တော်ဆိုင်ကယ်စီး၍ အမြန်ဆုံးလာခဲ့ပါ။ ထိုသို့လာသောအခါ၌ ကိုကို့ရောဂါနှင့် ရှေ့ကရင်ဘတ်ကို လေတိုး၍ အအေးမိမှာစိုးရသဖြင့် အင်္ကျီကို ရှေ့ဘက်နောက်လှည့်ပြီး ပြောင်းပြန်ဝတ်ခဲ့ပါ။

ခင့်ကို ချစ်ရိုးမှန်လျှင် ခင့်စကားကို အစစအရာရာ နားထောင်ပါ။

ကိုကိုအသည်းထဲမှာ နစ်နေအောင် ချစ်တယ်ဆိုတဲ့

ခင်

ဦးနံပြားသည် ဤစာကို ဖတ်ပြီး၊ သူ့ထုံးစံအတိုင်း ဆေးပေါ့လိပ်ကြီး တဖွားဖွားနှင့် စဉ်းစားခန်း ဝင်နေစဉ်၊ သူ့အနီးသို့ လယ်သမားတစ်ယောက်သည် ဆေးလိပ်မီး တောင်းညှိရန် ရောက်လာပြီး အလောင်းကို ကြည့်လျက်...

"ဒီလူသေတာတော့ နေ့စေ့ကံကုန်ပဲ၊ သေရမယ့်လူကို ဓိဝက ဆေးကုတောင်မရဘူး ဆိုတာပေါ့ဗျာ၊ ဘာကြောင့်လဲဆို သူမော်တော်ဆိုင်ကယ်မှောက်တော့ ကျုပ်တို့ဟောဒီ တာနံဘေးလယ်ထဲမှာ ကောက်ရိတ်နေကြတာပေါ့။ သူ့မော်ဆိုင်ကယ်မှောက်တာ မြင်ရပြီး လူပြန်မထလို့ ကျုပ်တို့ကောက်ရိတ်နေရင်းက... ကပျာကယာပြေးလာပြီး၊ ကြည့်တော့ သူ့အင်္ကျီရင်ဘတ်က ပက်လက်၊ မျက်ခွက်က နောက်ဘက်လှည့်နေလို့ "အို... အိုဇက် လယ်နေတယ်ဟဲ့ ဇက်လယ်နေတယ်ဟဲ့၊ မြန်မြန်ပြန်လှည့်ပေးလိုက်ပါ" ဆိုပြီး ကျုပ်တို့ လူစု ပခုံးနင်းတဲ့လူကနင်း... မျက်နှာဆွဲလှည့်တဲ့လူကလှည့်၊ ဝိုင်းလုပ်လိုက်ကြတာ... ခများ ကျုပ်တို့အလာနောက်ကျသွားထင်ပါရဲ့ဗျာ၊ ကျွတ်–ဆိုပြန်လဲ တည့်ပြီးလို့ကြည့်လိုက်တော့... လား... လား အသက်မရှိတော့ဘူးဗျ... နေ့စေ့ကံကုန် ဓိဝကဆင်းကုတောင်မရဘူးဆိုတာ... အဲဒါပေါ့ဗျာ။ ကျုပ်တို့ဟာ... လူညံ့တွေ မဟုတ်ပါဘူး၊ နွားတင်ပါးဆစ်လွဲတာတွေတောင် ဆွဲလှည့်ပေးနေကျပါ"

* * *

နောက်တစ်ခုမှာ (စုံထောက်ဝတ္ထုမဂ္ဂဇင်းတွင်) အရှုးထောင်ဆရာဝန် သေဆုံးမှု။

မူရင်းအဖြစ်မှန်မှာ– အရူးထောင်တစ်ခုတွင် (တံတားကလေးမဟုတ်) တစ်နေ့သ၌ ဖြူဖြူပွပွနှင့် မည်းမည်းခြောက်ခြောက် အရူးနှစ်ယောက်သည် အရူးထောင်ဆရာဝန် ထံလာ၍ ဖြူဖြူပွပွ အရူးက... "ကျွန်တော့်နာမည် သာကဒိုး ဖြစ်ပါသည်" မည်းမည်း

mgyoe.com
ခြောက်ခြောက် အရူးက "ကျွန်တော့်နာမည် သခင်တင်ဦး ဖြစ်ပါသည်" ဆိုပြီး သူတို့၏ နေရပ်နှင့် မိဘ သားချင်းနာမည်များ အမှန်အတိုင်း ပြောပြကာ၊ ယခု သူတို့မှာ လူကောင်းများဖြစ်ပါပြီ၊ ထို့ကြောင့် အရူးထောင်မှ လွှတ်ခွင့်ပေးပါဟု ပြောကြ၏။

ထိုအခါ ဆရာဝန်က သူတို့ကို အကဲခတ်ကြည့်ရှုပြီး ဤမျှနှင့် စိတ်မချရသေးကြောင်း၊ ရက်သတ္တတစ်ပတ်မျှ ကြည့်ချင်သေးသည်။ ဤအတွင်း၌ လူကောင်းတို့လုပ်လေ့လုပ်ထရှိသည်ကို ပြုလုပ်တာတွေ့ရမှ လွှတ်မည်ဟု ပြောလိုက်၏။

သို့နှင့် သုံးရက်မြောက်တွင် လာပြောသူ အရူးနှစ်ယောက်အနက်မှ သာကဒိုးဆိုသူ အရူးက ၎င်းဆရာဝန်၏မိန်းမကို ခိုးပြေး၍၊ ဆရာဝန်သည် အလွန်ရှက်ပြီး၊ မိမိကိုယ်မိမိ ခြောက်လုံးပြူးနှင့်ပစ်သေအံ့ဟု အသက်ထွက်၍ ကောင်းမည့်နေရာကိုရွေးရန် ခြံထဲဆင်းအလာတွင် သစ်တစ်ပင်အပေါ်မှာ သခင်တင်ဦးဆိုသူ အရူးသည် သူ့လည်ပင်းသူကြိုး ကွင်းစွပ်နေသည်ကို မြင်ရ၍ ဆရာဝန်က....

"ဟေး... နေပါဦး... မင်း ဘာလုပ်နေတာလဲ..." လှမ်းမေးလိုက်တော့ အရူးသခင်တင်ဦးက....

"ကြိုးဆွဲချသေမလို့ ဆရာဝန်ကြီးရဲ့..."

"ဘာဖြစ်တာလဲ၊ မင်းကိုယ်မင်း ကောင်းသွားပြီဆိုပြီး အရူးပြန်ထတာလား..."

"ဘယ်အရူးပြန်ထတာ ဟုတ်ရမှာလဲ၊ ကျွန်တော့်ရွာက မိန်းမ လင်ငယ်နောက်လိုက်သွားတယ်ဆိုတာ ကြားရလို့ ဆရာဝန်ကြီးရဲ့"

ဤတွင် ဆရာဝန်က ကိုယ်ချင်းစာကာ အရူးဆိုလျှင် မယားလင်ငယ်နောက်လိုက်တာကို စိတ်ညစ်ရမည်၊ ရှက်ရမည်၊ သိမည်မဟုတ်။ သူများမယားကို ကြာခိုသည်မှာလည်း အရူးများ မစွမ်းဆောင်နိုင်ရာ၊ လူကောင်းများသာ လုပ်ကြသည်ဖြစ်သောကြောင့် ဤအရူးနှစ်ယောက်စလုံးပင် လူကောင်းများပကတိဖြစ်သွားပြီဟု၊ မိမိမသေမီ မိမိဝတ္တရားကို ကျေပွန်စွာ မှတ်တမ်းရေးပြီးမှ မိမိနှင့်အဖြစ်တူ အရူးသခင်တင်ဦးနှင့် ရှိတ်ကဟင်းလုပ်ပြီး သူတို့ကိုယ်သူတို့ သတ်သေကြလေ၏။

သေခါနီးတွင် ဆရာဝန်က အရူးသခင်တင်ဦးအား ကျည်ဆန်များ အပိုရှိ၍ ကြိုးဆွဲမချဘဲ မိမိကဲ့သို့ သေနတ်နှင့် ပစ်သေရန် သေနတ်ခဏငှားမည်ဟု ပြောသေးသည်။ သို့သော် သခင်တင်ဦးမှာ အရင်းရှင်စနစ်ကို အလွန်ပင် မုန်းတီးသူဖြစ်၍၊ နယ်ချဲ့အရင်းရှင်စနစ်မှ ဖြစ်ပေါ်လာသော သေနတ်နှင့် သွေးထွက်သံယို မသေလို၊ ကျောမွဲဆင်းရဲ သားပီပီကြိုးဆွဲချ၍ လျှာကုတ်ကာ လောကကြီးကို ပြောင်လှောင်ပြီး သေမည်ဟု ပြန်ပြော၏။

ဤသို့လျှင် သူတို့အသီးသီး မာလကီးယားကြသတည်း။
mgyoe.com

(မှတ်ချက်= ၎င်းအရှုးနှစ်ယောက်မှာ ကျွန်တော်၏ချစ်စွာသောသူငယ်ချင်း စာရေးဆရာ သခင်တင်ဦးနှင့် သာကဒိုးတို့ မဟုတ်ပါ၊ နာမည်တူ လူတူမရှားဆိုသလို နာမည်ချင်းတူနေ၍သာဖြစ်ပါသည်။ စာဖတ်ပရိသတ်ကြီး အထင်မမှားပါနှင့်ခင်ဗျား။ ကျွန်တော့် သူငယ်ချင်းများကတော့ သူတို့ကိုယ်သူတို့ အရှုးမဟုတ်ဘူးမှတ်၍ ကျွန်တော့်ကို စိတ်ဆိုးလိမ့်မည်မဟုတ်ပါခင်ဗျား)

ကဲ–ဇာတ်ကြောင်းလေး ဆက်ဦးစို့။

ယင်းသို့ ဤအမှုဖြစ်ရင်းကို အရှုးသာကဒိုးနှင့် နောက်မီးလင်းသွားသော အရှုး ဆရာဝန်ကတော်သည် သူ့ယောကျ်ားက ပြည်ထောင်စု အာမခံစနစ်အဖွဲ့မှာ အသက် အာမခံထားရာ၊ တစ်နှစ်မပြည့်သေး၍ မိမိကိုယ် မိမိသတ်သေခြင်းကို လျော်ကြေးရမည် မဟုတ်သောကြောင့် ကျွန်ုပ်တို့စုံထောက်ကြီး ဦးနံပြားထံလာ၍ မိမိယောကျ်ားသည် သူ့ ကိုယ်သူသတ်သေသည်မဟုတ်တန်ရာ၊ အရှုးသခင်တင်ဦးက မိမိယောကျ်ားကို သေနတ် နှင့် ပစ်သတ်ပြီးမှ၊ သူ့ကိုယ်သူ ကြိုးဆွဲချသေတာဖြစ်ရမည်၊ ဤအမှုကို ပေါ်အောင် ဖော်ပေးပါဟု ပြောလာသဖြင့် ဦးနံပြားသည် ဝမ်းသာအားရလက်ခံလိုက်လေသည်။

သို့နှင့် ဦးနံပြား စုံထောက်လိုက်ရာ၊ အမှုမှာ တစ်စထက်တစ်စ ပို၍ပို၍ ရှုပ်ထွေး လာစဉ် အတွင်းမှာပင် ကိုဖိန်းဖောင်ကလည်း ချောမောလှပသော အရှုးထောင် ဆရာဝန် ကတော်ကို ခါလီမှုဆိုးမသက်သက်မှတ်၍ အရေးပေါ်သက်သက်ကြားဖြတ် ဂေါ်လေရာ၊ (ကိုဖိန်းဖောင်မှာ ဦးစံရှား၏ ကိုသိန်းမောင်ကဲ့သို့... မ ဆိုလေသံမျှမကြားဖူးသယောင် သမာဓိရှိသူ မဟုတ်ပါ) နောက်ဆုံး၌ အမှုသည်မခမျာမှာ ဒီအသက်အာမခံငွေ ဘစ်သောင်း မရချင်နေပါစေတော့ ဟူသည်အထိဖြစ်အောင် စိတ်ညစ်လာသောကြောင့် သူ့အမှုသူ ရုပ်သိမ်းသွားတော့လေသည်။

ဦးနံပြား စုံထောက်ရသည်မှာကား ဤအမှုမျိုးများပေတည်း။ ကဲ ယခုတစ်မျိုး လာပေဦးမည်။

* * *

ဦးနံပြား ပရိုက်ဗိတ်စုံထောက်ကြီး အမှုအမျိုးမျိုးကို အချိန်မရွေးလက်ခံသည်။

ခရီးရောက်မဆိုက် ဤဆိုင်းဘုတ်ကြီးကို အိမ်ရှေ့မျက်နှာစာမှာ ချိတ်လိုက်က တည်းကပင်၊ ကျွန်တော်စိတ်ထဲမှာ စနိုးစနောင့်ဖြစ်မိသည်။ မျက်စိ စပါးမွေးစူးမိသည်။ သည့်ပြင်ပစ္စည်းတွေမှ နေထားတကျ မရှိသေးဘူး၊ သူ့ဟာကြီးကို အရင်တပ်သည်။

"ခင်ဗျာ့ဟာကြီးကလည်းဗျာ သောက်ကျွန်းနဲ့ သောက်ရေးကကြီးလိုက်တာ"

mgyoe.com


သူသည် သံတစ်ဖက် တူတစ်ဖက်နှင့် နံရံကို တဒုန်းဒုန်း နှက်နေရာမှ သူ့ပင်ကို မအီမလယ်မျက်နှာကြီးနှင့် ကျွန်တော့်ဘက် လှည့်ကြည့်၍...

"ဘာလဲဗျ ကိုဗိန်းဖောင်"

"ဟာ... ခင်ဗျာ 'ဦးနံပြား ပါးပိတ်ရိုက် စုံထောက်ကြီး' ဆိုတာဗျာ"

"ပရိုက်ဗိတ်စုံထောက်ပါ ကိုဗိန်းဖောင်ရဲ့"

"ဟာ ကျွန်တော်တော့ ပါးပိတ်ရိုက်ဖတ်တာပဲ။ အေး တစ်နေ့တော့ ဒီအတိုင်းဖြစ် အောင် ပြင်ရေးထားဦးမယ်"

"မလုပ်ပါနဲ့ဗျာ၊ ကိုဗိန်းဖောင်ကလည်း ဟဲ–ဟဲ"

"နေပါဦး ခင်ဗျာ့ ဆိုင်းဘုတ်စုတ်ကြီးက ခရီးရောက်မဆိုက် ဘာကြောင့် ဒီလောက် အရင်တလို တပ်ရတာလဲ"

"ဒီလိုလေဗျာ ကိုဗိန်းဖောင်ရ၊ ရပ်ကွက်တစ်ခုထဲ လူသစ်တွေပြောင်းလာတယ်ဆို တော့... အရပ်က လူတွေက ကျုပ်တို့ကို ဘယ်လိုလူတွေလဲ၊ ဘာလုပ်ကိုင်စားကြသလဲ၊ လူရိုးလူကောင်းများမှ ဟုတ်ပါလေစ... သိချင်ကြမယ် မဟုတ်လား။ ဒီတော့ သူတို့လည်း သိသွားကြလေအောင်၊ ကျုပ်အဖို့ အမှုအခင်းလည်းလာအပ်လေအောင် တချက်ခက်နှစ် ချက်ပြုတ်လုပ်ရတာပေါ့ဗျာ... ဟဲဟဲ–ဟဲဟဲ"

ကျွန်တော်သည် သူ့ပြောပုံဆိုပုံကြီး မျက်နှာရှုံ့မိကာ ဘာမျှမပြောလိုတော့ဘဲ သူ့စိတ်ကူးကြီးနှင့် ရူးပုံကြီးကိုခေါင်းသာ တဆတ်ဆတ်ညိတ်လိုက်မိပါတော့သည်။

ယခု စာဖတ်သူတို့ သိရန်မှာ ဦးနံပြားနှင့်ကျွန်တော်သည် မူရင်းအိမ်ဟောင်းမှ ရပ်ကွက်တစ်ခုသို့ပြောင်းရွှေ့လာကြခြင်း ဖြစ်ပါသည်။

ဒီလောက် အိမ်ရှားပါးနေသော ရန်ကုန်မြို့ကြီးတွင် အဘယ်ကြောင့် တစ်အိမ်မှ တစ်အိမ်ပြောင်းရွှေ့လာပါသနည်း။

နောက်အိမ်သည် ပထမအိမ်ထက် ဈေးသက်သာလို့ ပိုမိုကောင်းမွန်လို့ပါလား။

မဟုတ်ပါ၊ ဈေးလည်း မသက်သာပါ၊ ပိုပြီးလည်း မကောင်းပါ၊ အများကြီးပင် ညံ့ပါသေးသည်။

ပထမအိမ်မှာ သွပ်မိုးပျဉ်ကာ သီးသီးသန့်သန့် သပ်သပ်ရပ်ရပ်ကလေးကို ကျွန်တော် တို့သည် ၄၈ ခုနှစ်က နေလက်စဈေးနှင့် တစ်လမှ ၃ဝ တည်းပေးရပါသည်။ ယခုအိမ်ကတော့ သုံးပင်နှစ်ခန်းဓနိမိုးထရံကာကို တစ်ခန်းလျှင် ၃ဝ နှုန်းဖြင့် အခြားသူ တစ်ဦးနှင့် တွဲနေရပါသည်။

အိမ်ခပေးရတာမှ သုံးတွက် ၁၂ဝ ကြိုပေးထားရပါသည်။ ဤကြိုပေးထားရသော

mgyoe.com

mgyoe.com
ငွေမှာ နောက်၌လခနှင့်နှိမ်သွားရမည်မဟုတ်၊ ကျွန်ုပ်တို့ ဒီအိမ်ကဆင်းမှ ဒီငွေပြန်ပေးမယ် တဲ့။ အခုနယ် ရန်ကုန်နယ်မှာ မြေဝယ်အိမ်ဆောက်ပြီး စီးပွားရှာတဲ့လူတွေရဲ့ အပိုင်စီးပုံလေ။

အိမ်ငှားလက်ခံမယ်ကြဲလဲ သူတို့က စုံစမ်းသေးသဗျ၊ ဒီအိမ်ငှားသူဟာ သူ့အိမ်မှာ သူတောင်းတဲ့ဈေးနဲ့ ခေတ္တနေပြီးတော့ အစိုးရကနှ့သတ်တဲ့ နှုန်းရအောင် လျှောက်တင် လျှာရှည်မယ့်လူလား၊ စုံစမ်းသေးတယ်။ နံဘေးက သက်သေအာမခံ အထောက်အထားနဲ့ နှုတ်ငြိမ်ပါမယ်ဆိုတဲ့ လူစားမှငှားသဗျ။

ကဲသည်တော့ ကျွန်တော်တို့ဟာ ပထမနေလက်စအိမ်မျိုးက ဒီအိမ်မျိုး ဘာကြောင့် ပြောင်းလာပါသလဲဆိုတာ ပိုပြီးရှုပ်ထွေးမသွားဘူးလား။

တကယ်ဆိုတော့လည်း ဘာမျှမရှုပ်ထွေးပါဘူး။ အဖြစ်ကဒီလိုပါ၊ ကျွန်တော်တို့ မိတ်ဆွေမောင်မင်းသူဆိုတဲ့ သူငယ်လေးဟာ သူ့ရည်စားကလေးကို ခိုးခဲ့တယ်၊ ခိုးတဲ့ နေရာမှာ မိန်းကလေးသာပါပြီး အရေးကြီးတဲ့ ဓာတာမပါခဲ့ဘူး။ စကားမစပ် (ဘိုင်ကဝေး) အဆင်သင့်တုန်း အကြံဉာဏ်ပေးရမယ်ဆိုရင် ခိုးရာလိုက်မယ့် မိန်းကလေးများဟာ ဓာတာ ကို ကိုယ်နဲ့မကွာထားဖို့ အရေးကြီးတယ်၊ အကယ်တန္တိဓာတာမရှိသေးဘူးဆိုရင်လည်း ကြိုကြိုတင်တင်က လူကြီးမိဘတွေ အသိပေးပြီး ဗေဒိုလက္ခဏာဆရာတစ်ယောက်ယောက် ဆီမှာ စီမံထားပေါ့။ အဲ နှစ်ဖက်လွှပဲဆိုချင်ဆို၊ တဖက်လှည့်ပြီး လူကြီးမိဘတွေ အကြံပေး ရမယ်ဆိုရင်လည်း ကိုယ့်သမီးကို တယ်ပြီး စိတ်မချလှဘူးဆိုရင်၊ သူ့ဓာတာကို သတိထား ခင်ဗျ၊ ကောင်းတာက ခုခေတ်မိန်းကလေးတွေ ဓာတာမပေးပါနဲ့လေ...၊ တကယ်အရေးရှိ တော့ ရွှံ့ပိတ်မရတဲ့ကိစ္စ၊ တားမရလို့ဖြစ်ကြတော့တောင် ဟော အခု မောင်မင်း သူကလေး ကြဲသလို ကိုယ့်သမက်လောင်းကို ဈေးကိုင်နိုင်သပေါ့ဗျာ။

မောင်မင်းသူကို သူ့ယောက္ခမပါတီက ဘယ်လိုလိုလားချက်တောင်းသလဲဆိုရင်၊ သူတို့မိသားစုဟာ တာမွေကျောက်မြောင်းမှာ အိမ်ခန်းကလေး ကျဉ်းကျဉ်းကျပ်ကျပ်နှင့် နေခဲ့ရတာမို့ ငါတို့သမီးလင်ရမှ သမက်အားကိုးနဲ့ အိမ်ကောင်းရသာနေလိုက်မဟဲ့လို့ အားခဲထားလေတော့...

"ကဲ မောင်အဟုာ ဒီဖြစ်ပြီးတဲ့ကိစ္စမှာ ငါတို့ပါနေရအောင် အိမ်တစ်ဆောင် သီးသီး သန့်သန့်ရှာကြံပေးနိုင်ရင်ဖြင့် မင်းတို့ချစ်ခြင်းကိုမခွင်း၊ ကောင်းမွန်စွာ လက်ခံပေးစားမယ်၊ နို့မဟုတ်လျှင်ဖြင့် ငါတို့သမီး အသက်မစေ့ဘူးဆိုပြီး နင့်ကို ထောင်ချမယ်"

ဒါနဲ့ ကောင်လေးဟာ ငိုယိုပြီး ကျွန်တော်တို့ကို လာအကျပ်ကိုင်တော့တာပဲဗျာ... သူ့ယောက္ခမလောင်းများက သူ့အကျပ်ကိုင်၊ သူက ကျွန်တော်တို့ကို လူခင်ချင်းရယ်လို့ အကျပ်ကိုင်ပေါ့။
mgyoe.com

mgyoe.com

"ခင်ဗျားတို့ဂြိုဟ်လွတ်ကိုယ်လွတ် လူကြီးတွေ အဆင်သင့်တဲ့နေရာ ရှာနေကြစမ်းပါဗျာ၊ ခင်ဗျားတို့ဒီအိမ်ပေါ်က ခုဆင်းပေး ချက်ချင်း ကျွန်တော်က ငွေတစ်ထောင်ပေးမယ်၊ ခင်ဗျားတို့ ကျွန်တော့်ကို အုတ်ထောင်ကျတာ မြင်ချင်သလား။ အိမ်ထောင်ကျတာ မြင်ချင်သလား" ဆိုတာနဲ့ ကျွန်တော်တို့မှာ ငွေတစ်ထောင်ကျပ်တိတိဆိုတာလဲ နည်းတာမဟုတ်တော့...

"ကဲ... ကဲ... မောင်မင်းသူ နောက်နောင်မှာ အုတ်ထောင်ထက်ဆိုးမယ့် အိမ်ထောင်ကျတာပဲ မြင်ချင်ပါတယ်ကွာ" ဆိုပြီး သပိတ်ဝင် အိတ်ဝင်ငွေတစ်ထောင်ပိုက်ပြီး ဆင်းခဲ့ကြခြင်း ဖြစ်ပါတယ်။

နို့ပြီး ကျွန်တော်တို့မှာလည်း ဦးနံပြားပြောစကားအရ ရည်ရွယ်ချက်လည်း ရှိပါတယ်။ သူက ဘယ်လိုပြောသလဲဆိုရင်၊ ခုဒီအခန်းလေးမှာနေရရင် သုံးလပါပဲ၊ သူ့မိတ်ဆွေ ဖ–ဆ–ပ–လ သမက်တစ်ယောက်နာမည်နဲ့ လျှောက်ပေးထားလို့ မကြာမီ အခုအစိုးရဆောက်ပေးနေတဲ့ ဖားရိပ်သာမှာ ကျကျနန အိမ်လခနည်းနည်းနဲ့ တိုက်ခန်းရမယ်တဲ့...။

ဖားရိပ်သာဆိုတာက ဒီလိုပါ... လက်ဖဝါးခွက်အောင် ဖားနိုင်မှရလို့ ခေါ်တာမဟုတ်ပါဘူး၊ အခု မိုးဥတုဆိုတော့ အဲဒီအဆောက်အဦတွေ ပတ်လည်မှာ ရွံ့ဗွက်ရေအိုင်တွေနဲ့ ဖားတွေက တဂုံဂုံတဂွမ်ဂွမ်နဲ့ အော်နေလို့ပါတဲ့။

ကဲ–ဒါနဲ့ ကျွန်တော်တို့မှာ ငွေတစ်ထောင်လဲရလို့၊ ဒီအိမ်ကလေးကို သစ်မရမီ စပ်ကြား၊ ဝါးပေါင်းကွပ်ကြခြင်းပါပဲခင်ဗျာ။

* * *

အယ်... ရန်ကုန်မြို့မှာ တစ်အိမ်ပြောင်းမှ တစ်အိမ်မကောင်းမှန်း ပိုသိပါကလား။ အခုအိမ်ကလေးက အိမ်ကျဉ်းကလေးနှစ်ခန်းတွဲ နှစ်ဦးနေရတာမှာအဆင်ကလည်း နိမ့်၊ နံဘေးအိမ်တွေနဲ့ နှစ်ဖက်ညှပ်ပိတ်နေတော့... အိမ်အောက်မှာ မှောင်လို့၊ နို့ပြီး အငှားသမားချည်းနှစ်ဦးဆိုတော့၊ အိမ်အောက်ကို ဘယ်သူမှမသိမ်းကြတော့ အမှိုက်သရိုက်တွေနဲ့ ရှုပ်ပွနေတာပဲ၊ အဲဒီအထဲ အိမ်အောက်ဆီက ပုပ်စော်က နံသေးချေတော့ နေမြင့်လေ အနံ့ပြင်းလာလေ။

ကျွန်တော်တို့မှာ အိမ်သစ်လူသစ်ပစ္စည်း အကြမ်းအားဖြင့် နေထားတကျလုပ်ပြီး အပန်းဖြေကြတော့ ဒီအပုပ်နံ့ကလေး တစ်သင်းသင်းရှူရလို့ ရွှေမျက်နှာတော်တွေ ရှုံ့တွတွ။

ဤအခိုက် တစ်ဖက်ခန်းဆီက ညီအစ်ကိုနှစ်ယောက်နှင့်တူပါရဲ့ ညီဖြစ်သူက...

"ကိုကို... ယမင်းချိုင့်ရောက်ပြီ၊ ထမင်းစားကြစို့လား..."

mgyoe.com

mgyoe.com

အစ်ကိုဖြစ်သူက...

"အေး... စားကြရအောင်ညီညီ..." ဆိုလျက် လမ်းလျှောက်လာသံကြရပြီး "အောင်မာ ညီညီရေ... ပုပ်စော်နံပါလားကွယ်...၊ ကိုကို ဟိုကိစ္စစဉ်းစားခန်းဝင်နေလိုက်တာ ကိုကို့ နှာခေါင်းခုမှ အနံ့ရတယ်"

"ဟုတ်တယ် ကိုကို၊ ကျွန်တော်တော့ ဟိုဘက်ခန်းက လူတွေရောက်ကတည်းက ကျွန်တော်နှာခေါင်းစနံ့တာပဲ"

ကျွန်တော်တို့ကို ရည်ရွယ်ပြီး ကျွန်တော်တို့ဆီကပဲ အပုပ်နံ့ပါလာသလိုလို ပြောခြင်းဖြစ်သောကြောင့်၊ ကျွန်တော်မှာ ဦးနံပြားမျက်နှာကို ကြည့်လျက်၊ အတော်ပင် အောင့်သက်သက်ဖြစ်မိပါသည်။

ယင်းစဉ် အစ်ကိုဖြစ်သူ၏သက်ပြင်းရှူသံကို ကြားရပြီး...

"ဒါ လူ့ဆီက အပုပ်နံ့ မဟုတ်ပါဘူးကွဲ့၊ ခွေးသေကောင်ပုပ်နံ့ပါ...၊ မင်းသေသေချာချာ ရှူကြည့်ပါဦး"

ဤမှ ညီဖြစ်သူ၏စူးစမ်းသော အသက်ရှူသံကြားရပြီး...

"အင်း... ဟုတ်တယ် ကိုကိုရေ... သတိမမူ ဂူမမြင်ဆိုတာလို သေသေချာချာရှူကြည့်မှ ခွေးသေကောင် ပုပ်နံ့မှန်း သိရတယ်..."

"အေး... ဘာမဆိုစူးစမ်းဆင်ခြင်ပြီးမှ ပြောရတယ်ကွ"

"အောင်မာ... ကိုကို..." ညီဖြစ်သူ၏ဆက်လက် အနံ့ရှူသံကြားရပြီး "ဒီခွေးသေတာမှာ ရောဂါနဲ့မဟုတ်ဘူးဗျ... ဒဏ်ရာနဲ့သေတဲ့ခွေးဗျ"

အစ်ကို၏အနံ့ခံသံ ကြားရပြန်ပြီး...

"အင်း... ဟုတ်သဟေ့... ငါ့ညီ အတော်တိုးတက်နေပြီပဲ...၊ ချွန်ထက်တဲ့လက်နက်ကွ...၊ ရင်အုံကိုအထိုးခံရတာ..."

"ရင်အုံမှ ညာဘက်ရင်အုံ ကိုကိုရဲ့... သူ ဒါကြောင့် ထိထိချင်းမလဲဘူး... ဂိုက်တစ်ရာလောက်ပြေးလာခဲ့နိုင်သေးတယ်..."

ကျွန်တော်ပင် သူတို့နှစ်ယောက်ပြောစကားကို စိတ်ဝင်စားစွာ နားထောင်နေမိ၍၊ ဦးနံပြားကား သူ့အလုပ်မျိုးနှင့်ပတ်သက်နေ၍ တယ်လာတဲ့ လူတွေပါလားဟူသော အမူအရာဖြင့် များစွာအံ့သြနေဟန်ရှိပါသည်။ ခေတ္တမျှအကြား၌ အစ်ကို၏ ပြောသံကို ကြားရပြန်သည်။

"အင်း ညီညီပြောတာတွေ အားလုံးမှန်သကွ၊ ကဲ... ခွေးထီးလား... ခွေးမလားကွာ"

mgyoe.com

"ခွေးမ ကိုကိုရေ၊ ခွေးမမှ တော်တော်အသက်ရပြီ။ တစ်သား နှစ်သားလောက် မွေးဖူးပြီ"

အစ်ကိုဖြစ်သူသည် အတော် အံ့အားသင့်သော အသံပေါက်ကာ...

"ဟား... ငါ့ညီ တယ်ဟုတ်နေပြီပါလားဟ၊ မင်း ဒီဘက်မှ ထူးချွန်နေပြီကွ၊ ကြိုးစားပေ့–ကြိုးစား၊ နောက်ဆုံးမှာ မင်း... အရာရှိတစ်ယောက်ရဲ့ဗိုက်ကို နမ်းကြည့်တာနဲ့၊ ဘယ်ဘက်ဌာနက လာဘ်စားထားသလဲဆိုတာ သိနိုင်ရမယ်"

"ဒါတွေက ခွေးသေကောင်ပုပ် အနံ့ခံရတာလောက်ခဲယဉ်းမယ် မထင်ပါဘူး ကိုကိုရယ်... အခုတောင် ကျွန်တော် အက်စ် အေ အမ် ဘီ– ကောက်ပဲသီးနှံရောင်းဝယ်ရေးက စားတဲ့ဗိုက်နံ့တွေ ခံတတ်နေပြီ၊ အဲဒီလူမျိုးတွေ ဗိုက်နံ့က တယ်ဆိုးတာပဲ ကိုကိုရယ်"

"ဆိုးမှာပေါ့ညီညီရယ်၊ တောသူတောင်သားလယ်သမားရဲ့၊ နဖူးကချွေး ခြေမကျတဲ့ လုပ်စာပဲ။ တစ်ပြည်လုံးမိုတင်းနေရတဲ့ အသက်သွေးခဲပစ္စည်းပဲ။ ကဲ... ဒါတွေ ထားပါဦး... ထမင်းစားရင်း သောက်ရင်းပဲ ခုနခွေးသေကောင်ပုပ်မ အကြောင်းပြန်ဆက်ရအောင် ဒီခွေးမ အမွေးရောင် မင်း ဘယ့်နှယ်ထင်သလဲ"

ညီဖြစ်သူသည် အတော်စဉ်းစားဟန်ပြုပြီး

"ဒီလောက်အထိတော့ ကျွန်တော်မရသေးဘူး ကိုကိုရယ်... ခွေးမွေးအရောင်တွေက များလှချည့်"

"အင်း... အပုပ်နံ့ရှူရုံနဲ့တော့ ခွေးမွေးရောင် အများကြီးကို အတိအကျ မလိုက်နိုင်ပါဘူး၊ သို့သော် အကြမ်းဖျင်းတော့ သိနိုင်ရဲ့၊ ဘယ်လိုအကြမ်းဖျင်းလဲဆိုတော့... အရောင်မှာ အနုရယ် အရင့်ရယ်လို့ နှစ်မျိုးပဲရှိတယ်။ ဘယ်လိုခွဲရသလဲဆိုရင် အနီ၊ အနက်၊ အညိုဟာ အရင့်မျိုး၊ အဖြူ၊ အဝါ၊ အကြားက အနုမျိုး၊ အဲလိုခွဲနိုင်တယ်။ အနံ့မှာကျတော့ အဲ့ဒီအမျိုးမှာ လာကွဲတယ်ကွဲ့၊ အခုခွေးမအနံ့က အရင့်မျိုး၊ အနီသော်လည်းကောင်း၊ အနက်သော်လည်းကောင်း ဖြစ်ရမယ်၊ ကဲ ငါ စိတ်လေ့ကျင့်နေကျအစိဋ္ဌာန်နဲ့ မျက်စိထဲမြင်ယောင်ပြီး၊ ကေဝစနံတစ်ခုတည်းသော စကားပြောလိုက်မယ်၊ အနီမဖြစ်ရမယ်ကွဲ့၊ မင်း မယုံသွားရှာကြည့်"

"ယုံပါတယ် ကိုကိုရယ်၊ ကိုကို့လို ဒီဘက်က ကျင့်သားရနေတဲ့ လူစကားကို ဘာမယုံစရာရှိသလဲ၊ ဒီခွေးသေကောင်ပုပ်ကြီး ကျွန်တော်ရှာကြည့်မနေနိုင်ပါဘူး၊ ကဲ... ကိုကိုစကားလည်းပြောရင်း ထမင်းဟင်းတွေလည်း မြိန်အောင်စားဦး၊ ဒေါ်ဖွားမကြီးလက်ရာတွေကဖြင့် တစ်နေ့တခြားကောင်းလေပါပဲ"

ထို့နောက် သူတို့နှစ်ယောက် စကားပြတ်ကာ ဇွန်းသံ ပန်းကန်သံချည်း ကြားရ

mgyoe.com

သည်။ ခေတ္တမျှအကြာ၌ အစ်ကိုဖြစ်သူက

"ကဲ... မြင်းစီးပြီး အထီးမှန်း အမမှန်း မသိဆိုသလို မဖြစ်ရအောင် အခု ဒို့စားနေတဲ့ ကြက်သားဟင်းဟာ ကြက်ဖလား–ကြက်မလားကွာ"

"ကြက်မ ကိုကိုရေ..."

"ခေါင်းကြည့်ရင်တော့ လူတိုင်းသိတာပေါ့ ကိုကိုရာ၊ ကျွန်တော်တို့ဟင်းခွက်ထဲ ဒေါ်ဖွားမေက ခေါင်းတို့ခြေထောက်တို့လည်း ထည့်မပေးပါဘူး"

"နို့... မင်းဘာကြည့်ပြောတာလဲ"

ဖင်ဆီဘူးကြည့်ပြောတာ ကိုကို။

"ဖင်ဆီဘူးကြည့်ပြီး၊ အထီးအမ ဘယ်လိုခွဲသလဲ"

"အကြီးအငယ်ပေါ့..."

"မင်း ကြက်ရဲ့အကောင်အထည် မမြင်ရဘဲနဲ့ ဖင်ဆီဘူးကြီး၏ငယ်၏ကို ဘယ်လိုလုပ်သိနိုင်သလဲ"

"ဟောဒီပေါင်သားတုံးနဲ့ ချိန်ကြည့်တာပေါ့"

"ကဲ ဒါထားဦး၊ အဆီဘူးအကြီးအငယ်မှာ ကြက်ဖ ကြက်မ ဘယ်လိုခွဲသလဲ"

"ဟာ ဒါတော့ မင်းကြက်မကို လူမနဲ့နှိုင်းပြောပြီထင်တယ်၊ ငါ့စိတ်ထင်တော့ ကြက်ဖ ဖင်ဆီဘူးဟာ ကြက်မ အဆီဘူးထက် ကြီးရလိမ့်မယ် ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကြက်ဖဟာ ကြက်မထက် အမြီးပိုပေါက်ရတယ် မဟုတ်လား"

"ပိုမပေါက်ရဘူး ကိုကို၊ အမြီး အတိုအရှည်နဲ့ အစုအကားသာ ခြားနားတာဘဲ၊ အများအားဖြင့် ကြက်ဖ အဆီဘူးဟာ ရှည်ပြီး၊ ကြက်မ အဆီဘူးဟာ ပုပုဝိုင်းဝိုင်းနဲ့ ကြီးတယ် ကိုကိုရဲ့"

"အေး အဲဒါ မင်းစူးစမ်းလေ့လာချက်ပဲလေ၊ မင်းအခုပြောတာ ဟုတ်မဟုတ် သိရအောင် ညနေ ဒေါ်ဖွားမေ ထမင်းပို့လာတော့ မနက်က ဝယ်တဲ့ကြက်ဟာ အဖလား၊ အမလား မေးကြည့်ပေါ့ကွာ"

"ဟုတ်ကဲ့ ကိုကို..."

ထို့နောက်၌ သူတို့နှစ်ယောက်သည် စားသောက်ပြီး ထမင်းစားပွဲသိမ်းသံကြားရသည်။

သူတို့အိမ်တွင်မိန်းမ မမြင်ဘဲညီအစ်ကိုနှစ်ယောက် ထမင်းလခပေး ချိုင့်နှင့် အိမ်သို့မှာယူစားသောက်ကြဟန်တူသည်။

ရန်ကုန်မြို့မှာ ယခုအချိန် ဤသို့ ထမင်းချိုင့်စားတွေ ခေတ်ထနေသည်။ ကျွန်တော်

 mgyoe.com 

တို့လည်း ဤသို့စားခဲ့ကြသည်။ ယခုမူ ရပ်ကွက် ပြောင်းလာသည်ဖြစ်၍ နောက်ထပ် ဤအရပ်က ထမင်းပို့ ကန်ထရိုက်နှင့် အသစ်ဆက်သွယ်ရပေဦးမည်။ ယနေ့ နံနက်စာကား ကျွန်တော်တို့ဆိုင်သွားစားရမည်ဖြစ်၏။

ကျွန်တော်မှာ ဟိုဘက်ခန်းက ဟင်းနံ့ကျွေးနံ့ခံ၍ ဆာလောင်လှချေပြီ။ ဦးနံပြားကား ထမင်းစားရမှန်းသိဟန်မတူ။ ဟိုညီအစ်ကိုတွေပြောနေကြသော စကားတွေကို တအံ့တသြ စိတ်ဝင်စားနေသည်။

ငင်းညီအစ်ကိုနှစ်ယောက် စားသောက်ပြီး အဝတ်အစားလဲကာ အခန်းသော့ပိတ်၍ အိမ်ပေါ်မှဆင်းသွားကြသောအခါ၌ တစ်ချိန်လုံး နှုတ်ဆိတ်ခဲ့သော ဦးနံပြားက...

"ဘယ့်နှယ်လဲ ကိုဗိန်းဖောင် လူတွေကတော့ တကယ့်လူတွေပဲဗျာ..."

ကျွန်တော်မှာ ထမင်းဆာဆာနှင့် စိတ်ခပ်တိုတိုရှိနေပြီဖြစ်၍...

"ဟာ နားမျက်စိနဲ့ မြင်သား ကြားသားဟာ ဒါတွေတကယ့်လူတွေမဟုတ်လို့ အစိမ်းသရဲတွေဖြစ်ရဦးမှာလားဗျ..."

"မဟုတ်ဘူးလေ... ကျုပ်ဆိုလိုတာက သူတို့ပြောတဲ့စကားသံ နားထောင်ရတာ ပြောတာပါ၊ ဟင်... ကြက်သားဟင်းများ စားရင်း အဖလား အမလား ခွဲခြားလိုက်သေးတယ်... နို့ပြီး အပုပ်နံ့ခံရုံနဲ့ ခွေးသေကောင် အရောင်အနီတဲ့၊ အမတဲ့၊ ချွန်ထက်တဲ့လက်နက်နဲ့ လက်ယာရင်အုံမှာတဲ့၊ ကိုက်တစ်ရာလောက်က ပြေးလာပြီးမှ လဲတာတဲ့...၊ သူတို့ပြောတာ မှန်ရင်ဖြင့် ဒီလောက် တော်တဲ့လူတွေ မကြားဘူး မကြုံဖူးသေးဘူးဗျာ၊ သူတို့ပြောတာ ဟုတ်မဟုတ် ကျုပ် ဒီခွေးသေကောင်ကို ရှာကြည့်ဦးမယ်ဗျာ..." ဆိုပြီး ထိုင်ရာမှထလျက် "လာဗျာ... ကိုဗိန်းဖောင်း ခင်ဗျားအားနေမဟုတ်လား..."

ကျွန်တော်စိတ်ပေါက်ပေါက်ရှိ၍...

"ဟာ အား မအား ကျုပ်ဒီနားထိုင်နေတာ ခင်ဗျားမမြင်ဘူးလား... လူထမင်းဆာလို့ သေရတော့မယ်... ခင်ဗျာ့ဟာခင်ဗျား ခွေးသေကောင် ရှာချင်ရှာ မရှာချင်နေ ကျုပ်တော့ ထမင်းဆိုင်သွားပြီ..." ဆိုပြီး ထိုင်ရာမှထ၍ တချိုးတည်း လစ်ခဲ့ပါတော့သည်။

ဘယ့်နှယ်လဲ၊ လူထမင်းဆာရ လောင်ရတဲ့အထဲ ဒီခွေးသေကောင်ပုပ် ရှာကြည့်ရမယ်လို့ပဲ ထွီ... ဒီသေခြင်းဆိုးကြီးနဲ့ ငါနဲ့တော့ ကောင်းကျိုးပေးမယ်မဟုတ်ပါဘူး။

ကျွန်တော်ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားကာ ပထမဦးဆုံးတွေ့ရာ ခေါက်ဆွဲဆိုင်ဝင်လိုက်ပြီး နိုင်ငံတော်အစိုးရ၏ပြည်တော်သာ ချက်အရက်နဲ့ စားပွဲထိုင်လိုက်သည်။

စားသောက်ပြီး၊ ကျွန်တော်မှာ ဗိုက်ကလေးဝ၍ အရက်ကလေး နည်းနည်းတွေ့မှ စိတ်ကောင်းဝင်လာကာ၊ အိမ်က ဟာကြီးအတွက် ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်၍ ပြန်

လာ၊ တယ်... ဒါကြီးနှယ် ကျွန်တော်အိမ်ထဲအဝင်တွင် အိမ်အောက်မှ ခွေးသေကောင်ပုပ်ကို ခြေတစ်ဖက်ကြိုးနှင့် ချည်ဆွဲလာလျက် အလွန်ကျေနပ်အားရသော မျက်နှာကြီးနှင့်...

"ဟုတ်ဖျို့ ကိုဗိန်းဖောင်၊ သူတို့ပြောတဲ့အတိုင်း ဟောဒီမှာ... ခွေးနီမဗျ၊ လက်ယာရင်အုံမှာ လုံ့နဲ့ထိုးထားတဲ့ ဒဏ်ရာနဲ့... ဒီခွေးမ အသက် သိပ်မငယ်ဘူး...၊ တစ်သားနှစ်သား မွေးဖူးပြီ' ဆိုတာကော ဟောဒီမှာ ကြည့်စမ်း ကိုဗိန်းဖောင်..."

ကျွန်တော် သူပြသောနေရာကို ကြည့်၍ ဒေါပွကာ...

"ဟာ... အဲဒါကြီး... ခင်ဗျားပဲ ကိုက်စားပစ်ဗျာ၊ မရှုမရှာ... ထွီ၊ ကဲ... ကဲ... ခင်ဗျာ့ ခွေးသေကောင်ပုပ်ကြီးက နံလှတယ်၊ လွတ်ရာကျွတ်ရာ ခင်ဗျားပဲ သွားပို့ပစ်လိုက်ဗျာ။ ပြန်လာတော့ စား... ဟောဒီမှာ ကျုပ်... ခင်ဗျာ့ဖို့ ခေါက်ဆွဲကြော် ဝယ်လာခဲ့တယ်..."

သူသည် အလွန်မနောခွေ့သော မျက်နှာကြီးနှင့်

"ဟီ... ကျုပ်ဖြင့် ဆာရမှန်းတောင် မသိဘူးဗျာ... ဒီလောက်တော်တဲ့ပညာရှင်တွေကို မမျှော်လင့်ဘဲနဲ့ တွေ့ရတာ တကယ်အံ့သြလောက်တဲ့ ညီအစ်ကိုပါပဲဗျာ...၊ သူတို့ဟာ အသက်အရွယ်အားဖြင့် ကြီးသည် ငယ်သည် မဟူရာ ကျုပ်သူတို့ဆီက နည်းနာယူမယ် တပည့်ခံမယ်ဗျာ ဟင်... ဘယ့်နှယ်လဲ ကိုဗိန်းဖောင်..."

ခွေးသေကောင်ပုပ် ကြိုးစကြီးလက်က ကိုင်ပြောနေသဖြင့်၊ ကျွန်တော်မှာ နံလှ၍ စိတ်မရှည်နိုင်တော့ပဲ...

"ကဲ... ကဲ... ခင်ဗျာ့ဟာ ခင်ဗျား... တပည့်ခံခံ နှစ်ပည့် ခံခံ၊ တပည့်နှပည့် မကလို့ ထက်ခြမ်းကွဲအောင်ပဲ... ကဲ... ကျုပ်မပြောချင်တော့ဘူးဗျာ၊ ခင်ဗျာ့ ခွေးသေကောင်ပုပ်ကြီး ဝေးဝေးကို မြန်မြန်ပို့ပစ်စမ်းပါတော့ဗျ... ထွီ..."

ထိုနေ့ညနေ ဟိုလူများ ပြန်ရောက်လာသောအခါတွင် ဦးနံပြားသည် တစ်ဖက်ခန်းသို့ကူး၍ ကိုယ့်ဟာကိုယ် မိတ်ဖွဲ့ကာ၊ တပည့်ခံရန် ကျွန်တော့်ကို အဖော်ခေါ်သေးသည်။ သို့သော် ကျွန်တော်မှာ ဒါမျိုး ဝါသနာမပါ၊ မိမိတွင် ဘာပညာမှ မတတ်သလောက် မာနအလွန်ကြီးသူဖြစ်၍...

"ကျုပ်ကို သူခိုးသေဖော် မညှိစမ်းနဲ့၊ ခင်ဗျာ့ဟာခင်ဗျား တပဲ့နှစ်ပဲ့မကလို့ ဟိုဒင်းပဲဖြစ်ဖြစ် ပြောပြီးပြီ မဟုတ်လား..." ဆိုကာ၊ ကျွန်တော်သည် မောင်မင်းသူဆီက ရထားသော ငွေယားကလေးကို အိတ်ထဲထည့်ပြီး၊ မနက်က ပြည်တော်သာ ချက်အရက်၊ ယခုညတွင် နိုင်ငံပိုင်မန္တလေးရမ်ကို သောက်ရန် နိုင်ငံခြား အရက်ဆိုင်ဆိုတာသို့ လစ်ခဲ့ပါသတည်း။

ကျွန်တော် နံနက်စာ ထမင်းစားရင်း သောက်သည်မှာ 'အလှ'၊ ညစာကျမှ 'အဝ'

သောက်သည်ဖြစ်၍ ထိုည ကျွန်တော် အိမ်ပြန်ရောက်သည်တွင် ညဥ့်အတော်နက်၍ အတော်မူးနေပြီ။ ထို့ကြောင့် ဟိုလူများနှင့်ပတ်သက်ပြီး၊ ဦးနံပြား ကျွန်တော့်အိပ်ရာထဲလာပြောသည်များကို ကျွန်တော်၏အမူးစည်းစိမ်ကို ဖျက်ရပါမည်လားဟု သူ့ကို မာန်မဲလွှတ်မိသည်။

ယခုမှ ဤအကြောင်းရေးရန် ဖြစ်ပေါ်လာ၍ ကျွန်တော်မှတ်မိသမျှ ဖော်ပြရလျှင် ဟိုလူများက ဦးနံပြားကို မိတ်ဆွေအဖြစ် ဝမ်းသာအားရ လက်ခံ၍ ဤသိုးစူးစမ်းဆင်ခြင်မှုနှင့်ပတ်သက်ပြီး တစ်ဦးပညာကို တစ်ဦးဖလှယ်လိုကြောင်း၊ အနံ့ခံရုံနှင့် ခွေးသေကောင်ပုပ်မအကြောင်းသိနိုင်ပုံကို နောက်တဖြည်းဖြည်းမှ ဦးနံပြားအား သင်ကြားသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တစ်အိမ်တည်း ဟိုဘက်ခန်း ဒီဘက်ခန်း နေရစဥ်တွင်၊ အကူအညီများလိုပါက တတ်နိုင်သမျှ အားတက်သရောပေးမည်ဖြစ်ကြောင်း သူတို့ညီအစ်ကို ယခုဘာများလုပ်ကိုင်နေသနည်းမူ လျှို့ဝှက်သော အလုပ်ဖြစ်၍ လျှို့ဝှက်စွာ ထားရကြောင်း။

* * *

## ပရော်ဖက်ဆာကြီး၏ မယားပျောက်မှုကြီး

ကျွန်တော်တို့ ဤအိမ်ရောက်၍ ၅–ရက်မြောက်သော နံနက်ခင်းတွင်၊ ရုပ်ရည်အမူအရာအားဖြင့် အတော်ပင် ခမ်းနားသော လူကြီးတစ်ယောက်သည် ဆေးရောင်ပုံသဏ္ဌာန်အားဖြင့် အတော်ပင် ခမ်းနားသော မော်တော်ကားကြီးနှင့် ရောက်လာပြီးသော မော်တော်ကားကြီးနှင့် ရောက်လာပြီး ကျွန်တော်တို့အခန်းရှေ့လာရပ်ကာ ဦးနံပြားဆိုင်းဘုတ်ကြီးကို ကြည့်၍...

"စုံထောက်ကြီး ဦးနံပြား ရှိပါသလား ခင်ဗျာ"

အိမ်က ဟာကြီးက ပျာပျာသလဲ ထပြီး...

"ရှိပါတယ်... ကျုပ်ပါပဲ ခင်ဗျာ... လာပါ တက်ပါ... ကြွပါခင်ဗျာ..."

ထိုလူကြီးသည် အိမ်ပေါ်ရောက်၍ ဦးနံပြားညွှန်ပြသော ကုလားထိုင်ပေါ်ထိုင်ပြီး၊ အမူသည်တို့ထုံးစံအတိုင်း စိတ်မလုံသလို ကျွန်တော့်ကို ကြည့်သည်တွင် ဦးနံပြားက...

"သြော်... ကိစ္စမရှိပါဘူး၊ သူက ကျုပ့်မိတ်ဆွေ ကိုဗိန်းဖောင်လေ... ပြောစရာရှိတာ ပြောသာ ပြောပါ"

ဤမှ လူကြီးသည် လက်ထဲက ဆေးပြင်းလိပ်ပြာကို တောက်ချလိုက်၍ မီးရှိမရှိ ဖွာကြည့်ပြီး။

"ဘယ်ကစပြောရမယ်တောင် မသိပေါင်ဗျာ"

mgyoe.com

mgyoe.com


ဦးနံ့ပြား။ "စဉ်းစဉ်းစားစား ပြောပါလေ..."

လူကြီး။ ကျုပ်နာမည်က ဦးတိမ်ကြားခေါ်ပါတယ်။ အလုပ်က ကျောင်းဆရာ ဘားမိစ် ပရော်ဖက်ဆာပါ..."

ပြား။ "သြော်... ဆရာကြီးနာမည် ကြားဖူးပါတယ်... ကိစ္စက...

ကြား "ဟုတ်ကဲ့..." (နှုတ်လေးနေသည်)

ပြား။ "ပြောသာပြောလေ ကျုပ်နဲ့တွေ့ရတာ ကိစ္စအေးသလောက်ပဲ သဘောထားလိုက်ပါလေ"

ကြား။ ဟုတ်ကဲ့ ဒီလိုပဲ အာသီသ ထားလာခဲ့ပါတယ်၊ အဖြစ်က ဒီလိုပါ မနေ့က မနက် ကျွန်တော့်မိန်းမ ဈေးဝယ်သွားလိုက်တာ မွန်းလွဲသည့်တိုင်အောင် ပြန်မလာဘူး၊ ညနေကျတော့ အမှုမဲ့အမှတ်မဲ့လာပြီး လူတစ်ယောက်က ဟောဒီစာ ပေးသွားပါတယ်..." ဆိုပြီး ဦးနံ့ပြားအား စာတစ်စောင်ကို ထုတ်ပြပါသည်။

ဦးနံ့ပြားက ဖတ်ကြည့်ပြီး ရယ်မောလျက်...

"အဟား... ဟား... စာမေးပွဲရှုံးတဲ့ သူငယ်ကလေးတွေ နောက်တီး နောက်တာ လုပ်ကြထင်ပါရဲ့ဗျာ..." ဆိုပြီး "ရော့ ကိုဗိန်းဗောင် ဖတ်ကြည့်စမ်း" ဟု ကျွန်တော့်ကို ပေးပါသည်။ သူ့စာမှာ...

ဆရာကြီး...

ခင်ဗျားကြီးသည် စာမေးပွဲကွက်ရှင်ထုတ်ရာ၌ ကျွန်တော်တို့မဖြေနိုင်လောက်အောင် ဘာကြောင့် ဒါလောက် ခဲခဲယဉ်းယဉ်းလုပ်ရသနည်း။ အခု ခင်ဗျားကြီးထုတ်တဲ့ မေးခွန်း ကျွန်တော်တို့ မဖြေနိုင်လို့ စာမေးပွဲရှုံးတော့ ကျွန်တော်တို့မှာ ဘယ်လောက် ဂျော့ကျသလဲဆိုတာ ခင်ဗျားကြီး သိလား၊ မိဘ အဆူအပူလည်း ခံရသည်။ အသက်နဲ့ ထပ်တူချစ်တဲ့ရည်းစားလည်း ဆုံးရှုံးရသည်။

ဒါကြောင့် ခင်ဗျားကြီးကို ကလဲ့စားချေသည်။ ခင်ဗျားကြီးမိန်းမကို ကျွန်တော်တို့ ဖမ်းထောင့်ထားသည်။ ငွေကိုလိုချင်လို့ မဟုတ်။ အောက်ပါ ဖြေစာကွက်ရှင်ကို ကျွန်တော်တို့ကျေနပ်အောင် ဖြေဆိုနိုင်မှ ခင်ဗျားကြီးမိန်းမကို ပြန်လွှတ်မည်။ ပုလိပ်ကိုတိုင်မယ်တော့ မကြံလေနဲ့။ တိုင်များတိုင်ရင်တော့ ခင်ဗျားမိန်းမ ငယ်ငယ်ကလေး ဘာဖြစ်သွားမလဲဆိုတာ သိလား ဟင်း...

ဤကွက်ရှင်ကို ဖြေဆိုပြီး လာပေးရန် နေရာမှာ၊ ခင်ဗျားအိမ်ရဲ့တောင် ခွေးတစ်ယောင်၊ ညောင်ပင်ရင်းက ကွက်တွင်း၀။

နောက်တစ်ရွက်၌...

mgyoe.com

ဘားမိစ်ပရော်ဖက်ဆာ ဖြေဆိုရန်မေးခွန်း။ အောက်ပါကွက်လပ်များကို သင့်လက်ရေးပီသရှင်းလင်းစွာဖြင့် ဖြေစာထည့်ပါ။

မချစ်မနှစ်သက်သော ယောက္ခမနှင့် ( ) ငါ့မှာ ( ) လူ့ပြည်နေရတာ ( ) ထို့ကြောင့် ရှမ်းပြည်သွားပြီး ဘိန်းတိုလာချိန်တစ်ရာကို ( ) အနှစ်တရာ မမေ့သာသော ( ) ဘိန်းရှူစေရန် ( ) ဖြစ်ကြောင်း ကျွန်ုပ်မယား ( ) ရေ ( ) လင်မယား... အားဟာ ဟ ဟား...

ဤမေးခွန်းကိုဖြေဆိုပြီး အောက်က ထိုးမြဲလက်မှတ်နှင့် သင်၏ရာထူးဂုဏ်ကို ထည့်ပါ။ အမှတ်ပြည့် သင့်မယား သင်ပြန်ရမည်။ တစ်လုံးချွတ်ယွင်းခဲ့သော် သင့်မယား ပေါင်တစ်လုံးဆုံးမည်၊ နှစ်လုံးဆိုသော ပေါင်နှစ်လုံး၊ သုံးလုံးဆိုသော် ဆက်တွေးလေဗျာ...

(ပုံ) စာမေးပွဲရှုံးသူ လူငယ်တစ်စု

ကျွန်တော်သည် ဤစာများကိုဖတ်ပြီး ပြန်ပေးလိုက်သောအခါ၌၊ ဦးနံပြားက...

"ဘယ့်နှယ်လဲ ကိုဗိန်းဗောင်း..."

ကျွန်တော်က...

"ဘယ်သိမလဲဗျ..."

ဤမှအမှုသည် ဦးတိမ်ကြားဘက်လှည့်၍...

ပြား။ "နောက်တာပြောင်တာများလားဗျာ"

ကြား။ "နောက်တာ ပြောင်တာ ဟုတ်သည်ဖြစ်စေ... မဟုတ်သည်ဖြစ်စေ... ကျွန်တော့်မယား နနထွတ်ထွတ်ကလေး ပျောက်နေတာက ဆိုးလှပါတယ်..."

ပြား။ "ခင်ဗျာ့မယားအသက်က ဘယ်လောက်မို့တုန်း"

ကြား။ "ခုမှ နှစ်ဆယ့်ငါးနှစ် ရှိပါသေးတယ်"

ပြား။ "ဟင်... ခင်ဗျားထက် အများကြီးကွာမှာပေါ့..."

ကြား။ "အစိတ်ပဲ ကွာပါတယ်..."

ပြား။ "ဒါကို ဘယ်လိုလုပ်စေချင်သလဲ..."

ကြား။ "ကျွန်တော့်မယားလေး ပြန်ရအောင် လုပ်ပေးပါ..."

ပြား။ "ဒါဖြင့် သူ့မေးခွန်းဖြည့်စာဖြည့်လိုက်ရုံပေါ့..."

ကြား။ "မှန်တာပြောရရင် ကျွန်တော် ဘားမီးစ်ပရော်ဖက်ဆာပေမဲ့ ဒီဟာတွေကို မဖြည့်တတ်ဘူးခင်ဗျာ... သူ့ခြိမ်းခြောက်တာထဲမှာလည်း တစ်လုံးမှားရင် ကျွန်တော့်မယား ပေါင်တစ်လုံးဖြတ်ပစ်မယ်တဲ့။ ဒီတော့ ကျွန်တော့်အသည်းဟာ အင်မတန် ထိတ်နေတယ်၊ ဒါကြောင့် စုံထောက်ကြီးကို ဒီအမှုလာအပ်တာပဲ..."

mgyoe.com

ဤအခါ၌ ဦးနံပြားသည် သူ့ကိုယ်သူအင်မတန် ယုံကြည်အားကိုးဟန်ကြီးနှင့်...

"ကဲ ကျုပ်ကို လုံးလုံးပုံမယ်ဆိုရင်... ဖြေဖို့ စာရွက်ကို ကျုပ်ဆီထားခဲ့လေ... ကျုပ်စဉ်းစားမယ်၊ ခင်ဗျား နက်ဖြန်လာခဲ့..."

"ကောင်းပါပြီ... သို့သော် ကွက်လပ်ဖြေဖို့က ကျွန်တော့်လက်ရေးနဲ့မှတဲ့..."

"ကျုပ်နားလည်ပါတယ်...၊ စာတစ်ရွက်မှာ ကူးယူပြီးမှ စဉ်းစားမှာပေါ့..."

"ကျေးဇူးပါပဲ...၊ ဒါနဲ့ စုံထောက်ကြီး အခု ငွေဘယ်လောက်ပေးခဲ့ရမလဲ..."

ဦးနံပြားက ခပ်အမ်းအမ်းဖြစ်နေရာ၊ ကျွန်တော်က ဤနေရာမျိုးတွင် လျင်မြန်သွက်လက်စွာ...

"အခု... စရန်တစ်ရာ ပေးခဲ့ပါလေ..."

"ရော့ပါခင်ဗျာ... ရော့ပါ..."

ဟင် ရသမျှ အမြတ်ပဲဟ... နောင်တော့မှ ဘယ်သူရှောက်ကျကျ။

ပရော်ဖက်ဆာကြီး အမူအပ်ပြီးသောအခါ၌ ဦးနံပြားက...

"အဲ... ငွေတစ်ရာတော့ယူလိုက်ပြီ... ခင်ဗျားလည်း ကူစဉ်းစားပေးဦး..."

"စဉ်းစားနိုင်ပေါင်ဗျာ၊ ကျုပ်ဒီငွေတစ်ရာယူလိုက်တာက မြို့ထဲက ဂရီးဟိုတယ်သွားပြီး တစ်နေ့လုံး ဘီယာသောက်ရင်း ဘိလိယက်ထိုးမလို့ ကဲ ပြောဆိုနေကြာရော့မယ် သွားတော့မယ်ဗျာ..."

ကျွန်တော်သည် ပြောပြောဆိုဆိုထခဲ့လေသည်။ ဦးနံပြား၏ ကိုဖိန်းဖောင်းလုပ်လိုက် ဒီလိုချည်းပဲ၊ ကိုသိန်းမောင်တို့နဲ့များ ကွာပါ့ဗျာ..." ဟူသော အသံကို နားသောတဆင်ခဲ့ရသေး၏။

ကျွန်တော်သည် ညနေ ၅ နာရီအထိ ဘီယာသောက်ရင်း ဘိလိယက်ထိုး၍ ၅ နာရီကျော်တွင် ဘက် ၆၉ ကို ဝီစကီကိုသောက်၊ ည ၈ နာရီလောက် ပြန်ခဲ့သောအခါ၌ အတော်ထွေလျက်ရှိချေပြီ။

စကော့ချ် ဝီစကီ၏စည်းစိမ်ဖြင့် ဤမှ ဦးနံပြားကို ကျွန်တော် ကျေးဇူးတင်စိတ်ပေါ်၍...

"ဘယ့်နှယ်လဲဗျ... ဆရာကြီး ဟိုအမှုဖြည့်စာ စဉ်းစားရပြီလား..."

ပြုံးအက်အက် ကျေနပ်သောမျက်နှာကြီးနှင့်

"ကျုပ်ချည်းဆိုရမှာ မဟုတ်သေးပေါင်ဗျာ...၊ ဟိုဘက်ခန်းက ညီအစ်ကိုနှစ်ယောက် ကျေးဇူးပဲ၊ ဒီစာရွက်ကြမ်း သူတို့ဖြည့်ရေးထားတာ ကြည့်စမ်းပါဦး" ဆို၍ ပြပါသည်။

ဖြည့်ထားသည်ကား...

 mgyoe.com 

မချစ်မနှစ်သက်သော-ယောက္ခမနဲ့ (နေရတာ) ငါ့မှာ (မပျော်ပိုက်တော့) လူ့ပြည်နေရတာ (ငါ့အဖို့ အကျိုးမထူး) ထို့ကြောင့် ရှမ်းပြည်သွားပြီး ဘိန်းတိုလာချိန်တစ်ရာကို (ယူလိုယူတော့) အနှစ်တရာ မမေ့သာသော (မင့်ငယ်ရည်းစားကို) ဘိန်းရှူစေရန် (ငါ ခွင့်ပြုသည်) ဖြစ်ကြောင်း ကျွန်ုပ်မယား ( ) ရေ... (မင်းငါနဲ့) လင်မယား။ အား ဟာ... ဟာ... ဟာ...

ကျွန်တော်ဤစာဖတ်ပြီး...

"ဘယ့်နှယ် ဟိုတစ်ကွက်တော့ ကျန်နေပါလား"

ပြား။ "ဒါက... ဟိုဆရာကြီး သူ့မိန်းမနာမည် သူထည့်ရမယ်တဲ့..." ဆိုပြီး အလွန်သဘောကျဟန်နှင့် "တကယ်တော်တဲ့ လူတွေဗျ... နော်..."

ကျွန်တော်မှာ အရက်ရှိန် ယစ်၍ အိပ်ချင်ပြီဖြစ်သောကြောင့် ပြီးလွယ်အောင်...

"သိပ်တော်ပါ့ဗျာ အား ဂွဒ်နိုက်" ဟုဆိုပြီး အိပ်ခန်းထဲ ဝင်ခဲ့ပါသည်။

နောက်တစ်နေ့ နံနက်၌ အမူးသည်ီ ပရော်ဖက်ဆာကြီး ရောက်လာ၍ ဦးနံပြားက သူဖြည့်ထားသော စာရွက်ကိုပေးလိုက်လေသည်။

ဆရာကြီးမှာ ဝမ်းသာလွန်း၍...

"ကျေးဇူးပါပဲ စုံထောက်ကြီးရာ၊ ကျွန်တော့်မိန်းမ ပြန်ရောက်တဲ့အခါမှ လင်မယား နှစ်ယောက်လာပြီး ဆရာကြီးကို ဉာဏ်ပူဇော်ခ ကန်တော့ပါဦးမယ်..."

သို့သော် ၃ ရက်မြောက်၌ ထိုဆရာကြီးလာသောအခါတွင် သူ့မိန်းမပါမလာဘဲ သတင်းစာတစ်စောင်ကို ကိုင်လျက် အင်မတန် ဒေါပွစွာနှင့် "ဟောဒီမှာ ကြည့်ပါဦး" ဆိုပြီး သတင်းစာကို လှန်ပြပါသည်။

သူလှန်ပြသည်မှာ...

## လက်ထပ်ပြီးစီးခြင်း
## မောင်စမ်းခင်နှင့် မသိန်းတန်

လှည်းကူးမြို့ ကိုဘိုးကျော်–မအေးခင်၏သား ကျွန်တော် မောင်စမ်းခင်နှင့် ပဲခူးမြို့ ကွယ်လွန်သူ ဦးမြင့် ဒေါ်ငွေတို့၏သမီး ကျွန်မ မသိန်းတန်တို့သည် ဧပြီလ ၂၇ ရက်နေ့က ပဲခူးမြို့ မြို့ပိုင် ဦးခင်ဦး၏ရုံးတွင် နှစ်ဖက်မိဘများ သဘောတူချက်အရ လက်ထပ် ထိမ်းမြားလိုက်ပြီ ဖြစ်ပါကြောင်း။

(ပုံ) မောင်စမ်းခင်
မသိန်းတန်

mgyoe.com

ဦးနံပြားက ဤစာကိုဖတ်ပြီး ဆရာကြီးအား "ဒါဘာဖြစ်တုန်းဗျ သူတို့ချင်း လက်ထပ်တာ"

ဆရာကြီးက မရှုနိုင်မကယ်နိုင်မျက်နှာကြီးနှင့်

"မသိန်းတန်ဆိုတာက ကျွန်တော့်မယားဗျ"

ပြား။ "အို... ဒါနဲ့ သူ့မိဘပါနှစ်ဖက်သဘောတူလက်ထပ်တယ်ဆို... ခင်ဗျား ယောက္ခမတွေ ခင်ဗျားသွားမေးမကြည့်ဘူးလား"

ကြား။ "မေးတာပေါ့ဗျ... မေးတော့ ဟောဒီစာကို ထုတ်ပြလိုက်တယ်..."

လက်ရေးနှင့် သူထုတ်ပြသောစာမှာ...

မသိန်းတန် မင်းငါနဲ့ နေရတာ မပျော်ပိုက်တော့ ငါအဖို့ အကျိုးမထူး။ မင်းငယ် ရည်းစားကိုယူလိုယူတော့ ငါခွင့်ပြုသည်။ (ပုံ) မောင်တိမ်ကြား ပရော်ဖက်ဆာ

ဦးနံပြားက ဤစာဖတ်ကြည့်ပြီး

ပြား။ "ဒါဘယ်သူ့လက်ရေးလဲ..."

ကြား။ "ကျုပ်လက်ရေး..."

ပြား။ "ဒါဖြင့် ခင်ဗျားခွင့်ပြုလိုက်ပြီဟာ..."

ကြား။ "အို... ကျုပ်ဘယ်က ခွင့်ပြုရမှာတုန်း"

ပြား။ "နို့ ဒါခင်ဗျားလက်ရေးဆို"

ကြား။ "ကျုပ်လက်ရေးတော့ မှန်တယ်...

သို့သော် ကျုပ်ရေးတာ မဟုတ်ဘူး..."

ပြား။ "ဟာ... ခင်ဗျားဟာ ဘယ့်နှယ်..."

ကြား။ "ဘယ့်နှယ်လုပ်မနေနဲ့ ငွေတစ်ရာပြန်ပေးတော့"

ပြား။ (မျက်လုံးကိုဖြဲကာ) "ဘယ်ငွေတစ်ရာလဲ"

ကြား။ "စရန်ဆိုပြီး ကျုပ်ပေးခဲ့ရတာလေ"

ပြား။ "အောင်မယ် ဘယ်မှာ ကျုပ်ယူရတာ ဟုတ်လို့တုန်း"

ယင်း၌ ဦးတိမ်ကြားသည် ကျွန်တော့်ဘက်သို့ မျက်စိလှည့်လေရာ၊ ဟင်း ကျွန်တော်က ဒါမျိုးဘယ်ရလိမ့်မတုန်း လျင်ပြီးသားပဲ၊ တစ်ခါတည်း ထိုင်ရာမှထပြီး အိမ်ပေါ်က ဆင်း ခြေဦးတည့်ရာ လစ်ခဲ့သတည်း။

စိတ်ထဲ ရှုပ်တုတ်တုတ် ဦးနှောက် ခြောက်တောက်တောက်ရှိသည်နှင့် ပထမ ဦးဆုံးတွေ့သော ဘားကို ဝင်လိုက်ရာ၊ အောင်မာ... ကျွန်တော်တို့နှင့် တစ်အိမ်တည်း တစ်ဖက်ခန်းနေ ညီအစ်ကိုနှစ်ယောက်မှ အစ်ကိုလုပ်သူကို စားပွဲတစ်လုံး၌ သူတစ်ယောက်

တည်း တွေ့ရ၍ သူကပင် စတင်လျက်။

"ဟဲ့လို ကိုဗိန်းဖောင်လာလေဗျာ ကျွန်တော့်စားပွဲကို ကျွန်တော်တည်း ခြောက်တောက်တောက်ဖြစ်နေတာ အဆင်သင့်ပဲ၊ ကျွန်တော်ကပဲ ဆပ္ပလိုင်းလုပ်ပါ့မယ်"

ဒီလိုဒကာခံမယ့်သူတွေ့လျှင် ကျွန်တော်က ဘယ်မှာ ငြင်းလိမ့်မတုန်း၊ ပြုံးတုန်းတုန်းမျက်နှာနှင့် ဝင်ထိုင်လိုက်သည်၌...

"ဘယ့်နှယ် ကိုဗိန်းဖောင်းကော တစ်ယောက်တည်းလားဗျ ဦးနံပြားကော"

ကျွန်တော်သည် သူသောက်လက်စ အရက်ခွက်ကိုကြည့်၍ (စကော့ချ်ဝီစကီဖြစ်နေသဖြင့်) တံတွေးမျိုချလိုက်ပြီး...

"ဟာ ငနဲကြီးအိမ်မှာ ဂျောက်ပေါက်ဝင်ကျန်ခဲ့ပြီဗျ..."

သူသည် ဘွိုင်အား ကျွန်တော့်အတွက် အရက်ကို မှာလိုက်ပြီး...

"ဘယ်လို ဂျောက်ပေါက်ဝင်ကျန်ခဲ့တာတုန်း"

"ဟိုနေ့က မယားပျောက်တဲ့ ပရော်ဖက်ဆာ အမှုသည်လေဗျာ ခင်ဗျားတို့ပဲ သူ့အတွက် ဖြည့်စာကို ရေးပေးလိုက်ပါသေးလား"

သူသည် ပြုံးစနဲ့နဲ့နှင့်...

"အင်း... အင်း ဘယ်လိုဖြစ်တာတုန်း"

ကျွန်တော်က ဖြစ်ပုံကိုကြားသိရသမျှ ပြောပြပြီး

"အခု သူ့မိန်းမက မောင်စမ်းခင်ဆိုတဲ့ လူနဲ့လက်ထပ်သွားတာမှာ သူလည်း မရေးရဘဲနဲ့...၊ သူ့လက်ရေးနဲ့ သဘောတူခွင့်ပြုတဲ့စာနဲ့ဖြစ်နေသတဲ့ဗျ၊ အဲဒါဘယ်လိုဖြစ်တာလဲ တတ်နိုင်ရင် ရှင်းပေးလိုက်ပါဦးဗျာ"

သူက အရက်ကို တစ်ကျိုက်မော့ချလိုက်ပြီး...

"ဒါ ဘာရှင်းစရာလိုလဲဗျာ့၊ အစကတည်းက ရှင်းနေတာပဲ"

ကျွန်တော်လည်း အရက်ကို မော့လိုက်ပြီး

"ဘယ်လိုရှင်းနေတာလဲ"

သူသည် အရက်ကိုထပ်မော့လိုက်ပြီး...

"ဒီလိုလေဗျာ ကျွန်တော်တို့ရေးပေးလိုက်တဲ့ ဖြည့်စာများကို ခွဲထုတ်ပြီး အစီအစဉ်နဲ့ လုပ်လိုက်တော့ (မသိန်းတန် မင်းငါနဲ့ နေရတာ မပျော်ပိုက်တော့ ငါ့အဖို့ အကျိုးမထူးဘူး၊ ထို့ကြောင့် မင့်ချစ်သူငယ်ရည်းစားနဲ့ လက်ထပ်လိုထပ်တော့ ငါခွင့်ပြုသည်) ဆိုတာဖြစ်နေတာကို...၊ အဲဒါကို ဟိုစာရွက်ထဲက ကတ်ကြေးနဲ့ ဖောက်ထွင်းထုတ်၊ ဘလောက်လုပ်ပြီး၊ လက်ရေးမင်နဲ့ ရိုက်လိုက်တော့ သူရေးပေးတဲ့စာဖြစ်တာပေါ့ဗျာ' ဆိုပြီး

အရက်ခွက်ကို မော့လိုက်သည်။

ကျွန်တော်က ပါးစပ်က အရက်ခွက်ကို ခေတ္တခွာလိုက်ပြီး...

"ဒါဖြင့် သူ့မိန်းမကို ပြန်ပေးဆွဲတယ်ဆိုတဲ့ လူတွေက ဒါလိုချင်လို့ လုပ်တာကိုး"

သူ့အရက်ခွက် ပြန်ချတ်လိုက်ပြီ...

"ဟုတ်တာပေါ့ ကိုဖိန်းဖောင်း အခုလက်ထပ်သွားတယ်ဆိုတဲ့ မောင်စမ်းခင်နဲ့ သူ့မိန်းမ မသိန်းတန်ဆိုတာက ငယ်ရည်းစား၊ အဲဒါကို လူကြီးက သူ့ပညာဂုဏ်ပစ္စည်းဂုဏ်နဲ့ ကောင်မလေးကို မိဘဆီ တောင်းရမ်းယူလိုက်တာ...၊ ကောင်မလေးမှာ တစ်နေ့မှ စိတ်မချမ်းသာဘူး၊ သူ့မိဘများလည်း နောက်မှမှားမှန်းသိတယ်၊ ဒါပေမဲ့ ဒီလူကြီးက လည်း မယားအငယ်လေးကို လက်လွှတ်မခံတော့ဘူး၊ ဒါကြောင့် ဒီလိုသူ့လက်ရေးစာကို ရအောင်လုပ်ပြီး၊ တစ်ပတ်ရိုက်လိုက်ရတာ"

ကျွန်တော်သည် သူ့အရက်ကို သောက်ရင်း၊ သူ့အား အင်မတန် အံ့ဩချီးမွမ်း ဟန်နှင့်ကြည့်ကာ...

"ဟင်... ဒါတွေကို နောင်ကြီးက ဖြည့်စာရေးခိုင်းတဲ့ ပြန်ပေးဆိုတဲ့ စာဖတ်ကြည့် တာနဲ့ သိတယ်၊ သိပ်တော်တာပဲဗျာ၊ ဦးစံရှားထက်တောင် တော်ပါသေးလား"

သူသည် အရက်ခွက်ကိုချ၍ ပါးစပ်ကို လက်ကိုင်ပဝါနှင့်ပွတ်ပြီး ပြုံးစနဲ့ မျက်နှာ နှင့်...

"အမှန်ဆိုတော့လည်း ဒါလောက် ချီးမွမ်းစရာ မဟုတ်ပါဘူးဗျာ... မောင်စမ်းခင် ဆိုတာက ကျွန်တော်နဲ့အတူနေတဲ့ ကျွန်တော့်ညီလုပ်တဲ့လူကိုးဗျ၊ ဟဲဟဲ... ခင်ဗျာ့ ဦးနံပြား ကြီး အယုံသွင်းရအောင် ခွေးနီမတစ်ကောင်တောင် ခင်ဗျားတို့ပြောင်းလာမယ်ကြားပြီး မရောက်ခင် တစ်ရက်က နေ့ခင်း အိမ်အောက်လာအိပ်နေတုန်း လက်ယာဘက်ရင်အုံကို မောင်စမ်းခင်က လှံနဲ့ထိုးသတ်ထားတာဗျ၊ ဟဲဟဲ သောက်ဗျာ ကိုဖိန်းဖောင်း မောင်စမ်းခင် အတွက် ကွန်ကရယ်ကျူလေးရှင်း"

ကျွန်တော်ကတော့ ဘယ်သူ့အတွက်ဖြစ်ဖြစ်၊ အရက်ကောင်းလျှင် ကောင်းသ လောက် သောက်သည်သာတည်း။

"စုံထောက်ကြီးဦးနံပြားလည်း သက်တော်ထောင်ကျော်ရှည်ပါစေဗျား..."

သူက နောက်ရောက်လာသော အရက်ခွက်ကို မြှောက်၍ ဆုတောင်းလိုက်သည်။ ကျွန်တော်လည်း အားရပါးရမော့ချလိုက်ပြီး၊ အကုန်ဖွင့်ပြောတော့ အားလုံး သိပြီဖြစ်၍...

"အား ခင်ဗျားတို့ အကြံစိပေ့ဗျာ၊ ဒါနဲ့ ဒီအမှုမှာ ဦးတိမ်ကြားက ဦးနံပြားဆီ လာမအပ်ရင်တော့..."

mgyoe.com

mgyoe.com

သူကကြားဖြတ်၍...

“ဟာ ဘယ်လာမအယ်ဘဲနေရမှာတုန်း၊ မသိန်းတန်က (အစ်ကိုကြီး ဒီဖြည့်စာ မတတ်နိုင်ရင်၊ စုံထောက် ဦးနံ့ပြားဆီ သွားပါ) ဆိုတဲ့စာကို လူဆိုးများ မသိအောင် တိတ်တဆိတ်အနေနဲ့ ရေးလိုက်သေးတာကိုးဗျ...၊ အဟား ဟားဟား သောက်ဗျာ ကိုဗိန်းဗောင်း...”

*ရှုမဝမဂ္ဂဇင်း၊ အမှတ် (၉၇)၊ ဇွန်၊ ၁၉၅၅။*

❒

mgyoe.com

mgyoe.com

# ဗေဒင်ဆရာ အတွက်မှားတော့တယ်

တင်နီရယ်၊ ကျွန်တော်ရယ် နှစ်ယောက်သား သင်္ဘောဆိပ်ကို ရောက်ခဲ့ကြတာက အစောကြီး၊ 'မင်းလတ်' ဆိုတဲ့ သင်္ဘောဆိုက်ဖို့က တစ်နာရီ၊ နှစ်နာရီလောက်တောင်လို ပါသေးတယ်။ စောဆိုလည်း ကျွန်တော်တို့က အချိန်နဲ့ ဘာနဲ့ကိုက်ပြီး လာခဲ့ကြတာမှ မဟုတ်ဘဲ၊ အိမ်က လူကြီးတွေ အလစ်ထွက်ခဲ့ရတာကိုးဗျ၊ နေ့လယ်ခင်းကြီးဆိုတော့ မြန်မာပြည် အပူပိုင်းဇုန်က နေမင်းကြီးကလည်း ချစ်ချစ်တောက်လို့၊ နို့ပြီး ဒီ မင်းဘူးမြို့ သင်္ဘောဆိပ်ကလည်း နွေအခါမှာဆိုတော့ ရွာသယာဆိပ်ကို ပြောင်းထားရတာမို့၊ မြို့နဲ့ တစ်မိုင်ကျော်ကျော်လောက်ကို ဝေးနေတော့ တကယ့်ကို ပျင်းစရာကြီးပါပဲ၊ သင်္ဘောက ပါလာမယ့် ခရီးသည်တွေကို ကြိုတဲ့မြင်းလှည်းတွေကလည်း မရောက်ကြသေးဘူး၊ တိတ်ဆိတ်ခြောက်ကပ်လိုက်တဲ့ဖြစ်ခြင်း၊ အနီးပါးနားမှာဆိုရင် အကြော်ဆိုင်ကလေး တစ်ဆိုင်ရယ်၊ ကမ်းပေါ်က လက်ဖက်ရည်ဆိုင်နှစ်ဆိုင်ရယ်၊ ဒါပဲ။ ဩော်... ခပ်လှမ်း လှမ်းက သစ်ပင်ရိပ်အောက်မှာတော့ လူကြီးတစ်ယောက်တည်းရယ်၊ ထိုင်နေတယ်။ ကျွန်တော်တို့နှစ်ယောက်က အဝတ်အစားထည့်တဲ့ အိတ်ကလေးတွေ ကိုယ်စီဆွဲပြီး၊ ဆိပ်ခံသမ္ဗန်ကြီးတွေပေါ်တက်နဲ့ ဘာနဲ့၊ ဟိုလျှောက် သည်လျှောက် လုပ်နေရင်းက အဲဒီ လူကြီးနားရောက်သွားတော့၊ သူက ဗေဒင်ဆရာကြီးဗျ။ နှုတ်ခမ်းမွေးရေးရေး၊ မျက်လုံး မှေးမှေး၊ နှာခေါင်းက အကြီးကြီးနဲ့၊ ကွမ်းစားထားလိုက်တာကလည်း ပါးစပ်တစ်ခုလုံး နီရဲလို့၊ နို့ပြီး ဆံပင်ရှည် သျှောင်ထုံးကို ပိုးပဝါနီရစ်နဲ့၊ သက္ကလတ်အင်္ကျီအနက် ပိုးကြိုး လုံချည် အနီကွက်နဲ့ဆိုတော့၊ တကယ့် လူခန့်ကြီးပေါ့၊ အသက် ၅၀ လောက်၊ သူ့ရှေ့က

 mgyoe.com 

တော့ ကျွန်တော်တို့ဖေဖေ ငွေချေးတဲ့ ချစ်တီးတိုက်က စားပွဲမျိုးလေးတစ်ခုနဲ့၊ အဲဒီပေါ်မှာ ချပ်ထူစက္ကူနဲ့ ရေးထားတာကတော့...။

ဦးထွန်းမြတ်

ဗေဒင်လက္ခဏာဆရာကြီး

တစ်ခါကြည့် ၄ ပဲ... တဲ့။

အဲဒီအနား ရောက်တယ်ဆိုပဲ၊ အပူသည် တင်နီက။

"ဟေ့ ခွေးဖြူ... ငါဗေဒင်မေးဦးမယ်ကွ" တဲ့။

ကျွန်တော်ကတော့ ဗေဒင်မေးဖို့ကို ဝါသနာပါတဲ့ကောင် မဟုတ်ပါဘူး၊ ဒါပေမဲ့ တင်နီ ခုဖြစ်နေရတဲ့အခြေအနေက ဗေဒင်တို့ ဘာတို့မေးချင်တဲ့အခါမျိုးကိုဗျ၊ ဒါကြောင့်...

"မင်း... မေးချင်မေးလေကွာ"

ကျွန်တော်တို့နှစ်ယောက် သူ့အနားချဉ်းကပ်လိုက်တယ်ဆိုပဲ ဆရာကြီးက သူ့မျက်စိမှေးမှေးကျဉ်းကျဉ်းကလေးနဲ့ ကျွန်တော်တို့ကို စူးစိုက်ကြည့်ပြီး...

"ကလေးတို့... ဗေဒင်မေးမလို့လား" တဲ့။

အဲသည်တုန်းက အင်္ဂလိပ်ခေတ် ၁၉၃၅ ခုနှစ်ဆိုတော့ ကျွန်တော့်အသက် ၁၆ နှစ်ရယ်။ တင်နီအသက်ကလည်း အတူတူပဲ၊ ဒါကြောင့် ဒီလူကြီး ကလေးတို့လို့ ခေါ်တာပေါ့။

ဒီနေရာမှာ ကျွန်တော်တို့အကြောင်း နည်းနည်းပြောထားရဦးမယ်၊ တင်နီနဲ့ ကျွန်တော်ဟာ တစ်ရွာတည်းမွေး၊ တစ်ကျောင်းတည်းနေ၊ အင်မတန် ချစ်ခင်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ပေါ့၊ အဲသည်တုန်းက ကျွန်တော်တို့လူပျိုဖြစ်စကလေးတွေ ပေမဲ့၊ အောင်မယ် ရည်းစားကိုယ်စီနဲ့ဗျ။ ကျွန်တော်ရည်းစားက ကျွန်တော်တို့ရွာကပဲ၊ တင်တင်အေး ရယ်လေ၊ ကျွန်တော်တို့ရွာနာမည်က ပွင့်ဖြူလှ၊ မင်းဘူးနဲ့ စလင်းအကြား ကားလမ်းမမှာ ရှိပါတယ်။ တင်နီရည်းစားကတော့ ကျွန်တော့်ရွာက ဇာတိဌာန မဟုတ်ပေဘူး၊ ရေနံချောင်း ကဆိုလားပဲ။ ကျွန်တော်တို့ရွာမှာ ခဏလာနေတုန်း၊ တင်နီနဲ့ကြိုက်ကြတာ၊ ကောင်မလေး နာမည်က 'ဒေစီ' တဲ့ဗျ၊ သူ့အဖေက ဘီအိုစီ စာရေးကြီးတစ်ယောက်ပဲ။

ဒါနဲ့ပြောရဦးမယ်။ 'ပဝါပါး ကြက်သားထုပ်တော့ စွန်းတတ်တယ်၊ တစ်ရွာသား ရည်းစားလုပ်တော့ လွမ်းတတ်တယ်' ဆိုတဲ့စကားဟာ တယ်မှန်ပါလားဗျ၊ ဘာကြောင့်ဆို အခုကြည့်ပါလား။ ဒေစီတို့အဖေက အလုပ်ခွင့်ရက်စေ့လို့ သူတို့မြို့လည်း ပြန်သွားရော တင်နီခမျာလည်း လွမ်းပြီးကျန်ရစ်ခဲ့တော့တာပေါ့ဗျာ။

"ဟေ့ ခွေးဖြူ... ဒေစီတို့ ပြန်သွားတာ ၁၀ ရက်တောင်ရှိသွားပြီကွ"

mgyoe.com

"အေး... ဟုတ်လား၊ သူတို့ပြန်သွားတာ ဘယ်နေ့ကပါလိမ့်"

"ဖေဖော်ဝါရီလ ၁၀ ရက် စနေနေ့၊ ဒီနေ့ ၂၀ ရက်ဆိုတော့၊ ဟင်း ၁၁ ရက်ထဲတောင် ရောက်နေပြီကွ၊ ရောက်ရောက်ချင်း စာထည့်လိုက်မယ်ဆိုပြီးတော့ ခုထက်ထိ သူ့ဆီက စာမလာသေးဘူး"

"မင်းကကော သူ့ဆီ စာရေးလို့လား"

"ဘယ်ရေးရမလဲကွ၊ သူ့လိပ်စာကိုမှ မပေးခဲ့တာဘဲ၊ သူ ဟိုရောက်မှ လိပ်စာကိုပါ တစ်ခါတည်း ရေးလိုက်မယ်ဆိုပြီးတော့"

အင်မတန် စတိုင်များတဲ့ တင်နီခမျာ ခေါင်းမျှမဖြီးနိုင်။ စာမေးပွဲလည်း နီးနေရက်နဲ့ စာမကြည့်နိုင်။ သူ့ရည်းစားဆီက စာကိုသာ မျှော်ရင်း တစ်နေ့နေ့ဝယ်နဲ့ တရွေ့ရွေ့ ကုန်ခဲ့ပြီး ရက်အနည်းငယ်ကြာလတ်ပြန်သော်...

"ဟေ့ ခွေးဖြူ၊ ဒေစီတို့ ပြန်သွားတာ ၁၅ ရက်တောင် ရှိသွားပြီကွ"

"အေး ဟုတ်လား၊ သူတို့ပြန်သွားတာ ဘယ်နေ့ပါလိမ့်"

"ဖေဖော်ဝါရီလ ၁၀ ရက် စနေနေ့လကွာ၊ ဒီနေ့ ၂၅ ရက်ဆိုတော့"

"၂၅ ထဲ ၁၀ နုတ်၊ အေး ၁၅ ရက်ပေါ့ကွာ"

တင်နီခမျာမှာ တစ်ရက်ထက် တစ်ရက် အလွမ်းဒီဂရီတွေ တက်နေပါသည်။ ကျွန်တော့်အထင်ကို ပြောရလျှင် ကျွန်တော်တို့အရွယ်များရဲ့ ရည်းစားအချစ်ဟာ ခင်ဗျားတို့ လူကြီးတွေ သားမယားအချစ်ထက်ပိုတယ် အောက်မေ့ပါတယ်။ ယခု တင်နီ့ကို ကြည့်ပါတော့။ တစ်နေ့ထက် တစ်နေ့ မနေတတ် မထိုင်တက်ဖြစ်လာပြီး ဖေဖော်ဝါရီ ကုန် မတ်လဆန်းတော့...

ဟေ့ ခွေးဖြူ ငါရေနံချောင်းကို လိုက်သွားမယ်ကွာ

ကျွန်တော် ရတ်တရက် အံ့အားသင့်သွားကာ...

"ဟာ သူ့အဖေကြီးနဲ့ဖြစ်ပါ့မလားဟ"

"သူတို့အိမ် တိုက်ရိုက်မသွားဘူးကွာ၊ တခြားအိမ်က တည်းပြီးတော့မှ"

"ဘယ်သူ့အိမ်တည်းမှာလဲ"

"ရေနံချောင်းက တို့အိမ်လာဖူးတဲ့ လူကြီးတစ်ယောက်ရှိတယ်ကွာ၊ သူ့အိမ်ရှာ တည်းမှာပေါ့၊ မင်းပါ ငါနဲ့အဖော်လိုက်ခဲ့"

ဤသို့ တိုင်ပင်ပြီးနောက် နှစ်ရက်လောက်အကြာတွင် အိမ်ကလူကြီးများအလစ်၌ တင်နီသည် သူ့အဖေ အိတ်ထဲမှ တွေ့သမျှ ငွေကိုခိုး၍ ကျွန်တော်နှင့်အတူ အဝတ်အစား ထည့်သည့် လွယ်အိတ်ကလေးကိုယ်စီနှင့် ဖော်ပြခဲ့သည့်အတိုင်း မင်းဘူးသို့သော်ဆိပ်

သို့ရောက်၍ ဗေဒင်ဆရာကြီးနှင့် တွေ့ဆုံကြခြင်းပါတည်း။

* * *

"ကဲ... ထိုင်ကြ ထိုင်ကြ၊ ပထမဦးဆုံးထုံးစံအတိုင်း လာဘ်တင်ကြဦးကွယ့်"

တင်နီသည် သူ့ရှပ်အင်္ကျီအိတ်ထဲမှာရှိသမျှ ငွေစက္ကူတွေနှင့် လက်ကိုင်ပဝါပါ အားလုံး ရောထုပ်ပြီးမှ အောက်ကပ်နေသော အကြွေတို့ကိုယူ၍ ဂျော့ဘုရင်ခေါင်းနှင့် ငွေမတ်စေ့ကလေးတစ်စေ့ကို လာဘ်တင်လိုက်ပါသည်။ လူကြီးသည် ထိုပိုက်ဆံကို အိတ်ထဲထည့်ပြီးမှ ကျောက်သင်ပုန်းပေါ်တွင် လေးကွက်ကြားခြစ်ရင်း...

"ဘယ်ခုနှစ် မွေးလဲကွယ့်"

"ရှစ်ဆယ့်တစ်ခု"

"အင်း... ၁၂၈၁ ခု" သူ ကျောက်သင်ပုန်းပေါ် ရေးလိုက်သည်။

'လကကော"

"ကဆုန်လ"

"လဆန်းလား... လဆုတ်လား"

"လဆုန် ၁၃ ရက် မနက်တစ်နာရီဗျ"

"နေ့ကကော"

"တနင်္လာ"

လူကြီးသည် ဟိုဂဏန်းရေး သည်ဂဏန်းရေး... တောင်ခြစ် မြောက်ခြစ်လုပ်ပြီးမှ...

"စစ်၊ သူ၊ ကြီး၊ ပွဲ၊ အောင်၊ လံ၊ ထူ၊ အင်း... တနင်္လာသား သိုက်ဖွား။ သောကြာနံ အထွန်းရတယ်၊ သောကြာနံထွန်းတော့ မိန်းမကောင်းကောင်းရတတ်တယ်ကွယ့်"

တင်နီက ဖြတ်၍...

"အို... မကောင်းတဲ့မိန်းမကော ကျွန်တော်က ယူမှာလားဗျ"

ဗေဒင်ဆရာကြီးသည် တင်နီကို မျက်လုံးတစ်ဖက်ပင့်၍ ကြည့်လိုက်ပြီး...

"မိန်းမကောင်းကောင်းဆိုတာက ရုပ်အဆင်းအင်္ဂါလှပတဲ့မိန်းမ၊ အကျင့်စာရိတ္တကောင်းတဲ့မိန်းမ၊ ပစ္စည်းဥစ္စာချမ်းသာတဲ့မိန်းမကို ပြောတာကွယ့်"

"ဒါတော့ ဟုတ်ရမှာပေါ့ဗျာ"

တင်နီမျက်စိထဲ၌ မိုးကျရွှေကိုယ်လောက် အထင်ရောက်နေသော ဒေစီကို တရေးရေးမြင်နေဟန်တူပါသည်။

ဗေဒင်ဆရာကြီးသည် ကျောက်သင်ပုန်းကို ဒိုးဒိုးဒေါက်ဒေါက် ခေါက်ပြန်ကာ...

"အင်း... တနင်္လာသား သိုက်ဖွားဆိုတော့ ငွေအိုးထဲမှာနေတာပဲ၊ အင်မတန် ဇာတာကောင်းတယ်၊ ဘာမှမကြောင့်မကြ မတောင့်မတရဘဲ၊ ဝတ်ရမှာ မပူရ၊ စားရမှာ မပူရ၊ ပိုက်ဆံငွေကြေးလည်း မခဲယဉ်းဘူး၊ လိုချင်သလို အလွယ်တကူရနေတာပဲ၊ နို့ပြီး တနင်္လာ သိုက်ဖွားဟာ အင်မတန် ဉာဏ်ပညာကြီးတတ်တယ်၊ မင်း ဘုန်းကြီး သူဌေး သူကြွယ်ဖြစ်နိုင်တယ်၊ ဆရာဂုဏ်သမားဂုဏ်ပါတယ်၊ နေရာတကာမှာ အကြီးအမှူး ဖြစ်ရမယ်၊ နို့ပြီးတော့"

ဤတွင် တင်နီက "အို... ဒါတွေ တော်စမ်းပါဗျာ၊ ကျွန်တော် ဗေဒင်မေးတိုင်း ဒါတွေကြားရလွန်းလို့ ရိုးနေပါပြီ"

အမှန်အားဖြင့် ဗေဒင်ဆရာတို့၏သမားရိုးကျ နည်းအတိုင်း ခုနှစ်သက္ကရာဇ် မွေးလ မွေးနေ့ကိုမေး၍ မဟာဘုတ်တိုင်ယူပြီး သိရှိရသော အဖွား၊ အထွန်းတို့ကိုလိုက်၍ ဗေဒင်စာအုပ်ထဲက ကျက်မှတ်ထားသည့်အတိုင်း အကောင်းတွေချည်းရွတ်နေခြင်းသည် အပျင်းပြေ ဗေဒင်ကြည့်သူတို့အဖို့ အင်မတန်အရသာရှိမည်ဖြစ်သော်လည်း၊ တင်နီကဲ့သို့ လက်ငင်းရည်းစားအရေးကို သိချင်နေသူမှာ မအောင့်နိုင် မအည်းနိုင်ဖြစ်လာသဖြင့် ဗေဒင် ဆရာကြီး၏အဟောကို ငေါက်ဆတ်ဆတ်နှင့်ဖြတ်၍ ပြောလိုက်ခြင်း ဖြစ်ပါသည်။

ယင်း၌ ဗေဒင်ဆရာကြီးသည် တစ်ချက်မျှ ခေါင်းမော်၍ တင်နီ့ကို စူးစူးစိုက်စိုက် ကြည့်ပြီးနောက် အပြုံးယောင်သမ်းသွားကာ...

"သူငယ်ကလည်း တယ်စိတ်မြန်တာကိုးကွယ့်၊ ဒါဟာ ပထမအခြေခံကို ဟောရ တာကွယ့်" ဆိုပြီး ကျောက်သင်ပုန်း၌ ဟိုခြစ်သည်ခြစ်နှင့် ဒိုးဒိုးဒေါက်ဒေါက်လုပ်ကာ...

"အင်း... အခု တနင်္လာသား ၁၆ နှစ်ရောက်နေတော့... က၊ ခ၊ ဂ၊ ဃ၊ င = တနင်္လာ၊ တနင်္လာ၊ ကျား = ၁၅၊ ၁၆ ထဲ ၁၅ နုတ်၊ တစ်၊ အင်း... အင်္ဂါဂြိုဟ်ထဲရောက် တာတစ်နှစ်ရှိသွားပြီ၊ ဒီအင်္ဂါဂြိုဟ်ထဲရောက်တော့ အင်း..." လေရှည်ရှည်ဆွဲ၍ တင်နီ၏ မျက်နှာကို မော်ကြည့်လိုက်ပြန်ပြီး "အခု ဒီတနင်္လာသားမှာ ချစ်သူအတွက် သောက တွေ့နေရတယ်ကွယ့်"

ဒက်ခနဲဟောလိုက်လေရာ တင်နီမှာ ထိုင်ရာကပင် ကိုယ်စန့်ခနဲဖြစ်သွားပြီး...

"ဒါ ဟုတ်တယ်၊ မှန်တယ်ဗျ" ဟု ကောင်းချီးသြဘာပြုလိုက်၏။ ဗေဒင်ဆရာ ကြီးသည် သူ့နှုတ်ခမ်းမွေးရေးရေးနှင့် ပြုံးယောင်ပြုကာ "အေး ဆရာက ဒါမျိုးမှကြိုက် တယ်၊ ဟုတ်ရင်ဟုတ်တယ် ပြော၊ ဒါမှ ဟောအားရှိတယ်ကွယ့်" ဟု ပြောပြီး တစ်ဖန် ဆက်၍...

"အင်း... အခု ချစ်သူအတွက် ခရီးကတင်း သွားရဖို့ မြင်တယ်ကွယ့်"

 mgyoe.com 

တယ်မြင်တတ်တဲ့ဆရာ၊ အခုသွားကြမလို့ဘဲ၊ အဝတ်အစား လွယ်အိတ်ကလေး တွေနဲ့ သဘော်ဆိပ်ရောက်နေကြတာ။

တင်နီက ထောက်ခံသောအားဖြင့် ပြုံးပြုံးကြီး ခေါင်းညိတ်လိုက်၏။ ဗေဒင်ဆရာကြီးသည် အားရသောအမူအရာနှင့်

"အင်း... သွားရမှာကလည်း မြောက်အရပ်ကိုကွယ့်၊ ရေကြောင်းနဲ့ သွားရလိမ့်မယ်"

တောက်... အဲဒါကတော့ တကယ်သွေးထွက်ဗျ၊ အခု ကျွန်တော်တို့ စောင့်နေကြတာက အဆန်သဘော်ကိုဗျ။

"ဟင်... ဆရာ တယ်မှန်ပါတလား၊ အဲဒါတွေ ကျွန်တော့်ဇာတာထဲမှာပါတာလား"

ဆရာကြီးသည် ပြုံးစိစိကြီးနှင့်...

"အေးပေါ့ကွယ့်၊ ဒါပေမဲ့ ဟောတတ်တဲ့ ဗေဒင်ဆရာမှ အသေးစိတ် တိတိကျကျမြင်တာ၊ မှန်လက်စနဲ့ မှန်တာ ပြောလိုက်ရဦးမယ်၊ အခု သူငယ်သွားရမှာက မိန်းမအတွက်နဲ့ မြောက်အရပ်ကို သဘော်နဲ့ဆိုတော့ အားလုံး ကြာသပတေးနံချည်းပဲ၊ ကြာသပတေးဆိုတော့ ငါး..."

တင်နီကဖြတ်၍...

"ဟင်... ကြာသပတေး ကြွက်ဆို"

"အို... ဒါက သူ့ဂြိုဟ်ကိုပြောတာပဲ၊ အခု ဆရာပြောတာက" လက်ချောင်းကို တစ်ခုစီချိုး၍ "တနင်္ဂနွေ ၁၊ တနင်္လာ ၂၊ အင်္ဂါ ၃၊ ဗုဒ္ဓဟူး ၄၊ ကြာသပတေး ၅၊ ဂဏန်း ၅ ကိုပြောတာကွယ့်၊ အင်း... အင်း၊ အခု သူငယ့်အိတ်ထဲပါတဲ့ငွေက ကျပ်ဖြစ်ရင်လည်း ငါးကျပ်၊ ဆယ်ဖြစ်ရင်လည်း ငါးဆယ်၊ ရာဖြစ်ရင်လည်း ငါးရာဖြစ်ရမယ်ကွယ့်... ဆရာပြောတာ ဟုတ်မဟုတ်ကြည့်စမ်း"

တင်နီသည် အားရဝမ်းသာနှင့် အိတ်ထဲက ငွေ ဆယ်တန်များကို ထုတ်၍ ရေလိုက်ရာ အကယ်ပင် စက္ကူ ၅ ချပ်ဖြစ်နေပေတော့၏။

"ဟုတ်တယ် ဆရာ ငွေ ၅၀ ပဲ"

အမှန်အားဖြင့် တင်နီ သူ့အဖေအိတ်ထဲက စပါးဖိုးငွေတွေ ခိုးလာသည်မှာ အားလုံးပေါင်း ၆၅ ကျပ်ဖြစ်ပါသည်။ တစ်ဆယ်ကို ကျွန်တော့်အိတ်ထဲ ပေးထား၍ ငါးကျပ်တန်တစ်ရွက်မှာ ပွင့်ဖြူက လာခဲ့သောမြင်းလှည်းခနှင့် သရေစာဝယ်စားလိုက်ခြင်းတို့ဖြင့် အကြွေများသာ ဖြစ်သွားသောကြောင့် သူ့အိတ်ထဲမှာ ဆယ်တန်ငါးရွက်သာ ကျန်တော့ခြင်းဖြစ်ပါသည်။

mgyoe.com

မည်သို့ပင် ဖြစ်လင့်ကစား ဗေဒင်ဆရာစကားမှန်နေ၍ တင်နီမှာ ဝမ်းသာအားရ ဖြစ်ကာ...

"ဆရာ ဟောတာတွေ အကုန်လုံး ဟုတ်နေပါပြီ၊ အဲဒါတွေ ထားပါတော့ လိုရင်း မေးပါရစေ၊ အခု ကျွန်တော်သွားတွေ့မယ့်ချစ်သူလေးနဲ့"

ဟုဆိုပြီး ရှက်စနိုးဖြစ်နေလေရာ ဆရာကြီးသည် အလိုက်သိစွာဖြင့်...

"အို... ဒါရှက်စရာ မဟုတ်ပါဘူးကွယ်၊ ဆရာလည်း ငယ်ရာကကြီးလာတာပဲ၊ ကဲ... ကဲ... မင်း မေးလိုတာ ဆရာ သိပါတယ်၊ မင်း ဇာတာထဲမှာက အခု အသက် ၁၆ နှစ်ထဲမှာ အိမ်ထောင်ကျကိန်းမြင်တယ်ကွယ့်"

အချစ်ရူးရူးနေသော တင်နီမှာ ထခုန်မတတ်ဖြစ်သွားကာ...

"ဟင်... တကယ်ပဲလားဆရာ၊ လူကြီးတွေက မပေးစားရင်ကော"

"အို... ကံ ဇာတာအတိုင်းဆိုရင် အတားအဆီးမရှိဘူးကွယ့်၊ ဘယ်သူဖျက်ဖျက် မပျက်ဘူး"

"ဟင်... ဟန်ကျပြီ... ဟန်ကျပြီ၊ ဘယ်သူနဲ့လဲ၊ အခု ချစ်သူလေးနဲ့ပဲ မဟုတ်လား"

"ဟုတ်တာပေါ့ကွယ့်၊ ဆရာကလည်း မင်းကိစ္စအောင်မြင်အောင် အဆောင် အယောင်ကလေး ပေးလိုက်ပါဦးမယ်"

တင်နီသည် ဝမ်းသာလှစွာနှင့် "ပေးလိုက်ပါဆရာ... ပေးလိုက်ပါ"

"မင်း ကလေးမနာမည်က ဘယ်သူတုန်းကွယ့်"

"ဒေစီတဲ့ ဆရာ"

"အင်း... ဒါဖြင့် ကလေးမက စနေပဲ..."

"စနေမဟုတ်ဘူး ဆရာရဲ့၊ သူ့နေ့က တနင်္ဂနွေတဲ့"

"အို... သူ့မွေးနေ့ကို ပြောတာ မဟုတ်ပါဘူး၊ ပသတ်သဘောနဲ့ သူ့နာမည်ရဲ့ နေ့ကိုသာ တွက်ရတာပါ၊ နို့ မောင်ရင့်နာမည်ကကော"

"တင်နီပါ ဆရာ"

"အို... ဒါဖြင့် ကလေးမနာမည်ကလည်း စနေ၊ မောင်ရင့်နာမည်ကလည်း စနေ၊ နှစ်ခုထပ်ဟန်ကျပြီ၊ စနေမှာ မောင်ရင့်နာမည်အဆုံးသတ်နဲ့လည်း ကိုက်ညီအောင် နီသော အရာကိုဆောင်ရလိမ့်မယ်"

"ဘယ်လိုနီသောအရာလဲ ဆရာ"

"အို... ဒါက ဆရာ အင်းနဲ့အိုင်နဲ့စီမံပေးလိုက်မှာပဲ၊ မောင်ရင်ကသာ ဆရာ့ကို

mgyoe.com

 mgyoe.com 

ဒါလေးစိမ်ခ…"

"အို… ပေးပါတယ် ဆရာ ပေးပါတယ်၊ ဘယ်လောက်လဲ"

"များများမဟုတ်ပါဘူးကွယ်၊ တစ်ကျပ်ပါပဲ…"

တင်နီသည် ကျပ်တန်တစ်ရွက်ကိုထုတ်ပေးလိုက်၏။

ထို့နောက် ဆရာသည် သူ့ချစ်တီးစားပွဲကလေးကိုဖွင့်၍ ဖဲကြိုးနီနီ အခွေလေးမှ တစ်ထွာလောက် ဖြတ်ယူလိုက်ပြီး တစ်ဖက်မျက်နှာ၌ အကွက်ချကာ ဟိုအင်း ဒီအင်းတွေ ရေး၍နေလေသည်။ ပါးစပ်ကလည်း တီးတိုး ဟိုဒင်း ဒီဒင်းတွေ ရွတ်၏။ ပြီးသောအခါ ပန်းပွင့်ကလေးဖြစ်သွားအောင် ကျွမ်းကျင်စွာ ခွေခေါက်လှည့်ပတ်၍ ပင်အပ်ကလေးနှင့် ထိုးလိုက်၏။

"ကဲ… မောင်ရင် ဒီပန်းနီကလေးကို မောင်ရင်ဝတ်မယ့် အပေါ်အင်္ကျီရင်ဘတ်မှာ ထိုးသွားပေရော့" တင်နီ အိုက်၍ချွတ်ထားသောအပေါ် အင်္ကျီအနက်ကို လက်ညှိုးနှင့် ထိုးကာ "ဒါ… မောင်ရင်သဘော်ာပေါ်မှာ ဝတ်သွားမယ့် အင်္ကျီမဟုတ်လား၊ ပေး ပေး ဆရာ တစ်ခါတည်း ကျကျနနထိုးပေးလိုက်မယ်" ဟု ဆိုပြီး အင်္ကျီအပေါ် အိတ်နား၌ ထိုးပေးလိုက်လေ၏။

ထို့နောက် ဆရာကြီးသည် အပိုငွေတစ်ကျပ်ရလိုက်၍ထင့်၊ တင်နီအပေါ်၌ စေတနာတွေပိုကာ၊ သူ့ဗေဒင် ကျောက်သင်ပုန်းကိုပြန်ကိုင်လိုက်ပြီး "မောင်ရင်ရဲ့ယခု မျက်မြင်ဇာတာခွင်မှာ ဟောစရာလေးတွေ ကျန်နေသေးတယ်ကွယ့်"

တင်နီသည် ကျုံ့ကျုံ့ကလေးပြင်ထိုင်လိုက်ကာ…

"ဟောပါဆရာ ဟောပါ"

"တခြားမဟုတ်ဘူး၊ မောင်ရင် အခုသွားမယ့် ခရီးလမ်းမှာ အသားမည်းမည်း အရပ်ပုပုလူနဲ့ မိန်းမပိန်ပိန်မျက်လုံး စောင်းစောင်းက အနှောင့်အယှက်ပေးဖို့ မြင်တယ် ကွယ့်"

"ဩော်… ဟုတ်လား"

"ဒါပေမဲ့ ကိစ္စမရှိပါဘူးကွယ်၊ သတိနဲ့ရှောင်ကြဉ်ဖို့ပါပဲ၊ ဩော… ဩော" ဆရာကြီး သည် ကျောက်သင်ပုန်းကို ဒိုးဒိုးဒေါက်ဒေါက် ပြန်ခေါက်ကာ "အင်း အင်း အဖျက်ရှိအပြု ရှိဆိုတာလို ကောင်းကျိုးပေးမယ့်လူ၊ အကူအညီပေးမယ့်လူလည်း မြင်တယ်ကွယ့်"

တင်နီသည် ဝမ်းသာစွာနှင့်…

"ဟင် ဟုတ်ရဲ့လားဆရာ"

"ဟုတ်တယ်ကွယ့်၊ အဲဒီလူက အရပ်မြင့်မြင့်၊ နှာခေါင်းချွန်ချွန်၊ နှာတံပေါ်ပေါ်၊

mgyoe.com

mgyoe.com
နဖူးကျယ်ကျယ်နဲ့လူကွယ့်၊ အဲဒီလူကိုတွေ့ရင် မိတ်ဖွဲ့ပြီး ပေါင်းပေရောပေါ့ ဩော ဩော လာကြ လာကြ ဒီမှာ ပြီးပါပြီကွယ်"

ဤနောက် ပြောလိုက်သောစကားမှာ ကျွန်တော်တို့ကို မဟုတ်။ ဗေဒင်မေးရန် သူ့ရှေ့သို့ ရောက်လာသူများကို ခေါ်လိုက်ခြင်းဖြစ်၏။

သို့နှင့် တင်နီနှင့် ကျွန်တော် သူ့အနားမှ ထခဲ့ကြတော့သည်။

* * *

အမှန်ဆို၊ ယခုအချိန်မှ သင်္ဘောဆိပ်ကိုလာဖို့ပေပ။ စောစောက ခြောက်ကပ် သလောက်၊ တဖြောက်ဖြောက်ရောက်ကြသော ခရီးသည်များ၊ သင်္ဘောကိုလာကြိုကြ သော မြင်းလှည်းများနှင့် အတန်ပင် စည်ပင်၍နေပေပြီ။ 'မင်းလတ်' ဆိုက်ဖို့က နီးပြီကိုး။ မိနစ်ပိုင်းလောက်သာ လိုတော့၏။

ရောင်ခြည်တစ်ထောင် အလင်းဆောင်သည်ဆိုသော နေမင်းကြီးကလည်း အနောက်ဘက် နိမ့်ဆင်းသွားပြီ၊ တကယ်ဆို ကျွန်တော်တို့လည်း ခုအချိန်လောက်မှ သင်္ဘောဆိပ်ကိုလာကြရင် ဘယ်လောက်ကောင်းမလဲ၊ စောစောကလို ယောင်တောင် တောင် ကြောင်တက်တက်နဲ့ ပျင်းနေကြမှာမဟုတ်ဘူး။ တင်နီလည်း ဗေဒင်မေးဖြစ်တော့ မှာ မဟုတ်ဘူး၊ မမေးဖြစ်ရင်ဖြင့် အခုလို သူ့ရင်ဘတ်မှာ ဖဲကြိုးနီကြီးထိုးပြီး၊ ယုံကြည် မျှော်လင့်ချက်ကြီးနဲ့ စိတ်ရွှင်လန်းနေမှာ မဟုတ်ဘူး။

ထိုစဉ် "ဟေ့... ဟေ့ကောင်လေးတွေ" ဟူသော ကျွန်တော်တို့နားတွင် မကြာခဏ ကြားနေကျအသံကို ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ကြရာ၊ နှစ်ယောက်သား မျက်လုံးပြူးသွားကြပါသည်။ တင်နီ၏ဦးလေးကြီး။

"ဟေ့ကောင်လေးတွေ၊ နင်တို့ဘယ်သွားကြမလို့လဲ"

တင်နီသည် မျက်နှာချိုသွေးလိုက်ကာ...

"ဘယ်မှမသွားပါဘူး ဦးလေးကြီးရာ၊ သင်္ဘော ဆိပ်လာလည်ကြတာပါ"

သူ့ဦးလေးက မျက်ထောင့်နီကြီးနှင့်...

"အောင်မာ မင်းတို့မှာ အဝတ်ထည့်တဲ့လွယ်အိတ် ကိုယ်စီနဲ့ ငါ့ညာလို့ဘာရ မလဲ" ဆို၍ တင်နီကို စေ့စေ့ကြည့်ကာ "မင်းရေနံချောင်းလိုက်သွားမလို့ မဟုတ်လား၊ လူကလေးကဖြင့် လက်တစ်ဆစ်လောက်ရှိသေးတယ်"

တင်နီမှာ ငိုင်သွားပါသည်။ သူ့ဦးလေးက ဆက်လက်၍...

"လာ ငါနဲ့ပြန်လိုက်ခဲ့၊ မသွားရဘူး"

 mgyoe.com 

တင်နီမျက်နှာသည် ရုတ်တရက် တင်းမာသွားကာ...

"မလိုက်ဘူး... သွားမယ်"

"အောင်မာ... မင်းက၊ ဘာမလိုက်ချင်လို့ရမှာလဲ၊ ပေးလွယ်အိတ်"

ဟုဆိုပြီး တင်နီ ပခုံးကလွယ်အိတ်ကို ဆတ်ခနဲ လုယူလိုက်ပါသည်။

တင်နီသည် စိတ်ပေါက်ပေါက်နှင့်...

"ဘာအရေးလဲ အဝတ်အစားမပါလည်း သွားမှာပဲဗျ"

သူ့ဦးလေးကြီးသည် မျက်လုံးကိုဖြဲကာ...

"အောင်မာ လူဝါးဝလိုက်တာ၊ ငါ နင့်အမေကို တိုင်ပြောလိုက်မယ်"

"ပြောလိုက်ဗျာ ပြောလိုက်"

လူကြီးသည် မချင့်မရဲဖြစ်လာကာ...

"အောင်မာ... တယ်လူဝါးဝတဲ့ ကောင်လေးပဲ၊ မှန်း နင်အိတ်ထဲ ပိုက်ဆံ ဘယ်လောက်ပါသလဲ" ဆိုပြီး တင်နီအိတ်ထဲကို ဆတ်ခနဲ နှိုက်လိုက်ပါသည်။

"ကြည့်စမ်း... ကြည့်စမ်း၊ ဒါ နင့်အဖေအိတ်ထဲက ခိုးလာတာ မဟုတ်လား၊ နင်တော့ အသတ်ခံရတော့မှာပဲ"

တင်နီသည် မထူးတော့ဘူးဟူသော မျက်နှာနှင့်...

"ခံရ ခံရဗျာ"

ဦးလေးကြီးသည် ငွေငါးဆယ်ကို သူ့အိတ်ထဲ ထည့်လိုက်ကာ...

"အောင်မာ မင်း ပြန်မလိုက်ဘူးလား"

"မလိုက်ဘူးဗျ"

"ကဲ... မလိုက်ချင်နေ၊ မင်းနာရီရယ်၊ ကြယ်သီးရယ်၊ လက်စွပ်ရယ် ပေးလိုက်" ဟု ပြောပြောဆိုဆိုနှင့် တင်နီဆီမှ အတင်းချွတ်ယူလိုက်ပါသည်။

တင်နီသည် အားချင်းမတန်၍လည်းကောင်း၊ သူ့ဦးလေးစိတ်ကိုသိ၍လည်းကောင်း၊ အထူးသဖြင့် ရှန်းကန်းမနေတော့ဘဲ...

"ရော့ဗျာ ရော့ဗျာ၊ အကုန်လုံး ယူသွား"

ဦးလေးကြီးသည် ရသောပစ္စည်းများကို သူ့အိတ်ထဲ ထည့်လိုက်ပြီး...

"ဟင်း... ဒါနဲ့လည်း သွားမှာပဲလား"

"သွားချင်သွားမယ်ဗျာ မသွားချင်နေမယ်၊ ဒါ ဦးလေးအပူ မဟုတ်ဘူး"

သူ့ဦးလေးသည် ဒီကောင်မသွားနိုင်တော့ဘူးဟူသော အမူအရာဖြင့် ပြုံးကာ "အေး... အေး၊ မင့်သဘောပေါ့ကွာ" ဟုဆိုရင်း တစ်ဖန် ကျွန်တော့်ကို ကြည့်၍ "မှန်း

mgyobe.com
ဒီခွေးဖြူမှာကော လက်ပတ်ကြိုးတွေ ကြယ်သီးတွေ ပါသေးလား"

ကျွန်တော်တို့ လူပျိုပေါက်ခေတ်က ချမ်းသာသော မိဘ၏သားသမီးများတွင် ရွှေလက်ပတ်ကြိုးတွေ၊ ရွှေကြယ်သီးတွေ ရှိကြပါသည်။

ကျွန်တော်က အင်္ကျီရင်ဘတ်ဖြဲ၍ လက်မြှောက်ပြကာ...

"ဘာမှမပါပါဘူးဗျာ"

အမှန်အားဖြင့် ကျွန်တော့်အမေသည် ဝေးဝေးသွားစရာရှိမှလည်းကောင်း၊ ရပ်ထဲရွာထဲ အလှူအတန်းရှိမှလည်းကောင်း ရွှေဝတ်ရွှေထည်ကို ထုတ်ပေးတတ်သဖြင့် တင်နီကဲ့သို့ ကြိုတင်ကြံစည်ခဲ့ခြင်းမရှိသော ကျွန်တော့်မှာ ကနုကမာ ကြယ်သီးမျှ ပါခဲ့ပါသည်။

သူ့ဦးလေးကြီးသည် ကျေနပ်ဟန်ဖြင့်

"မင်းကော လိုက်သွားမလို့လားကွ"

ကျွန်တော်က ဘာမျှပြန်မပြော ပြုံးစိစိ လုပ်နေလိုက်ပါသည်။

"အေး၊ သွားချင်ရင် သွားကြပေါ့ကွာ" ဟုဆိုပြီး သူ့ကိုယ်သူ ကျေနပ်ဟန်နှင့် ကျွန်တော်တို့ကို ကျော်ခိုင်းသွားပါတော့သည်။ သူ့စိတ်ထဲ၌ကား ကျွန်တော်တို့ မသွားနိုင်တော့ဘူးယူဆဟန်တူပါသည်။ သို့သော် ကျွန်တော့်အိတ်ထဲ တင်နီ၏ ငွေတစ်ဆယ်ကျန်နေသေးသည်နှင့် သူ့ရင်ဘတ်က ဗေဒင်ဆရာကြီး ထိုးပေးလိုက်သော ချစ်ပန်းနီကြောင့် တင်နီမည်မျှ စိတ်အားထက်သန်နေသည်ကို သူမသိရှာပေ။

သူ့ဦးလေးကြီး ခပ်လှမ်းလှမ်းသို့ရောက်သွားသည်၌ တင်နီသည် ကျွန်တော့်ပခုံးကိုပုတ်ပြီး...

"ကြည့်စမ်း... ဟော့ခွေးဖြူ၊ ငါ့ဦးလေးကြီးဟာ အရပ်ပုပုနဲ့ အသားမည်းမည်းကြီး မဟုတ်လားကွ"

"အေး... ဟုတ်တယ်ကွ"

"ဒါဖြင့် ဗေဒင်ဆရာကြီး ဟောလိုက်တာ မှန်တာပေါ့ကွ၊ အရပ်ပုပုနဲ့ အသားမည်းမည်းလူက ငါ့ကိုအနှောင့်အယှက်ပေးမယ်ဆိုတာလေ"

ကျွန်တော်သည် ယခုမှသတိရကာ...

"အေး ဟုတ်တာပေါ့ကွ"

ဝမ်းသာအားရ ထောက်ခံလိုက်ပါသည်။ စင်စစ်ဤလူကြီးသည် သူ့အမေ၏မောင်အရင်းဖြစ်ပါသည်။

"ငါပြောတဲ့ ဒီလောက် အနှောင့်အယှက်ပေးတာလောက်တော့ ဝမ်းတောင်သာသေး လက်ပတ်နာရီတို့၊ ရွှေကြယ်သီးတို့ လက်စွပ်တို့မပါကော ဘာအရေးလဲကွ၊ ငါတို့ချင်းက
mgyobe.com

mgyoe.com
ကြိုက်ပြီးသားပဲ"

"အေး ဟုတ်ပါတယ်ကွာ၊ အဝတ်အစားလည်း ငါ့မှာ လုံချည်နှစ်ထည် ရှပ်အင်္ကျီနှစ်ထည် အပိုပါပါတယ်ကွာ" ဟုဆိုပြီး ကျွန်တော့်လွယ်အိတ်ကို ပုတ်ပြလိုက်ပါသည်။

"အေး ဒါတွေက ပူစရာမဟုတ်ပါဘူးကွာ၊ လာဟေ့ ငါ့ရင်ဘတ်ဟောင်းလောင်းကြီးဖြစ်နေတယ်၊ ဟိုကုလားလက်ဖက်ရည်ဆိုင်သွားပြီး ကနုကမာကြယ်သီးဝယ်တပ်ရအောင်"

ထို့နောက် ကျွန်တော်တို့လက်ဖက်ရည်ဆိုင်သို့ ရောက်သွားကြပါသည်။

* * *

"ဟေ့ ခွေးဖြူ ငါ့တို့လက်ဖက်ရည် သောက်ကြဦးမယ်ဟေ့"

"အေး ငါလည်း ဗိုက်ဆာနေတယ်"

"ဟေ့ ကာကာကြာယ်ဒိုးပြားလား" ဟုမှာပြီး တင်နီသည် ကုန်သေးရောင်းသည့်မှန်သေတ္တာသို့သွားပြီး ကနုကမာကြယ်သီးဝယ်နေပါသည်။ ထို့နောက် တင်နီသည် တိုင်ကပ်မှန်ဆီသို့ သွား၍ အင်္ကျီကြယ်သီးကိုတပ်ရင်း သူ့ရင်ဘတ်မှ ဗေဒင်ဆရာကြီးထိုးပေးလိုက်သော ဖဲကြိုးပန်းကို အလှပြင်နေပါသည်။

လက်ဖက်ရည်ဆိုင်ကား စောစောကနှင့်မတူ လူများစည်းကားနေပြီ။

ကျွန်တော်မှုကား လက်ဖက်ရည်စားပွဲ၌ ဗိုက်ဆာဆာနှင့် ကုလားလာချသော ကိတ်မုန့်တစ်လုံးကို စားလျက်ရှိသည်။ ထိုစဉ်...

"အို အို အို ခင်ဗျား လူကိုမမြင်ဘူးလားဗျ" ဟူသော တင်နီ၏အသံကို ကြားရသဖြင့် ခေါင်းမော့၍ ကြည့်လိုက်ရာ၊ တင်နီ၏ကျောဘက်က စားပွဲမှ မိန်းမတစ်ယောက်သည် လက်ဖက်ရည်ကြမ်းပန်းကန်ကို ကိုင်ရင်း "အို မမြင်လို့ပေါ့ဟဲ့" ဟု ခပ်မာမာပင်ပြန်ပြောလိုက်သည်ကို တွေ့ရ၏။ အကြောင်းမှာ ထိုမိန်းမ၏လက်က ရေနွေးနှင့် တင်နီ၏ ခြေထောက်ပေါ် ပက်မိသောကြောင့် ဖြစ်၏။ သို့သော် တင်နီသည် ဘာမျှထပ်မပြောတော့ဘဲ ထိုမိန်းမ၏မျက်နှာကို စေ့စေ့ကြည့်ပြီးနောက် ကျွန်တော့်အား လက်တို့၍ အသံတိုးတိုးဖြင့်...

"ဟေ့... ခွေးဖြူ အဲဒီမိန်းမကို သေသေချာချာကြည့်စမ်းကွာ၊ မျက်စိစောင်းတယ်မဟုတ်လား"

ကျွန်တော်သည် သူပြောမှ သတိထား၍ကြည့်လိုက်ရာ

mgyoe.com

mgyone.com

"အေး... ဟုတ်တယ်ကွ၊ အတော်ကို စောင်းတယ်"

"နို့ပြီး ပိန်လည်းပိန်တယ်"

"အေး... ဟုတ်တယ်"

သူသည် ဝမ်းသာသွားဟန်ဖြင့်...

"အဲဒါ ဟိုဆရာကြီးဟောတာ မှန်တာပေါ့ကွ၊ ဒီလောက်အနှောင့်အယှက်တွေ့ရုံဟာ ဟန်တောပေါ့၊ ယတြာကျေတာပဲ"

ထို့နောက် ကျွန်တော်တို့သည် လက်ဖက်ရည်ဆိုင်မှ ထွက်ခဲ့ကြ၍ သင်္ဘောဆိပ်သို့ လာခဲ့ကြရင်း တင်နီက...

"ဟေ့... ခွေးဖြူ ဗေဒင်ဆိုတာ မှန်ချင်တဲ့အခါကျတော့ အင်မတန်မှန်တာကွ၊ အခု ကြည့်ပါလား၊ လူပုပုမည်းမည်းဆိုတာက ငါ့ဦးလေးကြီးကွ၊ မျက်စိစောင်းစောင်းနဲ့ ပိန်ပိန်ဆိုတာက အခုန မိန်းမကွ"

"အေးကွ"

ကျွန်တော်က ထောက်ခံလိုက်ပါသည်။ တင်နီသည် သူ့အဖြစ်သူ ကျေနပ်နေ၍...

"ကိုင်း... အနှောင့်အယှက်ပေးလိမ့်မယ်ဆိုတာတော့ နှစ်ခုစလုံးပဲ၊ တွေ့ပြီးပြီ အကူအညီပေးမယ်ဆိုတဲ့လူသာ တွေ့ဖို့လိုတော့တာပဲ"

သို့သော် တင်နီမှာ အနှောင့်အယှက်က မလွတ်ကင်းသေးပါ။ အကြောင်းမှာ ဆိုက်ကပ်လာသော သင်္ဘောဥသြသံကြားရ၍ ဆိပ်ခံသမ္ဗန်ကြီးပေါ်သို့ ပြေးတက်သွားကြပြီး၊ သံလက်ရန်းကို မှီကာ ကမ်းကပ်လာနေသော သင်္ဘောကြီးကို မျှော်ကြည့်နေစဉ်၊ ကျွန်တော်တို့အနီးမှ လူပုပုမည်းမည်းတစ်ယောက်သည် စီးကရက်တိုကို လက်ကြားညှပ်၍ တောက်လိုက်ရာ တင်နီ၏ညာဘက်နားရွက်ကို တောက်ခနဲမှန်လိုက်ပါသည်။ ထိုလူကား သူ့စီးကရက်ကို ဘယ်ရောက်၍ ရောက်မှန်း သိဟန်မတူချေ။ သင်္ဘောကြီးကိုသာ ကြည့်ရှုနေ၏။

တင်နီသည် ရုတ်တရက်ဒေါသတကြီးနှင့် သူ့နားရွက်ကိုပွတ်ရင်း ဤလူကိုလှည့်ကြည့်ပြီးမှ ထိုလူ၏ပုံဏ္ဍာန်ကိုမြင်ရသည်တွင် ဘာမျှမပြောတော့ဘဲ ကျွန်တော့်ကို လက်တို့ကာ "လာဟေ့ ဟိုဘက်နားသွားနေကြမယ်" ဟုဆိုပြီး နေရာရွှေ့ခဲ့ကြပါသည်။

တစ်နေရာသို့ရောက်သောအခါ တင်နီက...

"ငါ့ခွီးဗေဒင်က မှန်မယ့်မှန်တော့ သောက်ရမ်းချည်းပဲကွာ"

ဟုဆို၍ သူ့နားရွက်သူ ပွတ်နေသဖြင့် ကျွန်တော်က...

"အေး... ဒီတစ်ခါ မှန်ပုံကဖြင့် မင်းနားရွက် တော်တော်ပူသွားမှာပဲနော်"

mgyone.com

mgyoe.com


တင်နီသည် ပြုံးကျဲကျဲလုပ်ကာ...

"အေးကွာ... ဒီလူကို ငါရုတ်တရက်ပြေထိုးမယ် လုပ်မိသေးတယ်၊ နောက် သူ့ပုံပန်းကြည့်လိုက်မှ ဆရာကြီးဟောလိုက်တာ သတိရပြီး ဒီလောက်ကလေးနဲ့ ယတြာကျေတာ ကောင်းတာပဲဆိုပြီး စိတ်ကို ဖြေလိုက်ရတယ်ကွ"

ဤတွင် ကျွန်တော်ကလည်း...

"အေးကွာ... ငါလည်း အစဦးမင်းအတွက်မခံချင်ဖြစ်မိသေးတယ်၊ အခုအတိုင်းဖြင့် မင်းကိုအနှောင့်အယှက်ပေးတာ လူပုပုမည်းမည်းဆိုတာ နှစ်ခါ၊ မိန်းမပိန်ပိန် မျက်စိစောင်းစောင်းဆိုတာကတစ်ခါ၊ ပေါင်းသုံးခါတောင်ရှိသွားပြီနော်"

"အေးကွ... ဒါလောက်နဲ့ပဲ ပြီးပါစေ ဆုတောင်းပါတယ်ကွာ၊ မဖြစ်ဘူး... မဖြစ်ဘူး၊ နောက်ကျရင်တော့ ဒီလိုလူပုပုမည်းမည်းတွေနဲ့ မိန်းမပိန်ပိန်စောင်းစောင်းတွေကို ကြည့်ရှုရှောင်မှာပဲကွ"

"အေး... မင်းကို အကူအညီပေးမယ့် လူပုံသဏ္ဌာန်က ဘယ်လိုကွ"

"အရပ်ရှည်ရှည် နှာတံပေါ်ပေါ်နဲ့၊ နဖူးကျယ်ကျယ်လူတဲ့ကွ၊ ဆရာကြီးဟောလိုက်တာတွေ မှန်လက်စနဲ့ မှန်တော့မှာပဲ၊ ဟော... သင်္ဘောကပ်ပြီ၊ ဟေ့ ခွေးဖြူ သင်္ဘောပေါ်ကျရင် အဲဒီလို ပုံသဏ္ဌာန်နှင့် လူမျိုးကို လိုက်ကြည့်ဟေ့"

သို့သော် ထိုပုံသဏ္ဌာန်နှင့် လူမျိုးကို ကျွန်တော်တို့သင်္ဘောပေါ်၌ မတွေ့ရပါ။ ညနေ ၆ နာရီခန့်၌ မင်းလတ်သင်္ဘောသည် ထိုညအိပ်စက်ရန် ရေနံချောင်းဆိပ်ကမ်းကို ဆိုက်ကပ်လိုက်မှ သင်္ဘောပေါ်ကအဆင်းတွင် တင်နီ မျှော်လင့်နေသူကို အဆင်သင့်တွေ့ရပါသည်။ တင်နီက ကျွန်တော့်ကို လက်ကုတ်ပြသဖြင့် ကြည့်လိုက်ရာ ကမ်းနဖူးပေါ်တွင် နဖူးကျယ်ကျယ် နှာတံပေါ်ပေါ် အရပ်မြင့်မြင့်နှင့် အေးဆေးစွာ လက်ပိုက်၍ တစ်စုံတစ်ယောက်ကို ကြိုမျှော်နေဟန်တူသော အသက် ၄၀ ခန့်ရှိ လူကြီးတစ်ယောက်ကို မြင်ရပါသည်။

တင်နီသည် တီးတိုးအသံဖြင့်...

"ဟေ့ ခွေးဖြူ၊ ဆရာကြီးဟောလိုက်တဲ့ လူပုံပန်းက အဲဒီအတိုင်းပဲကွ"

ဤအခိုက်ဝယ် ထိုလူကြီးက ကျွန်တော်တို့ဆီ လှည့်ကြည့်လိုက်ရာ ကျွန်တော်တို့နှင့် အကြည့်ချင်း ဆုံမိသည်၌၊ သူ့နှုတ်ခမ်းမှာ ပြုံးသယောင် ရှိပါသည်။ တင်နီရင်ဘတ်က ဖဲပြားပန်းနီကို သဘောကျဟန်ရှိပါသည်။ တင်နီသည် အားရလာ၍

"ဟေ့ ဒီလူကြီးက သဘောကောင်းပုံပဲကွ၊ လာဟေ့ တို့သူ့အနားသွားပြီး တို့တည်းမယ့်အိမ်ရှိတဲ့ လမ်းကို စကားစရာမေးပြီး မိတ်ဖွဲ့ရအောင်" ဆိုပြီး ထိုလူကြီးဆီသို့

mgyoe.com

ချဉ်းကပ်သွားကြပါသည်။ အနားရောက်သော် တင်နီက "အန်ကယ်" ဟုခေါ်ပြီး လမ်းတစ်ခု၏ နာမည်ကိုမေး၍ ဘယ်သို့သွားရပါမည်နည်းဟု မေးလိုက်ပါသည်။

ထိုလူကြီးက အင်မတန် ဖော်ရွေစွာနှင့်...

"သြော်... တူမောင်တို့က ရေနံချောင်းကို မရောက်ဖူးဘူး ထင်တယ်ကွယ့်"

တင်နီက အားကိုးသော မျက်နှာနှင့်

"ဟုတ်ကဲ့ အန်ကယ်၊ တစ်ခါမှမရောက်ဖူးသေးပါဘူး၊ ဒီရောက်မှ မေးစမ်းသွားမယ် ဆိုလာခဲ့တာ"

"သြော် သြော်၊ တူမောင်မေးတဲ့ အိမ် အန်ကယ် သိပါတယ်ကွယ်၊ အန်ကယ် သွားမယ့်နေရာနဲ့ တယ်မဝေးပါဘူး၊ အန်ကယ်နဲ့တစ်ခါတည်းပဲ သွားကြတာပေါ့၊ အခု ခဏနေဦးကွယ်၊ အန်ကယ်မိတ်ဆွေများ ပါလာမလားလို့ ကြည့်နေတယ်" ဟုဆိုပြီး သင်္ဘောပေါ်က ဆင်းလာသူများကို လှမ်းကြည့်နေပါသည်။

တင်နီသည် "ဟုတ်ပြီကွ" ဟူသောအမူအရာဖြင့် ကျွန်တော့်ကို မျက်ရိပ်ပြပြီး

"ဟုတ်ကဲ့ အန်ကယ်၊ နေတာပေါ့ ကျွန်တော့်တို့လည်း ခပ်အေးအေးပါပဲ"

သင်္ဘောပေါ်က ဆင်းသူများ စဲသွားသလောက်ရှိသောအခါ ထိုလူကြီးက

"ကဲ သွားကြစို့ ငါ့လူတွေတော့ မပါလာဘူး" ဟုဆိုပြီး ကျွန်တော်တို့ ခြေလှမ်းစခဲ့ကြပါသည်။ ကမ်းနားလမ်းဘေးရှိညောင်ပင်ကြီးအောက်က ကုလားလက်ဖက်ရည်ဆိုင်ရှေ့သို့ ရောက်သောအခါ လောကွတ်ပိုလာသော တင်နီက

"အန်ကယ် လက်ဖက်ရည်သောက်ကြရအောင်၊ ကျွန်တော်တို့သင်္ဘောပေါ်က တည်းက ဗိုက်ဆာလာကြတယ်" ဟုခေါ်ငင်လေရာ လူကြီးလည်း မငြင်းဘဲ လိုက်လာခဲ့ပါသည်။

ထို့နောက် လက်ဖက်ရည်သောက်ကြရင်း ဟိုဒင်းပြော သည်ဒင်းပြောနှင့် လူချင်းတော်တော် ရင်းနှီးလာသောအခါ တင်နီက သူ၏လိုရင်းကို မေးလိုက်တော့သည်။

"သြော်... ဒါထက် အန်ကယ်၊ မကြာခင်တုန်းက ကျွန်တော်တို့ပွင့်ဖြူက ပြောင်းလာတဲ့ ဘီအိုစီစာရေးကြီး ဦးထွန်းရုံဆိုတာများ သိသလား"

လူကြီးသည် တင်နီတည်ခင်းသော စီးကရက်ကိုဖွာရင်း...

"သြော်... ကိုထွန်းရုံလား၊ အန်ကယ်နဲ့ အင်မတန်ခင်တာပဲကွယ်၊ ဘာလဲ တူမောင်နဲ့ကောသိလို့လား"

တင်နီသည် မရွံ့မရဲမျက်နှာလေးနှင့်

"ဟုတ်ကဲ့၊ ကျွန်တော်တို့ရွာမှာလာတုန်းက သိလိုက်ပါတယ်၊ သူ့သမီးနာမည်က

mgyoe.com

mgyoe.com

ဒေစီတဲ့လေ…"

တင်နီက အရဲစွန့်၍ပြောလိုက်ရာ၊ လူကြီးက ပိုမိုထက်သန်သော အမူအရာနှင့်…

"ဩော်… ဒေစီက အန်ကယ့်လက်ပေါ် ကြီးလာတာပဲကွယ်၊ အန်ကယ်တောင် နက်ဖြန်ခါ သူတို့အိမ်သွားလည်ရဦးမယ်၊ မောင်နဲ့သိရင် လိုက်ခဲ့ပါလားကွယ့်"

တင်နီသည် "ဟန်ပြီကွ" ဟူသော အဓိပ္ပာယ်ဖြင့် စားပွဲအောက်မှနေ၍ ကျွန်တော့် ပေါင်ကိုဖျစ်လိုက်ပါသည်။

"ဟုတ်ကဲ့… အန်ကယ်၊ ရောက်တုန်း ပြုတုန်း လိုက်လည်ချင်ပါတယ်၊ ဩော်… အန်ကယ် မုန့်တွေ စားပါဦး" ဆိုပြီး မုန့်ပန်းကန်ကို ရှေ့တိုးပေးပြန်၏။

လူကြီးက "ဩော်… တော်ပါပြီကွယ်၊ ကျေးဇူးတင်ပါတယ်၊ ကဲ လာ သွားကြစို့၊ မြင်းလှည်းနဲ့ သွားမှထင်တယ်"

လူကြီးသည် မြင်းလှည်းတစ်စီးကို ခေါ်လိုက်ပါသည်။

ကျွန်တော်တို့သည် ဤမြို့၊ ဤလမ်းကို ရောက်ဖူးသည်မဟုတ်၍ ယခု ထိုလူကြီး ညွှန်ကြားချက်အရ မြင်းလှည်းသွားနေသည်မှာ ဘယ်ဝယ်ဘယ်ဆီဟူ၍ မသိပါ။

မြင်းလှည်းပေါ်၌ တော်တော်ကြီးကြာလတ်သော လူကြီးက မြင်းလှည်းသမား ကို ရပ်စေ၏။

"ဟင်… အန်ကယ် ရောက်ပြီလား"

တင်နီက မေးလိုက်၏။

'အေး… အန်ကယ့်အိမ် ရောက်ပြီကွယ့်၊ ခဏဝင်ပြီး မောင်တို့သွားချင်တဲ့အိမ်ကို လိုက်ပို့တာပေါ့၊ ဒီကနေ နီးပါတယ်၊ မြင်းလှည်းကိုပြန်လွှတ်လိုက်ပေတော့"

တင်နီသည် မြင်းလှည်းခပေးပြီး ကျွန်တော်တို့လမ်းပေါ်မှ ဖဲ့ဆင်းလာခဲ့ကြသော အခါ၌ ခပ်လှမ်းလှမ်းတွင် အိမ်တစ်လုံးကို မြင်ရပါသည်။ မီးရောင်မရှိ၊ ပကတိမှောင် နေသည်။ အခြားအိမ်များနှင့်လည်း ဝေးကွာ၏။

"အို… အိမ်မှာ မီးတောင် ထွန်းမထားကြသေးဘူး"

လူကြီးက ညည်းသလိုပြောလိုက်၏။ ကျွန်တော်တို့သည် သူ့နောက်မှ မှောင်ထဲ စမ်းတဝါးဝါးနှင့် လိုက်သွားကြ၏။ အိမ်ပေါက်ဝသို့ ချဉ်းကပ်မိလျှင် လူကြီးက အထဲသို့ လှမ်း၍…

"ဟေ့… ဘဒန်၊ မီးထွန်း၊ တံခါးဖွင့်ဟေ့"

အထဲက မီးခြစ်သံကြားရပြီးနောက် တံခါးပွင့်လာ၏။ လူကြီးက ရှေ့မှဝင်၊ ကျွန်တော်တို့က နောက်မှလိုက်သည်။ အထဲရောက်သွားကြသောအခါ၌၊ အလိုလိုပင်

mgyoe.com

ကျွန်တော်တို့ရင်ထဲမှာ ထိတ်သွားကြ၏။

ဤအိမ်သည် အခြားလူနေအိမ်ခြေများနှင့်လည်း ဝေး၏။ ကျွန်တော်တို့အထဲ ရောက်သွားလျှင် ရောက်ချင်း၊ ကျွန်တော်တို့ကိုခေါ်လာသော လူကြီးက တံခါးကို မင်းတုပ်ချလိုက်ပြီး။

"ဘဒန် အသင့်" ဟုဆိုကာ သူတို့နှစ်ယောက် ပြိုင်တူဓားမြှောင်တစ်ချောင်းစီ ကိုင်ပြီး ဖြစ်နေ၏။

အလို...၊ ဘဒန်ဆိုသူကား၊ မင်းဘူးသင်္ဘောဆိပ်မှာတုန်းက တင်နီနားရွက်ကို စီးကရက်တိုနှင့် ပစ်သူပါကလား၊ ကျွန်တော်တို့နှစ်ယောက်သား ပါးစပ်အဟောင်းသား ဖြစ်နေစဉ်...

"ကောင်လေးတွေ အော်မယ်မကြံကြနဲ့ ရှိတာအကုန်ထုတ်လိုက်"

အရုပ်မြင့်မြင့်နဲ့၊ နှာတံပေါ်ပေါ်၊ နဖူးကျယ်ကျယ် လူကြီးသည် ကြောက်မက်ဖွယ် ကောင်းသော မျက်လုံးကြီးနှင့် အမိန့်ပေး၏။

ကျွန်တော်တို့သည် အာခေါင်အာစေးကပ်နေသလို ဘာမျှမပြောနိုင်ဘဲ... သူ့အမိန့်ကို လိုက်နာရပါ၏။

တင်နီအိမ်ထဲက ငါးကျပ်တန်တစ်ရွက်နှင့် အကြွေကလေး ခြောက်မူးခန့်။

ကျွန်တော့်အိတ်ထဲမှ (ငွေဆယ်တန်ကို တင်နီက သင်္ဘောလက်မှတ်ဝယ်တုန်းက ပင် ပြန်ယူပြီးဖြစ်၍) ပိုက်ဆံကလေးခြောက်ပြား။

လူကြီးသည် မယုံကြည်နိုင်ဟန်ဖြင့်...

"ဟေ့ ဒါပဲလား"

"ဒါပဲ ရှိတော့တာပဲ"

တင်နီက ပြောလိုက်၏။

"အို... ဘာရမလဲ"

လူကြီးသည် ပြောပြောဆိုဆို သူက တင်နီကိုလည်းကောင်း၊ ဘဒန်ဆိုသူက ကျွန်တော့်ကိုလည်းကောင်း၊ သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေကြပါတော့သည်။

သို့သော် ဘာရကြမည်နည်း၊ ကျွန်တော်တို့မှာ အမှန်လည်း ဒါပဲရှိတာပဲ။

လူကြီးသည် စိတ်ပျက်ဟန်နှင့် မျက်မှောင်ကြီးကုတ်၍၊ တင်နီအင်္ကျီရင်ဘတ်၌ ဟိုဗေဒင်ဆရာကြီး စီမံပေးလိုက်သော ဖဲကြိုးပန်းနီကို ဆတ်ခနဲဖြုတ်ယူပြီး၊ တွန့်ခေါက်ထားသည်များကို ဖြေ၍ ရေးထားသည်များကို ဖတ်လိုက်သည်မှာ...

"ငွေသား ငါးဆယ်၊ ရွှေကြယ်သီးတစ်စုံ၊ ရွှေကြိုးနှင့်လက်ပတ်နာရီတစ်လုံး၊

လက်စွပ်တစ်ကွင်း” ဟုဆိုပြီး “ဟော့ အဲဒါတွေ ဘယ်မှာလဲ”

ဤတွင် တင်နီသည် အရပ်ပုပုအသားမည်းမည်းနှင့် ဗေဒင်ဟောကိန်းအတိုင်း အတင်းကာရော အနှောင့်အယှက်ပေးလိုက်သော သူ့ဦးလေးကြီးနှင့် ဖြစ်ကြောင်းကုန်စင်ကို ရှင်းလိုက်တော့သည်။

တင်နီ၏စကားအဆုံး၌ လူကြီးသည် ခြေထောက်ကြိုးတုပ်၍ တုံးလုံးလှဲချခြင်းကို ခံလိုက်ရသော နွားအိုကြီးကဲ့သို့ သက်ပြင်းကိုဟင်းခနဲ မှုတ်ထုတ်လိုက်ပြီး...

“တောက်၊ ကြံသာကြံ ကံမလိုက်တော့...” ဟု ညည်းညူပြီး ကျွန်တော်တို့အား “ဟော့ကောင်လေးတွေ သွားကြတော့၊ နင်တို့တည်းမယ့်အိမ်က ဈေးနားမှာ ရှိတယ် သိလား”

ကျွန်တော်တို့သည် ကြောက်ကြောက်နှင့် အိမ်ရှေ့တံခါးပေါက်မှ ထွက်စဉ်မှာပင် သူတို့က နောက်ဖေးပေါက်မှ ထွက်သွားကြ၏။

လမ်းပေါ်သို့ရောက်လျှင် တင်နီသည် ဗေဒင်ဆရာကြီးကို ဆဲဆိုရေရွတ်ကာ

“တောက်...၊ သူတို့ကအုပ်စုနဲ့တို့ကိုအပိုင်ထုတာပဲကွ”

“အေးကွ၊ တို့သတ်မပစ်တာဘဲ ကံကောင်း”

ကျွန်တော်က ပန်းလျှစွာ ပြောလိုက်ရပါ၏။

*သဘော်သားမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၈၉။*

□

mgyoe.com

mgyoe.com

# သူယောင်မယ်

*   ဤအကြောင်းကို ရေးသားဖော်ပြသူ မစ္စတာဂိုင်က သိပ္ပံပညာလိုက် စားသူ၊ ထွန်းအောင်က နက္ခတ် ဗေဒင် လေ့လာသူ၊ တင်ထွန်းက အင်ဂျင်နီယာ။
*   ယင်းသူငယ်ချင်းသုံးယောက်သည် ဗညားဖောင်းအရိုးစုရှိရာ စေတီပျက်၏ ဌာပနာတိုက်အတွင်းသို့ တစ်ဖန် သွားရောက်ကြသည်တွင် သူယောင်ပင်နှင့် သူယောင်သီး 'သူယောင်မယ်' လေးကို တွေ့ကြရသည်။
*   သူယောင်မယ်တို့မည်သည် ဝိဇ္ဇာဇော်ဂျီတို့ ဆေးကြိမ်လုံးဖြင့် အသက် သွင်း၍ ပျော်မွေ့ကြသည်ဖြစ်ရာ သိပ္ပံပညာရှင် မစ္စတာဂိုင်က အမေရိကန် ပြည်ဖြစ် ဇီဝ ဓာတ်ဆေးထိုးပေးလိုက်သည်၌... မည်သို့ဖြစ်လေသနည်း။

ဘော်ရောင်စက္ကူသားပေါ်မှာ ရှုစားတော်မူကြပါတော့ခင်ဗျား။

*   *   *

Gei

Biffe, Besuchen Sic mich Sofort'

Ihr

T.A

"မြတ်စွာဘုရား... ကယ်တော်မူပါ..."

ကျွန်တော်ယောင်၍ ဘုရား တလိုက်မိပါသည်။ အတိတ်၏အရိပ်ကလည်း ပေါ်

mgyoe.com

mgyoe.com 

လာသည်မို့၊ ဘားလမ်းမှ သံတိုင်များကို မြင်ယောင်မိသည်။ ယခင်ကလည်း ဤကဲ့သို့ ထွန်းအောင်ဆီမှ ဂျာမန်လို "သူငယ်ချင်း အမြန်လာခဲ့ပါ" ဆိုသည်စာရ၍ သွားမိရာမှ ဗညားဖောင်း၏ကျိန်စာသင့်ပြီး၊ ဘားလမ်း အချုပ်ခန်းတွင် ကြမ်းပိုးနှင့် ခြင်များကို သွေးလှူခဲ့ရဖူးပြီ။ ယခုလည်း ဤစာမျိုးရောက်လာပြန်ပြီ။ ဘုရား... ဘုရား...

သို့သော် အခြားအကြောင်းတစ်ခုခုလည်း ဖြစ်ချင်ဖြစ်နိုင်၍ ထွန်းအောင်ထံ စိတ်လေးလေးဖြင့် ထွက်လာခဲ့သည်။ ထွန်းအောင် အိမ်သို့ရောက်သောအခါ... ဧည့်ခန်းတွင် လင်းတမှိုင်... မှိုင်နေသော ဗညားဖောင်း၏ ကျိန်စာသင့်ဖက် သူငယ်ချင်း တင်ထွန်းကို တွေ့ရသည်၌... ကျွန်တော်၏ဘယ်ဘက်မျက်ခုံးသည် တစ်ဆတ်ဆတ် တုန်လှုပ်လာသည်။

"ဟေ့ တင်ထွန်း၊ မင်း ဘယ်လောက်ကြာပလဲ ရောက်နေတာ"

တင်ထွန်းကားမလှုပ်၊ လာလတ္တံ့သောဘေးကို ကြို၍ တွေးကြောက်နေဘိသကဲ့သို့၊ ထိုစဉ် ထွန်းအောင်အခန်းထဲမှထွက်လာသည်။ သတ္တဝါကောင်ကား ပြုံးလို့ရွှင်လို့...

"ဟဲ... ဟဲ... ငါ့ကောင်တွေက ဟုတ်ပါ့ကွာ၊ တစ်ယောက်က မယားသေတဲ့ မျက်နှာ၊ တစ်ယောက်က ရည်းစားပစ်ခံရတဲ့ မျက်ခွက်"

"မင်း ပါးစပ်ပုပ်ကြီးကို ပိတ်ထားလိုက်စမ်း"

တင်ထွန်းက အလန့်တကြားဝင်၍ ဟန့်တားလိုက်ပြီး...

"ဖွဟ လွဲပါစေ၊ ဖယ်ပါစေ၊ သေနာကောင် နိမိတ်မရှိ နမာမရှိ"

"ကဲ... ဆိုစမ်းပါဦး၊ ငါတို့ကို ဘာလို့ခေါ်တာလဲ"

ကျွန်တော့် လေသံကလည်း... အတော်လေး မာနေသည်။ ထွန်းအောင် စိတ်မကောင်းစွာဖြင့်...

"နေပါဦး မင်းတို့စိတ်ထဲမှာ အချုပ်ခံရတာ ငါ့ကြောင့်လို့ထင်နေတယ်ပေါ့ ဟုတ်လား"

"ဟ နင့်ကြောင့်မဟုတ်လို့ နင့်အမေ့လင်ကြောင့် ထင်ရအောင် နင့်အဖေက ရှိသေးလို့လား"

တင်ထွန်းက ဒေါ်နှင့်အုပ်ရာ။

"ကဲကွာ... ဒါတွေ ထားလိုက်ပါတော့ အခုငါတို့ကို ဘာကြောင့်ခေါ်သလဲဆိုတာသာ ပြောစမ်းပါတော့..."

ကျွန်တော့် အမေးကြောင့်... ထွန်းအောင်သည် သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ကာ ကုလားထိုင်တွင် ဝင်ထိုင်ပြီးသကာလ ကျွန်တော်တို့နှစ်ယောက်ကို စိတ်ပျက်လက်

mgyoe.com

mgyoe.com


ပျက်အမူအရာနှင့် ကြည့်ရင်း...

"ဒီအတိုင်းဆိုရင်... ငါပြောတောင် မပြောချင်တော့ဘူး"

"အမယ်... မပြောချင်နေကွာ"

တင်ထွန်းက ဘုတောလိုက်သည်၊ သို့သော် ကျွန်တော်ကမူ...

"ငါတို့ကို အိမ်တိုင်ရာရောက်ခေါ်ပြီးမှတော့ မပြောချင်လို့မရဘူး၊ ပြောရမယ်"

"မင်းတို့သူငယ်ချင်း မပီသတာကို စိတ်မကောင်းဘူးကွာ၊ ငါလည်း အချုပ်ခံရတာပဲ မဟုတ်လား..."

ဟုတ်ပေ၏။ ထို့ကြောင့် ကျွန်တော်က...

"ကဲပါ ဒို့တောင်းပန်ပါတယ်၊ ပြောစရာရှိတာသာ ပြောပါတော့"

"ငါပြောချင်တာက... ဒို့များတစ်ခေါက်လောက် သေသေချာချာပြန်ပြီး လေ့လာရအောင်လို့ပါ"

"ဘယ်ကိုလဲ"

"ဗညားဗောင်းဆီပေါ့၊ မင်းတို့ကတော့ ရွှေဒင်္ဂါးတွေရလို့ ဝမ်းသာလုံးဆို့ပြီး သတိမထားမိကြဘူး၊ ငါတော့ သတိထားလိုက်မိတယ်၊ ဗညားဗောင်းကျိန်စာ ရေးထားတာ ကျောက်နံ့ရုံကြီးမဟုတ်ဘူး၊ တံခါးရွက်ကြီးတစ်ခုကွ၊ ငါသေသေချာချာ သိတယ်..."

"ဒီတစ်ခါလည်း တစ်ခုခုအတုနဲ့ တိုးဦးမှာပဲ"

တင်ထွန်းက စိတ်ပျက်စွာ ညည်းလိုက်၍ ထွန်းအောင်က ဆတ်ခနဲဖြစ်သွားပြီး။

"တင်ထွန်း မင်းဟာ တကယ်အောက်တန်းကျတဲ့အကောင်...၊ ဒို့မမြင်ဖူးတာတွေ၊ မတွေ့ဖူးတာတွေ မြင်ရတွေ့ရတာသာ အမြတ်ပေါ့ကွ၊ တကယ်လို့ ဘုရားဌာပနာတွေ တွေ့ရင် မင်းယူမှာပဲလား"

"ယူမှာပေါ့... ဘာပြုလို့မယူရမှာလဲ"

"မိစ္ဆာကောင်"

ကျွန်တော်ကဝင်၍ "ကဲကွာဆက် ပြောပါဦး၊ အဲဒါဘာဖြစ်လဲ"

"ငါ့သဘောကတော့ အဲဒီကိုပြန်ပြီး သေသေချာချာ လေ့လာချင်တယ်၊ လိုက်ဖို့မလိုက်ဖို့ကတော့ မင်းတို့သဘောပဲ၊ ငါတစ်ယောက်တည်းလည်း သွားဝံ့တာပဲ"

ကျွန်တော်က သူ့စကားကို... စဉ်းစားသည် သင်း ပြောသလို ထူးထူးဆန်းဆန်းများကို မြင်ရတွေ့ရတာသ အမြတ်ဆိုသည်ကို ကျွန်တော် သဘောကျပါသည်...။ ထို့အတွက်

"ငါလိုက်မယ်ကွာ"

mgyoe.com

ထွန်းအောင်က တင်ထွန်းကို ကြည့်လိုက်သည်။ တင်ထွန်းက ဝေခွဲ၍ရသေးဟန် မတူ။

ယင်း၌ ထွန်းအောင်က...

"တင်ထွန်း မလိုက်နဲ့ကွာ၊ ငါနဲ့ ဂိုင်ပဲ သွားမယ်"

သည်တော့မှ သတ္တဝါကောင်က ကိုယ်ကိုမတ်ခနဲ ဆန့်လိုက်ပြီး... "လိုက်မှာပေါ့ကွ ဘာဖြစ်လို့ ချန်နေရစ်မှာလဲ"

ထွန်းအောင်မျက်နှာကို ရှုံ့လိုက်ကာ...

"သေ နာ ကောင်"

* * *

ကျွန်တော်တို့သုံးယောက်... ရန်ကုန်–ပဲခူးလမ်းမကြီးဘေး တစ်နေရာရှိ စေတီပျက်ကလေးသို့ ရောက်ကြပြီး ဂူအတွင်း ဝင်ရောက်ကြပုံကိုကား ထူးထူးထွေထွေ ဖော်ပြဖွယ်ရာ မလိုတော့ပါ။ ယခင်လက ဖော်ပြခဲ့သည့်အတိုင်း ဗညားဖောင်း၏အရိုးစုကြီးကား ပုံလျက်သားအတိုင်းပင် ရှိနေပေသေးသည်။ ထွန်းအောင်သည် အရိုးပုံကြီးရှေ့၌ စစ်သားတစ်ယောက်ကဲ့သို့ သတိအနေအထားဖြင့်... ရပ်ကာ...

"လေးစားအပ်သော မျိုးချစ်မွန် အာဇာနည်ကြီး ဗညားဖောင်း ခင်ဗျား၊ အာဇာနည်ကြီး၏ကျိန်စာကြောင့် ကျွန်တော်တို့ အားလုံးဒုက္ခများနှင့် ကြုံတွေ့ခဲ့ရသော်လည်း... မြတ်နိုးအပ်သော အာဇာနည်ကြီးကို စိုးစဉ်းမျှ အပြစ်မမြင်ပါ၊ ရွှေဒင်္ဂါးအတုတွေ ဆောင်ယူလာသော အင်္ဂလိပ်စစ်ဗိုလ်ကိုသာ ဆယ်ကြိမ်လောက် လက်ဆွဲနှုတ်ဆက်ပြီး... ဆယ်ကြိမ်လောက် ငယ်ထိပ်ကို ဖနောင့်နှင့် ပေါက်ချင်စိတ်သာ... ရှိပါသည်။ ချစ်မြတ်နိုးအပ်သော မျိုးချစ်မွန်သူရဲကောင်းကြီးအား ကျွန်တော်တို့ပြုခဲ့သမျှ ကုသိုလ်အဝဝကို အမျှပေးဝေပါ၏။ အမျှယူတော်မူပါ အာဇာနည်ကြီးခင်ဗျား..."

"အမျှ... အမျှ... အမျှ..."

ထွန်းအောင် စကားဆုံးသွားသည်၌ ကျွန်တော်ရော တင်ထွန်းပါ ဝမ်းနည်းသံလေးများနှော၍... တကယ်ဘာမျှမပေးရသော အမျှကို ဝေလိုက်ကြပါသည်။

"ကဲ... လာကြဟေ့ ကျိန်စာရေးထားတဲ့နံရံကို... ကြည့်ကြရအောင်..."

ထွန်းအောင်က ရှေ့ဆောင်၍ လက်နှိပ်ဓာတ်မီးသုံးလက်အရောင်ဖြင့် စစ်ဆေးကြည့်ရှုရာ ထွန်းအောင်ပြောသကဲ့သို့ပင် ရေးရေးလေးမျှသာ ပေါ်နေသော အကွဲကြောင်းဖြောင့်ဖြောင့်လေးကို တွေ့ရသဖြင့် တံခါးရှက်တစ်ချပ်ဖြစ်နိုင်ကြောင်း သိရသည်...။

သို့သော်… ဘယ်ကဲ့သို့ ဖွင့်ရအံ့နည်း၊ ကွင်းမရှိ၊ ဘုမရှိ သေးငယ်လှသော အကွဲကြောင်းလေးသာဖြစ်၍လည်း တစ်ခုခုနှင့် ကလော်ဖွင့်ရန်လည်း ရနိုင်မည်မထင်…။

"ဘယ်လိုလုပ်ကြမလဲ"

တင်ထွန်းက မေးလိုက်သည်။ ဘယ်သူမျှ ပြန်မဖြေနိုင်သေး…၊ ထွန်းအောင်က အကြံအိုက်နေပုံရသည်။

"တံခါးအောက်ခြေက ကျောက်သားပြင်ကို… ဆောက်နဲ့ထွင်းရမလား မသိဘူး…"

ကျွန်တော့်အကြံကိုလည်း မည်သူမျှ ထင်မြင်ချက်ပြန်မပေး။ တင်ထွန်းကား ဘာမျှကြံစည်နေဟန်မတူ။ လက်နှိပ်ဓာတ်မီးကို လက်ဝါးနှင့် အုပ်ကာ နီရဲနေသော သူ့လက်ဖဝါးကိုကြည့်ကာ ပျော်နေဟန်တူသည်။ လက်ဝါးကို ဖယ်လိုက်သောအခါ လက်နှိပ်ဓာတ်မီးရောင်သည် ဂူအမိုး၌ လင်းနေသည်။

"ဟေ့ ဟိုမှာ ဘာလဲ ကြည့်ကြစမ်း…"

တင်ထွန်း၏အလန့်တကြားပြောသံကိုကြားရ၍ ကျွန်တော်ရော ထွန်းအောင်ပါ သူညွှန်ပြရာ ဂူအမိုးကို ကြည့်လိုက်သည်။ ကောင်းစွာမသဲကွဲ၍ လက်နှိပ်ဓာတ်မီး သုံးလက်ဖြင့် ပြိုင်တူထိုးကြည့်လိုက်မှ သံချေးအထပ်ထပ်နှင့် သံကွင်းတစ်ကွင်းဖြစ်ကြောင်း သိရသည်။

"တစ်ခုခုတော့ တစ်ခုခုပဲကွ"

တင်ထွန်းက မှန်ကန်စွာ ခန့်မှန်းလိုက်သည်။ ဂူမိုးမှာ ဆယ်ပေလောက်မြင့်၍ ခုန်ဆွဲသော်လည်း မရနိုင်ချေ။

ထိုအခါ ထွန်းအောင်က…

"တင်ထွန်း ကုန်းကွာ…"

"မသာ မင်းကုန်းပါလား"

"ဟာ ဒါပြောတာ မဟုတ်ပါဘူး ဂူအမိုးက သံကွင်းကို မင်းကျော်ပေါ်က တက်ကြည့်မလို့ ခါးကို ကုန်းခိုင်းတာပါ၊ ဒို့အထဲမှာ မင်းက အတော်ဆုံး မဟုတ်လား…"

ယင်းမှ တင်ထွန်း ကုန်းပေး၍ ထွန်းအောင် တက်ပြီး သံကွင်းကို လှမ်းဆွဲသည်။ သို့သော် မမှီသေး၊ တစ်ပေမျှ လိုနေသေးသည်။ သို့နှင့် တင်ထွန်းကို ကျွန်တော်အား… ဖက်ထားခိုင်းပြီး၊ ထွန်းအောင်က ကျွန်တော့်ပခုံးတစ်ထစ်ချက်ကို နင်း၍ သံကွင်းဆွဲကြည့်သည်။

"မီလား… ထွန်းအောင်"

"အေး မီတယ်၊ ငြိမ်ငြိမ်နေပါကွ"

mgyoe.com

"ဆွဲလို့ကော ရလား..."

"မရသေးဘူး၊ သံချေးတွေက တစ်ထပ်ကြီးပဲ..."

"မြန်မြန်လုပ်၊ အား... ဘာတွေလဲဟ..."

တင်ထွန်းက မော့ကြည့်ပြီး... အပြော၊ သံချေးများက မျက်လုံးတွေထဲရော၊ ပါးစပ်ထဲပါ ကျလာလေရာ...

"ဖွီ–ထွီ ဘာတွေမှန်း မသိဘူး၊ ငန်ညီးညီးနဲ့"

တင်ထွန်း ထွေးလိုက်သော တံတွေးများက ကျွန်တော်မျက်နှာကို လာစဉ်ရာ ထွန်းအောင် ကျွန်တော့်ပခုံးပေါ်၌ ရှိနေသည်ကို မေ့သွားပြီး၊ တင်ထွန်းကို တအားတွန်းပစ်လိုက်မိသည်။ တင်ထွန်း ပက်လက်လန်သွားသကဲ့သို့ ကျွန်တော့်ကိုလည်း ယိုင်သွားသည်၌...

"ဟော့ဟော့ ဘယ်လိုလုပ်တာလဲ...၊ ဟ ဟ... လုပ်ကြပါဦး"

ထွန်းအောင်က သံကွင်းကို ဆွဲလျက် တွဲလောင်းကြီး ဖြစ်နေသည်။ ထိုစဉ် သူ၏ ခန္ဓာကိုယ်ကြီးကျသကဲ့သို့ တဖြည်းဖြည်းကျလာပြီး၊ တံခါးကြီးလည်း ထွန်းအောင် ကျလာသည့်အရှိန်နှုန်းအတိုင်း ပွင့်လာသည်။ တံခါးပွင့်လာသည်နှင့်အမျှ အလွန်မွှေးကြိုင်လှသောလည်း အခံရမခက်သည့် ရနံ့တစ်မျိုးပါ ထွက်ပေါ်လာသည်။ ထွန်းအောင် ခြေထောက်ကြမ်းပြင်ပေါ်၌ ထောက်မိသောအခါ တံခါးလည်း အပွင့်ရပ်သွားသည်။ သံကွင်းကိုလွှတ်လိုက်သောအခါ.. တံခါးလည်း တဖြည်းဖြည်း ပြန်ပိတ်သွား၍ ထွန်းအောင်က သံကွင်းကို ကမန်းကတန်း ပြန်ဆွဲထားလိုက်သည်။ မွှေးကြိုင်လှသော ရနံ့ကပို၍များလာသယောင်ထင်ရသည်။

အခန်းတွင်းသို့ ကျွန်တော် လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သောအခါ တစ်သက်တွင်သာမက၊ နှစ်သက်သုံးသက်တွင်ပါ တစ်ခါမျှ တွေ့ဖူးမည် မဟုတ်သော အခြင်းအရာတစ်ခုကို တွေ့မြင်လိုက်ရသည်။ တင်ထွန်းပါ ပါးစပ်အဟောင်းသားဖြစ်နေသလို၊ ထွန်းအောင်လည်း သံကွင်းကို ဆွဲလျက်သား မျက်လုံးပြူးကာ ကြောင်ကြောင်ကြီး ကြည့်နေသည်။ အသက်ပင် ရှူမိပါလေစ။

အခန်းကား ဆယ်ပေပတ်လည်ခန့် ရှိမည်ထင်ရသည်။ အလယ်တွင် သုံးပေပတ်လည်မျှ ခန့်မှန်းရသော မြေခုံလေးတစ်ခုကို ရွှေချထားသောအုတ်များ ကာရံထားသည်။ ထိုမြေခုံလေး၏အလယ်တွင် ကမ္ဘာတွင်သာမက၊ စကြဝဠာ၌ပင်ရှိမည် မထင်ရသော အပင်တစ်ပင်ကို တွေ့ရသည်။ ထိုအပင်မှာ ပြောင်းပင်နှင့် သဏ္ဍာန်တူသော်လည်း ပြောင်းပင်ထက် နှစ်ဆမျှ ရှည်လျားကာ အရွက်လည်းမရှိသည့်ပြင် ပင်စည်၏လုံးပတ်မှာ ယောကျ်ား

ကြီး လက်မောင်းလောက် တုတ်သည်။ ပင်စည်မှာ ချောမွေ့နေပြီး၊ အပွေးအခေါက် မရှိရုံသာမက၊ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် တပြောင်ပြောင်တလက်လက် တောက်ပ ထိန်းလင်းနေခြင်းကို ထောက်၍ မည်မျှချောမွတ်နေကြောင်း သိသာသည်။ ပင်စည်၏ အရင်းပိုင်းမှစ၍... လူတစ်ယောက်အမြင့် သာသာလောက်အထိ ရွှေရောင်ပကတိဖြစ်ပြီး၊ ထိုအထက်မှ တဖြည်းဖြည်းနှင့် စိမ်းသွားရာ အဖျားပိုင်း၌ အကောင်းဆုံးသော မြကျောက် ထက်ပင် စိမ်းနေလျက် လက်နှိပ်ဓာတ်မီးရောင်အောက်တွင် အစိမ်းရောင်များ ဖြာထွက်နေ ပေသည်။ အဖျားဆုံးတွင် ပြောင်းဖူး သဏ္ဍာန်ရှိသော်လည်း ငါးပေနီးပါးမျှ ရှည်လျားသော အဖူးကြီးတစ်ဖူးက မြေကြီးကြမ်းပြင်နှင့် ထိလုမတတ် တွဲရရွဲ ညွှတ်ကျနေသည်။ အမွှေး ရနံ့များသည် ထိုအပင်ကြီးမှ... ထွက်လာဟန်တူပေ၏။

ကျွန်တော်တို့ သုံးယောက် အံ့သြစွာ ကြည့်နေစဉ်ပင်... ပို၍ ထူးဆန်းအံ့သြဖွယ် ကောင်းသော အခြင်းအရာတစ်ခုကို ထပ်မံတွေ့မြင်ရပြန်ပါသည်။ အလင်းတန်းဖြူဖြူ တစ်ခုသည် ခေါင်းလောင်းပုံ ဂူအမိုးမှ ထိုးကျလာပြီး ထူးဆန်းသောအပင်ကြီး၏ထိပ် တည့်တည့်၌ရှိသော ခပ်လုံးလုံးသဏ္ဍာန်တစ်ခုပေါ်သို့ ကျရောက်လာလေရာ... ထိုအရာမှ အလင်းတန်းလေးခုသည် အခန်းလေးဘက်သို့ အသီးသီး ဖြာထွက်သွားသည်။ ယင်း အလင်းတန်းလေးခုသည် အခန်းထောင့်များရှိ မှန်ဟုထင်ရသော တောက်တောက်ပြောင် ပြောင် အရာဝတ္ထုလေးခုပေါ်သို့ ကျရောက်ပြန်လေရာ ထိုမှ အလင်းရောင်ပြန်တန်းလေး ခုသည် ထူးဆန်းသော အပင်ကြီးကို ဆလိုက်မီးမောင်းကြီးများဖြင့် ထိုးပြသကဲ့သို့ ဖြစ်နေ ရာ ပြောင်လက်နေသော ပင်စည်၏ရောင်ပြန်များဖြင့် တစ်ခန်းလုံး ထိန်လင်းနေပေ တော့သည်။

ဤကဲ့သို့သော အံ့ဘနန်းထူးဆန်းဖွယ်ရာများကို ရှေးယခင်က အိပ်မက်မျှပင် ယောင်၍မမက်ခဲ့ဖူးသော ကျွန်တော်တို့ သုံးယောက်ကာ အသက်ရှူရမှန်းပင် မသိအောင် ကြောင်တောင်တောင်ဖြစ်နေကြသည်။ ပထမဦးဆုံး သတိရလာသူကား ထွန်းအောင် တည်း။

"ဂိုင်... ဝင်ကြည့်စမ်းဟေ့၊ ငါ ဒီက သံကွင်းကို ဆွဲထားမယ်"

ကျွန်တော်အခန်းထဲ ဝင်သွားရာ ကျွန်တော့်နောက်မှ တင်ထွန်းပါ လိုက်လာသည်။ အပင်ကြီးအနီးသို့ရောက်သောအခါ ကျွန်တော်တို့ပို၍ အံ့အားသင့်ရပြန်သည်။ အပြင်မှ ကြည့်စဉ်က... ပြောင်းဖူးကြီးနှင့် တူသည်ဟုဆိုခဲ့သောအရာကား တခြားမဟုတ်... လုပ်ပေ့ ချောပေ့ ယဉ်ပေ့ဆိုသော အမျိုးသမီးရုပ်ပုံများကို ကျွန်တော်တို့ မကြာခဏဆိုသလို စာနယ်ဇင်း အမျိုးမျိုး၌ တွေ့မြင်ခဲ့ဖူးပါသည်။ ယခု မြင်ရသောအရာကား... ကျွန်တော်တို့

တွေ့မြင်ခဲ့ဖူးသော... မိန်းမချော၊ မိန်းမလှ၊ မိန်းမယဉ်များကို အားလုံးစုပေါင်း၍ တစ်ရာဂဏန်းနှင့်မြှောက်ပြီး၊ ရသည့်ရလဒ်သည်ပင် ဤမျှထူးဆန်းသော အပင်ကြီး၌ အသီးတသီးသဖွယ် တွဲရရွဲကျနေသော ယမင်းပျိုလောက်လှမည်၊ ချောမည်၊ ယဉ်မည် မထင်။ ထိုယမင်းပျို၏နက်မှောင် ဖြောင့်စင်း နူးညံ့သော ဆံပင်များသည် စုစည်း၍ အဖျားကို အပင်ကြီး၏အကိုင်းတွင် ချိတ်ဆွဲထားဘိသကဲ့သို့ တည်ရှိနေသည်။ ဆင်စွယ်နှစ်ကဲ့သို့ ချောမွတ်နူးညံ့လှသော လက်တံကလေးများသည် ထွာဆိုင်မျှသော ခါးကလေး၌ ကပ်ကာ စွင့်စွင့်ကားကား ဖွင့်ဖွင့်ထွားထွား တင်ပါးဆုံသား အပါး၌ ကော့ကော့လျော့လျော့၊ ပျော့ပျော့သာသာလေး ကျနေသည်။ လှပဖြောင့်စင်းလှသော ပေါင်တံများကလည်း ဖောင်းဖောင်းအိအိ၊ စိစိသွယ်သွယ် အတွယ်အတာမဲ့လေထဲ၌ ဝဲပျံနေသည်။ အို လှပုံတွေသာ ပြောနေရလျှင်ဖြင့်... ကုန်နိုင်ဖွယ်မရှိတော့။ အကယ်၍သာ... ကော့ကော့ထောင်ထောင်... လှမျက်ဖွင့်တုံမှိတ်တုံပြုနေမည်ဆိုလျှင်လည်းကောင်း၊ နုနုထွေးထွေးလေး ကွေးသဏ္ဍာန်တင့်လှဟန်သော နှုတ်ခမ်းလေးများပြုံးတော့မလို... သာချိုချိုဖြစ်နေလျှင်လည်းကောင်း၊ လုံးလုံးပုပု ဘူးသီးနှကို ထက်ဝက်တိတိပိုင်း၊ ရင်၌ ဆိုင်းသကဲ့သို့... လုံးလုံးကျစ်ကျစ် စွင့်စွင့်အယ်အယ်၊ တင့်တယ်ပေလှသော ရွှေရင်မြွှာအစုံက နိမ့်မြင့်တုံတုံ၊ ဖိုလှိုက်ခုန်နေမည် ဆိုလျှင်လည်းကောင်း၊ ကြည့်မိလေသော ထိုသကောင့်သားသည် မုချဧကန်ရူးချေမှန်မည် မလွဲတည်း။ အတိုချုပ်ပြောရပါမူ ကျွန်တော်ယခင်က မြင်တွေ့ခဲ့ဖူးသမျှ မိန်းမချော၊ မိန်းမလှ အားလုံးသည် ဤယမင်းရုပ်နှင့် နှိုင်းယှဉ်ပါက အားလုံး မျောက်အိုမချည်းဖြစ်ကုန်တော့၏။

"ဟေ့ကောင်တွေ ဘာမြင်ရလဲ ဟေ့ ပြောကြစမ်းပါဦး..."

ထွန်းအောင်က အပြင်မှ လှမ်း၍ မေးသည်။ ကျွန်တော် ထွန်းအောင်အသံကို ကြားရပါ၏။ အဟုတ်တကယ် ဘုရားစူးကြားရပါ၏။ သို့သော် ထွန်းအောင်၏ပါးစပ်မှ ထွက်လာသောအသံလှိုင်းများသည် ကျွန်တော့်နားသို့ရောက်သည်မှန်ပါသော်လည်း ဦးနှောက်အာရုံကြောသို့မူကား ရောက်မလာပါ။ ရောက်လည်း ရောက်နိုင်မည်မဟုတ်ပါ။ လောလောဆယ် ကျွန်တော့်အာရုံကြော၌ရှိနေသော အရာတစ်ခုမှာ "အင်မတန်" ဆိုသောစကားကို ထပ်ကိန်းတစ်သောင်းတင်၍နောက်မှ "ချော လှ တောင့် ယဉ်" ဆိုသော စကားလုံးများဖြင့်သာ ထိုက်တန်သော ယမင်းပျို...

"ဟာ... ဒီကောင်တွေ ကဲဟာ ငါ သံကွင်းလွှတ်လိုက်ပြီ..."

တံခါးပိတ်လာသံ ကျိုကနဲ ကြားလိုက်ရသည်၌ အသက်ဘေးမို့သာ အပြင်သို့ ခုန်ထွက်လိုက်ရသော်လည်း ယမင်းပျိုရုပ်ကိုမူ မျက်စိထဲမှ မဖျောက်နိုင်သေးပါ။

"ဟေ့ကောင်တွေ တင်ထွန်း၊ ဒီမယ် ဂိုင် ဘာဖြစ်နေတာလဲ...၊ ပြောကြစမ်းပါဦး

mgyoe.com
ကွ၊ ဘာမြင်ခဲ့ရလဲ..."

"သိပ်လှတာပဲ... သိပ်လှတာပဲ... သိပ်လှတာပဲ..."

တင်ထွန်းထံမှ အသံထွက်လာသည်။ သို့သော် သူ့ရုပ်သွင်ကား အရှင်လတ်လတ် ရူးတော့မည်ပုံမျိုး။ ထွန်းအောင်က အကြီးအကျယ် စိတ်ညစ်နေသည်။

"ခက်တော့တာပဲ၊ ဂိုင်... ဂိုင် ဒီမယ်လေ... ငါပြောနေတယ်...၊ နားထောင်စမ်း၊ မင်းဘာမြင်ခဲ့ရလဲ"

ကျွန်တော် ထွန်းအောင်ကို ကြည့်သည်၊ ထွန်းအောင်ကိုကား မမြင်။ ယမင်းပျို လေးက ကျွန်တော့်မျက်စိထဲက မထွက်သေး...

"အို... အချစ်၊ မောင့် အချစ်ကလေးရယ်..."

ကျွန်တော် ထွန်းအောင်ကို တအားကျုံးဖက်ကာ... ဘယ်ပြန်ညာပြန် မွှေးလိုက်ရာ ထွန်းအောင် ထိုင်ငိုချင်လောက်အောင်ပင် စိတ်ညစ်သွားသည်။

"အာ... သေနာကောင် ဒုက္ခပါပဲ။ ဂိုင် ဂိုင် သတိထားမှပေါ့ကွ၊ ငါပါ၊ ထွန်းအောင် လေ... ထွန်းအောင်..."

"အို... အချစ်ရယ်"

ကျွန်တော် ဆက်နမ်းမည်ပြုစဉ် ထွန်းအောင်၏ပြင်းထန်သော လက်သီးချက်က ကျွန်တော့်မေးပေါ်ကျရောက်လာလေရာ... နာကျင်လှသော ခံစားချက်အသိကြောင့် ကျွန်တော်လုံးဝသတိပြန်ရကာ မြင်တွေ့ခဲ့ရသမျှကို ပြန်၍ဖောက်သည်ချရသည်။ ထိုစဉ်... "သိပ်လှတာပဲ၊ သိပ်ချောတာပဲ၊ သိပ်နိပ်တာပဲ" ဟု ပါးစပ်မှ တတွတ်တွတ်ရွတ်နေသော တင်ထွန်းကိုလည်း ထွန်းအောင်က ကျွန်တော့်နည်းအတိုင်း လက်သီးနှင့် ကုသလိုက်ရ သည်။

ယင်းသို့ဖြင့် အားလုံးပြေလည်သွားကြသောအခါ ထွန်းအောင်က "ဒီတစ်ခါ ငါ့အလှည့်၊ ငါဝင်ကြည့်မယ်" ဆိုပြီး ခပ်လျော့လျော့ ကျနေသော သံကြိုးမှ သံကွင်းကို ခုန်ဆွဲလိုက်ပြီး၊ ကျွန်တော့်ကို ဆွဲခိုင်းထားကာ အခန်းထဲသို့ ဝင်သွားသည်။ ထိုအခါ၌ကား... အလင်းရောင်ခြည်များမရှိတော့... ကျွန်တော်အံ့သြစွာ တွေးနေမိသည်။ ခုနတော့ ဘယ်ကလာတဲ့ အလင်းရောင်ပါလိမ့်..."

"တင်ထွန်း နာရီကြည့်လိုက်စမ်းပါ၊ ဘယ်နှနာရီထိုးပြီလဲ..."

ထွန်းအောင်က လှမ်းမေးလိုက်၍ တင်ထွန်းက...

"၁၂ နာရီနဲ့ ၁၀ မိနစ်ရှိပြီ"

"ဒီလိုဆို... ငါထင်တဲ့အတိုင်း ဖြစ်မှာပဲ..."

"ဘာထင်တာလဲ..."

"ခုနတွေ့လိုက်ရတဲ့ အလင်းရောင်ဟာလေ၊ ငါတွေးမိတာက စေတီလေး ထီးချက်ကနေ ပြွန်တံနဲ့ဆက်ပြီး၊ မွန်းတည့်ချိန်မှာ နေရောင်ခြည် ဒီအထဲကိုရောက်အောင် သွင်းတယ်၊ သစ်ပင်ဆိုတာမျိုးက နေရောင်ခြည်မရရင် မရှင်နိုင်ဘူးကွ။ ဒါပေမဲ့ ဒီအပင်က မွန်းတည့်ချိန်မှာ မိနစ်ဝက်လောက် နေရောင်ခြည်ရရုံနဲ့ လုံလောက်တဲ့ အပင်မျိုးဖြစ်လိမ့်မယ်။ ဒါကြောင့် ရှင်နေတာပေါ့"

အလင်းရောင်မရှိသောကြောင့် ယမင်းပျိုလေး၏အလှရူပါကို မမြင်ရ၍ ထွန်းအောင်မှာ ဘာမျှမဖြစ်ပါ။ နောက်မှတစ်ခါ ရောင်ခြည်ချိန်မီလာကြမည်ဟု တိုင်ပင်ပြီး၊ ကျွန်တော်တို့ဂူထဲမှ ထွက်ခဲ့ကြပါသည်။

ကားကို ရန်ကုန်ဘက်သို့ ပြန်၍မောင်းနှင်ခဲ့ကြရာ၊ ကျွန်တော့်စိတ်ထဲတွင် တွေ့မြင်ခဲ့ရသော အံ့ဘနန်းအခြင်းအရာများကို အိပ်မက်ပေလော... ဟု တွေးတောနေမိစဉ် ထွန်းအောင်သည် ကားကိုမောင်းနေရာမှ တစ်စုံတစ်ခုကို သတိရသကဲ့သို့ လမ်းဘေး၌ ထိုးရပ်လိုက်ပြီး...

"ဂိုင် ငါတစ်ခုစဉ်းစားမိတယ်"

ကျွန်တော်ကား ငိုင်လျက်ပင်။

"ဘာလဲ... ဘာကို စဉ်းစားမိတာလဲ..."

"သူယောင်မယ်ဆိုတာ ဒီအပင်မျိုးကိုခေါ်သလားလို့လေ..."

သူ့စကားကြောင့် ကျွန်တော်ဆတ်ခနဲဖြစ်သွားသည်။

"အေး... ဟုတ်တယ်၊ ဝိဇ္ဇာဇော်ဂျီတွေ ဆေးကြိမ်လုံးနဲ့ အသက်သွင်းပြီး ပျော်ပါးကြတာ ငါကြားဖူးတယ်။ ဟုတ်မယ်... ဟုတ်မယ်၊ သူယောင်ပင်ပဲ"

"ဟင် ဒါဖြင့် ခုန ဒို့မြင်ခဲ့ရတာ သူယောင်မယ်လေးပေါ့...၊ ဒီ သူယောင်မယ်လေးများ အသက်သွင်းပြီး တစ်ခဏလောက် မွေ့လိုက်ရရင် ငါသေမယ်ဆိုတောင် သေစံ့ပါတယ်ကွာ..."

တင်ထွန်းက ဘယ်သူ့မှမတောင်းပါဘဲလျက် ကတိတွေပေးနေသည်။ အိမ်ကကြင်သူသက်ထား သူ့ဇနီးများကြားလျှင်ဖြင့် သူ့နားရင်းမည်မျှ ပစ်တီးချင်ပေမည်နည်း။

ထွန်းအောင်ကမူ သူ့စကားသတိမမူဘဲ... ကျွန်တော့်ကို ကြည့်ရင်း...

"ဂိုင် မင်းက ဓာတုဗေဒသမားဆိုတော့ အသက်ဝင်လာအောင် ဓာတုဗေဒနည်းနဲ့ လုပ်လို့ မရဘူးလား..."

တင်ထွန်းကလည်း ပျာပျာသလဲချက်ချင်းပင် ထိုင်ရှိခိုးတော့မည်အတိုင်း...

mgyoe.com

mrgyi.com

"တတ်နိုင်ရင် လုပ်ပေးပါကွာ၊ အိမ်က ငါ့မယား မင်းယူပါ၊ ငါကြည်ဖြူပါတယ်၊ တဆိတ်ကလေးတတ်နိုင်ရင်..."

"တော်စမ်းပါကွာ၊ မင်းအဘွားကြီးက ငါက ဘာလုပ်ရမှာလဲ...၊ တကယ်လို့ အသက်ဝင်လာရင် ငါတို့အားလုံး ပိုင်တာပဲ"

"ဟာ မလုပ်ပါနဲ့ကွာ၊ ငါ... ငါ... ငါ..."

"တော်စမ်း တင်ထွန်း၊ ဒီမယ် ဂိုင်... မင်း တကယ်လုပ်ပေးနိုင်မလား..."

"သိပ်တော့မသေချာဘူး...၊ ဒါပေမဲ့ စမ်းသပ်ကြည့်ချင်တယ်၊ ရလိုရငြားပေါ့"

ထိုကဲ့သို ပြောရခြင်းမှာ ကျွန်တော်တို့ရုံး၌ အမေရိကမှ ဝယ်ယူထားသော ဇီဝဓာတ်ခေါ်သက်ရှိကဲ့သို့ပွားများနိုင်သော ကလပ်ဆဲလ်လေးများ ပါဝင်သည့် အခြေခံပရိုတိန်းဓာတ်တစ်မျိုးရှိနေခြင်းကြောင့် ဖြစ်ပါ၏။ ယင်းဓာတ်ကို လူ့ခန္ဓာကိုယ်မှ ထုတ်ယူထားသည်။ အလွန်အဖိုးတန် ရှားပါးလှသော ဓာတ်တစ်မျိုးဖြစ်ပါ၏။ သေခါနီး ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ငင်နေသော သူများကို ယင်းဆေးအနည်းငယ် ထိုးသွင်းပေးလိုက်ပါက ချက်ချင်းငေါက်ကနဲ ထထိုင်နိုင်လောက်အောင်ပင် သတ္တိထူးရှိသည်။

ထိုဇီဝဓာတ်ဆေးကို ကျွန်တော်တို့တွေ့ခဲ့သော သူယောင်မယ်လေးကိုယ်ထဲ ထိုးသွင်းပေးလျှင် အသက်ဝင်ကောင်းဝင်နိုင်မည်၊ သို့သော် သိပ်တော့မသေချာ။

ထို့နောက် သုံးယောက်သားတိုင်ပင်ကာ မည်သို့ဖြစ်စေ စမ်းသပ်ကြည့်ရန် အားလုံးသဘောတူကြ၍ နောက် တနင်္ဂနွေ၌ သွားကြရန် ဆုံးဖြတ်လိုက်ကြသည်။

ချိန်းဆိုထားသောနေ့သို့ရောက်သောအခါ ကျွန်တော်တို့သုံးယောက် ထွန်းအောင်၏ကားလေးဖြင့် စေတီပျက်ကလေးရှိရာသို့ ထွက်ခဲ့ကြသည်။ ဇီဝဓာတ်ဖျော်ရည်၊ ဆေးထိုးအပ်တို့ကိုလည်း အသင့်ယူဆောင်လာခဲ့ကြသည့်အပြင် ကျောက်တံခါးကြီး ပြန်ပိတ်မသွားရန် ထောက်ခွတစ်ခုလည်း ယူခဲ့သည်။

ဂူတွင်းသို့ ဝင်မိကြ၍ တံခါးကို ဒေါက်ခွဖြင့် ခုကာ ဖွင့်ထားပြီး၊ နေရောင်ခြည်လာမည့်အချိန်ကို စောင့်နေကြသည်။ ၁၂ နာရီထိုးရန် စက္ကန့်အနည်းငယ်မျှ လိုနေပေသေးသည်။ ထိုအတွင်း ဆေးထိုးအပ်ကို အဆင်သင့်လုပ်ထားကာ နေရောင်ခြည်မပျောက်ကွယ်မီ အလျင်အမြန်လုပ်ဆောင်ရန် အဆင်သင့်ရှိနေကြသည်။ ၁၂ နာရီနှင့် ၁ မိနစ်တိတိတွင် နေရောင်ခြည်ဝင်လာရာ ဖော်ပြခဲ့သည့်အတိုင်း အလင်းရောင်ပြန်များဖြင့် တစ်ခန်းလုံး ထိန်လင်းနေတော့သည်။ ကျွန်တော်တို့သည် သတိကြီးစွာ ထားကြ၍ တင်ထွန်းက အချိန်မဆိုင်းဘဲ သူယောင်မယ်လေး၏ဆံပင်အဖျားပိုင်း (ဝါ) အညှာကို အပင်အကိုင်းဖျားမှ လွတ်အောင် ဓားဖြင့် ဖြတ်ချလိုက်ရာ သူယောင်မယ်လေးသည် ထွန်းအောင်

mrgyi.com

၏ ရင်ခွင်၌ တောင့်တောင်တင်းတင်း ကျရောက်သွားလေတော့သည်။ ထိုအခိုက် သူယောင်ပင်မကြီးကား တီကိုဆားနှင့် တို့သလို တွန့်လိမ်သွားပြီး သကာလ၊ မြရောင်ရွှေရောင် တပြောင်ပြောင် ထွန်းလင်းခဲ့သော သူ့ပင်မကြီးသည် ရုတ်ခြည်းသေး ငယ်သွားလျက် ကောက်ရိုးမျှင်သာ ကျန်တော့သည်။

ကျွန်တော်ကလည်း လက်မနှေး သူယောင်မယ်လေး၏ တင်ပါးတစ်ဖက်ကို အမေရိကန်ပြည်ဖြစ် ဗီဝဓာတ်ဆေးတစ်လုံး ထိုးသွင်းလိုက်သည်။

ခဏအကြာ...

"ဟော့... ဟော့... မျက်တောင်ခတ်လာသလိုပဲ... ကြည့်စမ်း... ကြည့်စမ်း"

ထွန်းအောင်က ဝမ်းသာအားရအော်လိုက်သည်။ တင်ထွန်းကမူ စိတ်လှုပ်ရှားစွာဖြင့်...

"ဂိုင် နောက်တစ်လုံးထိုးဦးကွာ၊ နေရောင်ပျောက်ခါနီးနေပြီ။ လုပ် လုပ်... မြန်မြန်"

ကျွန်တော်လည်း ဆေးမထိုးရသေးသော အခြားတင်ပါးတစ်ဖက်၌ ဆေးတစ်လုံး ထိုးသွင်းလိုက်ပြန်သည်။

"ဖယ်ဖယ် ငါကိုင်ထားမယ်"

တင်ထွန်းကား... သောက်မြင်ကတ်လောက်အောင်ပင် အခွင့်အရေးယူတော့သည်။ ထွန်းအောင်လက်ထဲမှ တင်ထွန်းရင်ခွင်ထဲသို့ သူယောင်မယ်လေး ရောက်သွားသောအခါ...

"ဟော ဟော အသားအရေတွေတောင် ပျော့လာပြီ၊ ကြည့်... ကြည့်..."

ဟုတ်ပါသည်။ အသားအရေများ ပျော့ပျောင်းလာရုံသာမက၊ မူလရွှေရောင် အဆင်းမှ အနီရောင်၊ အနီရောင်မှ အညိုရောင်၊ အညိုရောင်မှ အနက်ရောင်သို့ ပြောင်းလဲသွားတော့သည်။ မူလထွာဆိုင်မျှသော ခါးကလေးသည် တုတ်လာသကဲ့သို့ လှပနုထွေးနှုတ်ခမ်းလေးများလည်း ထော် ထော် လာသည်။ နက်မှောင် ဖြောင့်စင်းသော ဆံပင်များကလည်း တွန့်လိမ့်ကောက်ကွေးလာပြီး သကာလ၊ ကပ္ပလီကမ္ဘာတွင် အရုပ်အဆိုးဆုံးသောသူထက် ဆယ်ဂဏန်းပိုသော ကပ္ပလီမကြီးအဖြစ် ပြောင်းလဲသွားလေသတည်း။

ယင်းကပ္ပလီမကြီးက တင်ထွန်းလည်ပင်းကို ဖက်လေရာ...

"အောင်မယ်လေး သရဲမကြီးဗျ ဖယ်... ဖယ်..."

တင်ထွန်းက ကပ္ပလီမကြီးကို တအားတွန်းချလိုက်သည်။

ကျွန်တော့်စိတ်ထင် အမေရိကမှ လာသည့် ဤဗီဝဓာတ်သည် အရုပ်ဆိုးသော ကပ္ပလီမကြီးတစ်ယောက်၏ ကိုယ်ခန္ဓာမှ ထုတ်ယူသည်ဟု ထင်ပါသည်။ ထိုအခါ သက်ရှိ

mgyoe.com

mgyoe.com

များကဲ့သို့ ဇီဝဓာတ်ခံမရှိသော သူယောင်မယ်အတွင်းသို့ ထိုဇီဝဓာတ်ဆေးရောက်သွားသောအခါ သူယောင်မယ်၏မူလကြားနေ ဇီဝဓာတ်သည် ကပ္ပလီမကြီး၏ဇီဝဓာတ်ဖက်သို့ လုံးဝကူးပြောင်းသွားပုံရသည်။

တင်ထွန်း တွန်းချလိုက်သော ကပ္ပလီမကြီးသည် ထွန်းအောင်အနီး ရောက်သွားရာတွင် ထွန်းအောင်ကို လှမ်းဖက်ပြန်၏။ ထိုစဉ် အလင်းရောင်ပျောက်ကွယ်သွားရာ အမှောင်ထုကြီးက ပြန်လည်ဖုံးအုပ်လိုက်ပြန်ပါသည်။ သို့သော်... ဂူအတွင်းရှိ သနားစရာ သတ္တဝါသုံးကောင်၏အသံများကား... ပျောက်ကွယ်မသွားရုံမက...

"ဟဲ့ ဟဲ့ ဖယ် ငါ့နားမလာနဲ့"

"အိုး ဒီးယား အိုး ဆွိတီ"

အမေရိကန် နီဂရိုးမကြီးကလား...။

"သေခြင်းဆိုးမ၊ ငါ့ဆီမလာနဲ့ ဆို... သွား... သွား"

"မိုင် ဒီးယား... အိုင် လဖ်ယူဘဲရီးမတ်ချ်"

"ကာလနာမကြီး နင့်လင်ဆီသွားဟဲ့၊ မလာနဲ့ဆို..."

ကပ္ပလီမကြီးက ဗမာစကားနားလည်ဟန်မတူ။

"အိုး... ဒါလင်... ဒါလင်"

"အမယ်လေး... သေပါပြီဗျာ"

"အိုး... ဒီယား..."

"အလိုလေး... ကယ်တော်မူကြပါဗျို့..."

*စန္ဒာမဂ္ဂဇင်း၊ အမှတ် (၁၃)၊ မေ၊ ၁၉၇၀။*

▢

mgyoe.com

mgyoe.com

# ကျောင်းသား စားကြမလား

ကျွန်တော်သည် ဆရာလင်းယုန်နီ၊ ထောင်နန်းစံ ဗန်းမော်တင်အောင်တို့ကဲ့သို့လည်း မိမိရေးသော စာများကို လက်ဝဲစာပေဟု မကြွေးကြော်၊ မောင်ကြည်လင် မောင်အောင်လင်း ကျားပျံ–မြသန်းတို့ကဲ့သို့လည်း စာပေသစ်ဟု မဟစ်၊ နောင်တော်ကြီး သိန်းဖေမြင့်ကဲ့သို့လည်း "ရဲဘော်ကြီး စတာလင်နဲ့ မတွေ့လိုက်ရတာ နာသဗျာ" ဟူ၍ ဝမ်းနည်းစကား မပြော၊ ဆရာ ဒဂုန်တာရာကဲ့သို့လည်း မော်စီတုံးလက်ဖဝါး နူးညံ့လှချေတကားဟု မရေးသားမိ၊ သို့စဉ်ပါလျက် ကျွန်တော်၏ဆရာတော်ဘုန်းကြီးက "ဟယ်… နင်… ကွန်မြူနစ်ကလေး" ဟု ဘွဲ့မည်ပေးခဲ့သည်တကား။

ယင်းကိုယ်တော်ကြီးကား လွန်ခဲ့သောနှစ် (၁၃၁၄) ခု နယုန်လဆန်း ၄ ရက်နေ့ကပင် ပျံလွန်တော်မူချေပြီ။ ထို့ကြောင့်ပင် ဤအကြောင်းကို ထုတ်ဖော်ရေးသားဝံ့ပေသည်။ နို့မဟုတ်လျှင်ကား သူ သက်တော်ထင်ရှားရှိနေငြား၍ ဤစာများ တွေ့ခဲ့သော် ကျွန်တော့်ကို ကျောင်းတော်ခေါ်၍ နွားရိုက်ကြိမ်နှင့် ဆော်ပလော်တော်တီးချိမ့်မည်။ တောရွာဝယ် ဆရာဘုန်းတော်ကြီးများကား သားတပည့်ဆိုလျှင် သက်ရွယ်ကြီးမား၍ မြေးမြစ်များနှင့်ပင် ရှိနေပါစေ သူ စိတ်အခန့်မသင့်လျှင် ခေါ်၍ရိုက်တတ်၏။ တပည့်ကြီးလည်း အဘိုးကြီးပင် ဖြစ်နေပါစေ မတော်လှန်နိုင် မတ်တတ်ရပ်၍တိုင်ပင်ကိုယ် ကပ်ပေးရပါ၏။

ယခုကား ဆရာမျက်ကွယ်၍ တပည့်လူကျယ်လုပ်သည်ဟုပင်ဆိုပါတော့၊ အဖြစ်က ဒီလိုပါ။

လွန်ခဲ့သော ၃ နှစ်ကပေါ့။ အဲသည်တော့ ကျွန်တော် "သော်တာဆွေ" မှာ ၃ ခါလည်း မတ်တင်းသားမျှ ရှိပါသေးသည်။ ယခင်က ရွာမှာ အံ့ကြောလန်ကြလည်း ယခုမူ

mgyoe.com

mgyoe.com
စာရေးဆရာဆိုတဲ့ နာမည်ကလေးနှင့် ဌာနေပြန် မျက်နှာပြလှသင့်ပါပြီဟု မွေးရပ်မြေသို့ ခြေတင်ခဲ့ပါသည်။ ရွာဝရောက်လျှင် ဦးဆုံးပထမ ဘုန်းကြီးကို ဝင်၍ ဝတ်ချရပါသည်။ အိတ်ထဲပါလာသည့် လှူဖွယ်ဝတ္ထုကလေးကို ထုတ်ရပါသည်။

ကိုယ်တော်ကြီးသည် သူ့နဂိုဟန်အတိုင်း မျက်မှောင်တစ်ဖက်ကုတ်၍ကြည့်ကာ ကွမ်းသွေး ဗျစ်ခနဲ ထွေးလိုက်ပြီး...

"ဟဲ့ ဘိုနီလား..." (ကျွန်တော်၏ငယ်နာမည်)

"တင်ပါဘုရား..."

"နင်တစ်ယောက်တည်းလား...."

"တင်ပါဘုရား..."

"ဟိုကလူတွေ မာကြရဲ့လား..."

"မာကြပါဘုရား..."

"နင် စာရေးဆရာဖြစ်နေဆို..."

"တင်ပါဘုရား..."

"လခနဲ့လား..."

"မဟုတ်ဘူးဘုရား ကိုယ်ရေးပြီးသားစာကို စာအုပ်တိုက်တွေ ရောင်းရတယ်ဘုရား..."

"တစ်လ ဘယ်လောက်လောက်စီလဲ..."

ကျွန်တော် ရုတ်တရက် အဖြေရကျပ်သွားပါသည်။ သို့သော်... မပြောမပြီးသည်နှင့်...

"နှစ်ရာ... သုံးရာလောက်ပါဘုရား..."

"နင့်အသုံးနဲ့... နင်လောက်ကဲ့လား..."

"လောက်အောင် သုံးရတာပေါ့ဘုရား..."

"နင့်ယောက္ခမနဲ့ နင့်မိန်းမက ယေရှုခရစ်ဆို... နင်ကော ယေရှုခရစ် မဖြစ်သေးဘူးလား"

"မဖြစ်ပါဘူးဘုရား"

"နို့ပြီး... ခုခေတ် လူငယ် စာရေးဆရာတွေဟာ ကွန်မြူနစ်ဝါဒကို ယုံကြည်ကြသတဲ့... နင်သာ အဲဒီဘက်ပါသွားရင်တော့ သေပြီသာမှတ်ပေတော့၊ တိုင်ကြိုးနဲ့တဲပြီး နကြိမ်နဲ့ ရိုက်မယ် သိလား"

"တင်ပါ့ဘုရား"

ဩော် ဘုန်းကြီးများ လူချင်းတွေ့ကြရုံရှိသေး... ဆုံးမဖို့ ရိုက်ဖို့လောက် စိတ်ကူးနေတာပဲ။

"နင်... ဒီရွာပြန်မရောက်တာ ဘယ်လောက်ကြာသွားပြီလဲ"

"၃ နှစ်ကျော်သွားပြီ ဘုရား..."

"အခု ဘယ်လောက်ကြာနေမယ် စိတ်ကူးလဲ"

"တပည့်တော်အလုပ်က ဒီကနေ ရေးပို့လည်းဖြစ်တော့ တော်တော်ကြာပဲနေမယ် အောက်မေ့တယ်ဘုရား"

"အေးဟယ်... ကိုယ့်ရပ်ကိုယ့်ရွာမရောက်တာကြာ... တစ်လ ကိုးသီတင်းတော့ နေဦးပေါ့..."

"တင်ပါ့ဘုရား"

* * *

သို့သော်... သီတင်းနှစ်ပတ်မျှမပြည့်မီ ကျွန်တော့်ကို သူ့မျက်မှောက်ခေါ်ကာ မျက်မှောင်ကြီးနှစ်ဖက် ကုတ်လျက်...

"နင့်... သတင်းကြားရတာ တယ် မွှေးပါလား... ဟင်... ဘိုနီ..."

ကျွန်တော့်မှာ မျက်နှာသေဂလေးဖြစ်လျက်...

"ဘာတုန်းဘုရား..."

"မေးများ နေရသေးလား... နင့်အပြစ်တွေ နင် မသိဘူးလား"

ကျွန်တော် အံ့အားသင့်ကာ...

"ဟင်... တပည့်တော် ဘာအပြစ်များ ကျူးလွန်မိလို့လဲဘုရား"

"ဟေ" ဘုန်းကြီးသည် မျက်မှောင်ကြီးကိုပင့်၍ ကိုယ်ကို ဆန့်လိုက်ကာ "နင် ရွာထဲလုပ်နေတာတွေ ငါမသိဘူးမှတ်လို့လား။ အကုန် ငါ့နားထဲရောက်တယ် သိရဲ့လား"

ကျွန်တော် စိတ်အားကလေးငယ်ကာ

"ဘာတွေများလဲဘုရား"

"အမယ်... တယ်... ဟန်အမူအရာ ကောင်းနေပါလား၊ ကဲ... ကဲ... နင့်အပြစ်တွေ ငါကပဲ ဖော်ပေးရမှာပေါ့။ အမှုကြီးကြီးက စပြောရမလား။ ငယ်ငယ်က စရမလား"

"စချင်တာကသာ စပါဘုရား၊ တပည့်တော်ကိုယ်တော့ တပည့်တော် အပြစ်မရှိဘူးလို့ ယုံကြည်ပါတယ်"

"အမယ်... တယ် ငါ အော်ဟစ်ရယ်လိုက်ရ၊ ကဲ အပြစ်ကလေးက စမေးမယ်။ လိမ်ဝါတော့ မပြောနဲ့နော်၊ ပြောတဲ့လူပါးစပ်က ငါ့နားဆတ်ဆတ်ကြားထားတာ"

"မလိမ်ပါဘူး မဝါပါဘူးဘုရား၊ ဟုတ်မှန်ရင်ဖြင့် ဝန်ခံဖို့အသင့်ပါပဲ"

mgyoe.com

"ကဲ... နင် မောင်ခိုတို့၊ ချစ်ရတို့ လူသိုက်ကို အရက်တိုက်ပြီး မြွေလိုက်ခိုင်းတယ် ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်ဘုရား... တပည့်တော်ကိုယ်တိုင်လည်း နေ့တိုင်း ပါ ပါတယ်"

"ကဲ ဒီလို သူများအသက် လိုက်ပြီး ရှာကြံသတ်ခိုင်းနေတာဟာ ကောင်းတဲ့အလုပ် လား၊ နင် မရှက်ဘူးလား နင် ရန်ကုန်ရောက်မှ မြွေသားကို ဒါလောက်ပဲစားချင်နေသလား နင် ဟိုမှာ ဟင်းငတ်နေလို့လား"

"ဒီကိစ္စမှာ ဒီလိုရှိပါတယ်ဘုရား။ တပည့်တော် မြွေသားစားချင်တာထက် တခြား ရည်ရွယ်ချက် ရှိပါတယ်..."

"ဘာ ရည်ရွယ်ချက်တုန်း။ တောင်တောင်အီအီတော့ လှည့်ပတ်ပြောမယ် မကြံနဲ့ ထွေးခံနဲ့ လှမ်းပေါက်လိုက်မယ်"

ကျွန်တော်မှာ သူ့လက်ရိပ်လက်ခြေကို သတိထားရကာ...

"ကိုယ်တော် သည်းခံပြီး နားထောင်ပါဘုရား။ ဒီလိုပါ ဒီလို မိုးဦးကျအချိန်မှာဆိုရင် မြွေတွေ တွင်းထဲကထွက်ပြီး မိတ်လိုက်တဲ့ရာသီပါ။ ဒီမြွေတွေဟာလည်း အင်မတန် အဆိပ် ပြင်းထန်တဲ့ မြွေပွေးမြွေဟောက်များ ဖြစ်ပါတယ်။ ဒီတော့ တောသူတောင်သား လယ်သမား တွေကို အသက်အန္တရာယ်ပေးနိုင်တဲ့ ဒီမြွေမျိုးတွေ ခေါင်းပါးသွားအောင် တပည့်တော် ကြံစည်ခြင်းပါ။ ခုအခါမှာ မြွေမတစ်ကောင် မိလိုက်မယ်ဆိုရင် မြွေထီး ၃ – ၄ ကောင် ဝိုင်းလာလို့ သူတို့ကိုလည်း သတ်လိုက်နိုင်ပါတယ်။ နောက် မြွေမကပေါက်မယ့် မြွေကလေး တွေလည်း တားဆီးပြီး ဖြစ်နေပါတယ်။ ဒါဟာ တပည့်တော်တို့ တောရွာဒေသမှာ နှစ်စဉ် တတ်နိုင်သမျှ ပြုထိုက်တဲ့ဝတ္တရားလို့ တပည့်တော် ယူဆပါတယ်..."

ဘုန်းကြီး၏ကိုယ်သည် ပါးစပ်ကိုဖြဲ၍ နောက်သို့ လန်သွားကာ...

"အောင်မာ တယ် ကြီးကျယ်လိုက်တဲ့ အကြံအစည်နယ်၊ နင်... အကုသိုလ် ကောင်လေးသက်သက်ပဲ၊ မြွေလည်း သတ္တဝါပဲ အသက်တစ်ချောင်းနဲ့ပဲ၊ ပါဏာတိပါတာ ကံမှာ အဆိပ်ရှိတဲ့သတ္တဝါ လူကို အသက်အန္တရာယ်ပြုမယ့် သတ္တဝါရယ်လို့ ခြွင်းချက်ထား သလား"

"လောကုတ္တရာရေးမှာတော့ ခြွင်းချက်မထားဘူးပေါ့ဘုရား။ သို့သော် လောကီ မျက်စိနဲ့ ကြည့်လိုက်တော့ အသက်တစ်ချောင်းချင်း တူကြပေမဲ့ လူဟာ အဟိတ်တိရစ္ဆာန် ဖြစ်တဲ့ မြွေထက် အဆင့်အတန်း အများကြီးမြင့်ပါတယ်။ တန်ဖိုးအများကြီးပိုပါတယ်။ ဒါကြောင့် လူတွေ အသက်အန္တရာယ်ကို ကာကွယ်ဖို့ စေတနာနဲ့ မြွေကိုသုတ်သင်တဲ့ဟာဖြင့် အပြစ်မရှိဘူးလို့ တပည့်တော် ထင်ပါတယ်"

mgyoe.com


ဘုန်းကြီးကိုယ်သည် ရှေ့သို့ ပြန်ဝိုက်လာပြီး မျက်မှောင်ကြီးကုတ်လိုက်ကာ...

"ဟင်... နင်ဟာ ဘာသာကိုပယ်တဲ့ ဒိဋ္ဌိကွန်မြူနစ်ကလေးဖြစ်နေပါလားဟဲ့ ဟင်။ နင်... ကွန်မြူနစ်ဖြစ်နေပါပြီလား"

"တပည့်တော်ဘာသာကို မပယ်ပါဘူးဘုရား"

"ဟဲ့ သူ့အသက်သတ်တာ အပြစ်မရှိဆိုကတည်းက ဘာသာပယ်တာမဟုတ်လို့ ဘာတုန်း။ ကဲ ဒါထားဦး နို့ပြီး နင်က ဒီလို မိုးဦးကျအချိန်မှာ အိမ်တိုင်းလိုလိုပဲ ခွေးတွေ ကြွက်ယက်တတ်အောင် သင်ထားပြီး လယ်ကန်သင်းတွေမှာ ကြွက်လိုက်တူးရမယ်။ ချောင်းရေလျှံလို့ ကြွက်တွေ မျောပါလာတဲ့အခါမှာ လိုက်ရိုက်စားရမယ်လို့ ရွာထဲ လျှောက်ပြောတာတွေကော ဟုတ်သလား"

"ဟုတ်ပါတယ်ဘုရား"

"ကဲဟ... ဒါကော နင် ငါ့ ဘယ်လိုဆင်ခြေပေးဦးမလဲ၊ ခုန မြွေတုန်းကတော့ အဆိပ်နဲ့ လူကို အသက်အန္တရာယ်ပြုနိုင်လို့ ခု ကြွက်ကတော့ နင့်အမေလင်ကို ကိုက်သတ်ဖူးလို့လား"

"ကြွက်က လူကို အသက်အန္တရာယ်မပြုနိုင်တာတော့ မှန်ပါတယ်ဘုရား... သို့သော် ကြွက်ဟာ လယ်သမားရဲ့ရန်သူ ဖြစ်ပါတယ်။ သူတို့ဟာ လယ်ကန်သင်းတွေမှာ တွင်းအောင်းပြီးတော့ ပျိုးပင်ကလေးကအစ စပါးမှည့်သည်အထိ ကောက်ပဲသီးနှံကိုဖျက်ဆီးတဲ့သတ္တဝါတွေဆိုတာ လယ်သမားတိုင်း သိပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်က အိမ်တွေမှာလည်း ကြွက်သားဟင်းစားရအောင် ကြွက်ရန်လည်း တတ်နိုင်သမျှ ရှင်းအောင် ဒီဝါဒကိုဖြန့်ခြင်းပါဘုရား ခုတလော ကိုယ်တော့ဆွမ်းပွဲတွေမှာ ကြွက်ကြော်တွေပါလာတာဟာ တပည့်တော်ကျေးဇူး မကင်းပါဘုရား"

မျက်မှောင်နှစ်ဖက်ကုတ်မှ ကွမ်းသွေးတစ်ချက်ထွေးရင်း တစ်ဖက်ဖြုတ်၍...

"ဟင်း... ကျေးဇူးက တယ်ကြီးလှပေါ့။ ဘာလေးပြောလိုက်ပြောလိုက် ဆင်ခြေဆင်လက်ကလေးနဲ့... အလကား ကွန်မြူနစ် ဒိဋ္ဌိကလေး... ကဲ... နင်... နင့်အသောက်သမားတစ်စုနဲ့ ကြောင်တွေ သတ်သတ်စားနေတာကော နင် ဘာပြောဦးမလဲ... ကြောင်က လူကို အန္တရာယ်ပြုသလား... ကောက်ပဲသီးနှံကို ဖျက်ဆီးသလား... လူရဲ့ရန်သူလား... ကဲ... ပြောစမ်း"

ဤအချက်၌ကား ကျွန်တော်မှာ ရုတ်တရက် ခေါင်းငိုက်စိုက်ကျသွားပါသည်။ နောက်မှ အားယူ၍

"တပည့်တော် ကြောင်တွေရိုက်စားနေတယ်ဆိုတာ ဘယ်သူလျှောက်တာလဲဘုရား..."

mgyoe.com

"ထွန်းရွှေမိန်းမ မယ်မြရယ်ဟေ့... နင်က ကွယ်ချင်သေးလို့လား... သူ့လင် ထွန်းရွှေက... နင့်ပယောဂကြောင့် အိမ်ကကြောင်ကို... ခြင်ထောင်ထဲ အန်တယ်၊ ကြွက်မခုတ်ဘူး... ချေးယိုတာ မီးဖိုပေါ်မဟုတ်ဘူး... အနံ့ပြားသီး၊ နို့ပြီး အိမ်အောက်ဆင်းပြီး အလကားသက်သက် ခွေးတွေကို ရန်စတယ်လို့ အကြောင်းပြပြီး နင်တို့ သတ်စားကြတယ်မဟုတ်လား..."

ကျွန်တော် မငြင်းနိုင်ပါ။ "ဒီကြောင် ခြင်ထောင်ထဲ အန်တယ်။ မီးဖိုပေါ်မှာ ချေး မပါဘူး။ ကြွက် မခုတ်ဘူး။ အိမ်အောက်ဆင်းပြီး ခွေးတွေနဲ့ ရန်ဖြစ်တယ်။ မှိုင်တယ်။ နာချင်ပြီထင်ပါရဲ့။ ကြောင်ကလေးတွေ ကူးကုန်မှာ စိုးရတယ်" စသော စကားလုံးတို့မှာ ဤအိမ်က ကြောင်စားချင်ပြီဆိုလျှင် ၎င်းအိမ်က လင်ယောကျ်ားကို ကျွန်တော်က သင်ပေးခြင်းများ ဖြစ်ပါသည်။ ယောကျ်ားက ယင်းသို့ ၃–၄ ရက် ဗျစ်တောက်ဗျစ်တောက်ပြောလိုက်ပြီးနောက် မယားက ကြောင်ကို မုန်းတုန်းတုန်းရှိလာသောအခါ၌ သတ်စားလိုက်ရလေသည်။ မိန်းမ၏အဝတ်အကျႌများကို ကြောင်ချေးနှင့် သုတ်ထားခြင်း အိပ်ရာထဲ၌ ကြောင်အန်ထားသည့်အဟန် ထမင်းကို ဝါးထွေးထားခြင်း။ မိန်းမ၏အလစ်၌ ကြောင်ကို ခွေးတောထဲပစ်ချပြီး ဆူဆူညံညံဖြစ်စေခြင်း စသော နည်းပရိယာယ်များကိုလည်း အခါအခွင့်အားလျော်စွာ ပြုပါသေး၏။

မိန်းမဆိုသော သတ္တဝါတို့မည်သည် အိမ်ကကြောင်ကို သတ်စားမည်ဆိုလျှင် ကက်ကက်လန်အောင် ရန်ထောင်တတ်၏။ သို့သော် ဤနည်းမျိုးကိုပြုပါက သူတို့ သဘောမတူညီသည့်တိုင်အောင် အပြင်းအထန် ကန့်ကွက်ခြင်း မပြုတော့ချေ။ ယခု ကိုထွန်းရွှေမိန်းမ မမယ်မြကား ကျွန်တော်က ကြောင်များ စားဖူးပေါင်းများပြီဖြစ်၍ ကျွန်တော်၏ နည်းပရိယာယ်ကို သိသွားသောကြောင့် ဘုန်းကြီးကို လျှောက်ထားခြင်းဖြစ်ပေမည်။ ထိုကြောင့် ကျွန်တော်က မုသားလည်း မသုံးလို၍ တုံဏှိဘာဝေ ဆိတ်ဆိတ်နေရာ ဘုန်းကြီးက ဆက်လက်ပြီး...

"ကဲ... နင် ကြောင်တွေ စားတာတော့ ဘာပြောချင်သေးသလဲ..." မေးသည်၌ မနေသာတော့ဘဲ...

"ဒါတော့ တပည့်တော် ကြောင်သားကို အင်မတန် ကြိုက်လွန်းလို့ပါဘုရား" ဟု ဟုတ်တိုင်းမှန်ရာ လျှောက်တင်လိုက်ရတော့၏။

မိတ်ဆွေကြောင်သားကို စားဖူးပြီလား။ မစားဖူးသေးလျှင် စားကြည့်စမ်းပါ၊ အင်မတန် ကောင်းပါ၏။ "ထန်းရည်နှင့် ကြောင်သား၊ မယားနှင့်လင်၊ ဘဲကင်နှင့် အရီယာ၊ ကညာနှင့် အရက်တွဲဖက်၍ အလွန်ကောင်း၏" ဟု ကျွန်တော် တစ်ခါက ရေးခဲ့ဖူးပါသည်။

 mgyoe.com 

ကြောင်သတ်နည်းနှင့် ကိုင်နည်း၊ ဖျက်နည်း၊ ချက်နည်းတို့ကိုပါ ပြောပြပါမည်။

ကျွန်တော်တို့အရပ်ဒေသ၌ မြွေ၊ ဖား၊ ကြောင်၊ ကြွက်တို့ကို စားလေ့ရှိရာ မြို့ကြီးသူမြို့ကြီးသားများနှင့် ဤအကောင်တွေမစားသော နယ်များကမူ နှာခေါင်းရှုံ့ကြပေလိမ့်မည်။ သို့သော် ပထဝီမြေပုံကိုချ၍ သဘာဝနှင့် ဆန်းစစ်ကြည့်ပါက ဘာမျှ အံ့သြစရာရှိမည်မဟုတ်ပါချေ။

ကျွန်တော်တို့ဒေသသည် မြစ်နှင့်မနီး၊ အင်းအိုင်များနှင့်လည်း ဝေး၍ရှိသော ချောင်းငယ် မြောင်းငယ်တို့မှာလည်း မိုးကုန်လျှင်ပင် ခန်းခြောက်ကြကုန်လေသည်။ ထို့ကြောင့် လယ်ထဲ ရေရှိတုန်းသာ လယ်ငါးကလေးများကိုစားရ၍ ဆောင်းဦးပေါက်လျှင်ပင် ငါးပုစွန်ရှားပါးလေတော့သည်။ နွေရာသီ၌ကား ငါးမှာ ဓာတ်စာတစ်မျှပင်ဖြစ်တော့သည်။ သို့ဖြစ်သောအခါ၌ ဝက်သား ကြက်သား အမဲသားတို့လည်း ဈေးတက်ကုန်၏။ အောက်အရပ်ဒေသမှလာကုန်သော ငါးပိငါးခြောက် ငါးခြမ်းတို့လည်း ဈေးကြီးကုန်၏။ နွေအခါဆိုလျှင် ဟင်းသီးဟင်းရွက်ကလည်း ရှားပါးပါဘိတောင်း။ အညာဒေသလို ချိုး၊ ငှက်၊ ခါ၊ ဒရယ်၊ ယုန်၊ ကြောင်ထောင်စားရန်လည်းကောင်း၊ ဂျီ (ချေ) သမင်ပစ်စားရန်လည်းကောင်း၊ တောမရှိ ရွာများပတ်လည်မှာ လယ်ကွင်းပကတိသာ ဖြစ်ကုန်၏။ ထို့ကြောင့် ကျွန်တော်တို့ တောသူတောင်သားများသည် ဖော်ပြပါ သတ္တဝါများကို ဖြည့်စွက်စားသောက်ရခြင်း ဖြစ်လေသည်။ မြစ်ဝကျွန်းပေါ်ဒေသလို ငါးသားပုစွန် ဆယ့်နှစ်ရာသီ ပေါများနေပါက ဒီအကောင်တွေကို ဘယ်သူလက်ဖျားနှင့် တို့ချင်အံ့နည်း။

ကျွန်တော်တို့နယ်ပယ်လို လယ်ကွင်းကျယ်သောဒေသ၌ မြွေနှင့်ကြွက်ကိုမူ အာဟာရဖြည့်စွက်ရုံသာမက စားသောဓလေ့ကို ရှိထိုက်လှသည်ဟု ကျွန်တော် ဆိုချင်၏။ အကြောင်းမှာ သူတို့သည် ဖော်ပြခဲ့သည့်အတိုင်း လယ်သမား၏ရန်သူများတည်း။ မြွေသည် လူကို သတ်၏။ ကြွက်သည် လယ်ကို ဖျက်၏။ သူတို့အား စားသောက်သောဓလေ့ရှိပါမှ သူတို့ကို ပါးရှားစေသော နည်းကောင်းဖြစ်၏။ ထို့ကြောင့် တောအရပ်ဒေသ၌ မြွေကြွက်လိုက်စားသူတို့ကို ဝမ်းစာပုတ်ကလေးအပြည့်၊ ငါးပိငါးခြောက် ငါးခြမ်းကလေး ဖူဖူလုံလုံနှင့် လပြည့်ရှစ်ရက် ဘုရားသွားကျောင်းတက်လုပ်နိုင်သော ပုတီးသမားကြီးများက နှာခေါင်းမရှုံ့ကြကုန်လင့်။ ဘုန်းတော်ကြီးများကလည်း စပါယ်ရှယ်သြဝါဒတွေ လုပ်မနေပါနှင့်။ သူတို့လာလှူသော ဆွမ်းဘုဉ်းပေးပြီး အေးအေးဆေးဆေးသာ နေတော်မူစမ်းပါ။ (ဒီစာများ ပျံလွန်တော်မူတဲ့ ကျွန်တော့်ဆရာတော် ဘုရားကြီး သိသွားမယ်ဆိုရင် ဘယ်လောက် ကြိမ်နဲ့ နက်ချင်လိုက်မလဲလို့)

ယခုအခြေ၌ စာဖတ်သူ မိတ်ဆွေသည် ကျွန်တော်၏အကြောင်းပြမှုကြောင့် နေရာ

mgyoe.com

ဒေသအလိုက် မြေနှင့် ကြွက်ကို စားသောက်ရန်။ သဘောတူညီကောင်း တူညီနေမည် ဖြစ်သော်လည်း နေအိမ်များ၌ ယဉ်ပါးနေသော ကြောင်တွေကို ဟင်းလုပ်ဖို့ ဝါဒဖြန့်နေသည်ကိုကား အပြင်းအထန် ကန့်ကွက်ချင်လိမ့်မည်ထင်ပါသည်။ ကန့်ကွက်လိုက ကန့်ကွက်နိုင်ပါသည်။ သို့သော် ကျွန်တော်၏ ရည်ရွယ်ချက်ကို ပထမ တင်ပြလိုက်ပါသည်။

ယခုခေတ်လူတို့ကား ရှေးလူကြီးများက စားကောင်းသည်ဆိုသော အာဟာရများသာ စားသောက်နေကြ၍ နောက်ထပ် ဘာမျှ တီထွင်ဖော်ပြမှု မတွေ့ရသေးချေ။ အဝတ်ကိုများတော့ ထွင်ကြပါတယ်။ ပိုးဖဲကတ္တီပါတဲ့ သက္ကလတ်တဲ့။ အယ်လ်ပတ်ကားတဲ့။ အခုနိုင်လွန်တဲ့။ နောက်ထပ် 'ဘိုင်တွန်' ဆိုတာ လာပါလိမ့်ဦးမယ်။ စင်စစ် အဝတ်ထက် အစားက အရေးကြီးတယ်မဟုတ်ပါလား။ ကျွန်တော် ကမ္ဘာကို မျက်စိဖွင့်ကြည့်လိုက်တယ်... အဝတ်အထည်မှာ အမေရိကန်နဲ့ အင်္ဂလန်က တိုးတက်ပါရဲ့။ ဝါဒသဘောမှာ ရုရှားနဲ့ တရုတ်နီက တိုးတက်ပါရဲ့။ ဒါပေမဲ့ သောက်စားကျတော့ ယိုးဒယားကို ဘယ်သူမှ မမှီကြဘူး။ ကြည့်လေ အခု ယိုးဒယားပြည်မှာ ခွေးသားကို လူတိုင်းစားကြလို့ ခွေးသတ်လိုင်စင်တွေ ဖွင့်ပေးထားရပြီ။ ခွေးသတ်ရုံတွေနဲ့ စားခွေးမွေးတဲ့ ဌာနတွေနဲ့ ဘယ်လောက်တိုးတက်နေသလဲ လူတွေကော အစားတစ်မျိုးတိုးတော့ ဘယ်လောက် ချောင်ချိလိုက်မလဲ။ လုပ်ငန်းကြီးတစ်ရပ်လည်း ကျယ်လာတယ်မဟုတ်လား။ ဗမာပြည်ကော ဒီလိုဖြစ်လာရင် မနိပ်ပါလား။ ဈေးကြိုဈေးကြားက ခွေးဝဲစားတွေ၊ အိမ်ကြိုအိမ်ကြားက ခွေးဝဲစားတွေ ခွေးသူခိုးတွေကော ရှိပါဦးမလား။ သူတို့ကို ကောက်ယူကျွေးမွေးမယ့်လူတွေ ဆေးဝါးကုသပေးမယ့်လူတွေ ပေါ်လာမယ် မဟုတ်ပါလား။ ခွေးထုကြီးတစ်ရပ်လုံးပင် သုခချမ်းသာရမည်အမှန် (သေတာကတော့ သင်္ခါရဇ္ဈ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် လူလည်း တစ်နေ့ကြွတာပဲ၊ အဲ... ဘယ်သတ္တဝါမဆို မသေခင် ချမ်းသာဖို့ အရေးကြီးတယ်မဟုတ်လား)

သို့သော် ကျွန်တော်သည် ခွေးသားစားဖို့ကား။ ယိုးဒယားက လမ်းပြထားပြီဖြစ်သောကြောင့် အထူးဝိတ္ထာရမချဲ့လိုတော့ပြီ။ ကြောင်သားကို အများစား အာဟာရဖြစ်လာအောင်သာ ဝါဒဖြန့်လို၏။

ကြောင်သားသည် ခွေးသားထက် အများကြီး ပိုကောင်း၏။ (ခွေးသားကို ကျွန်တော် အထက်ကချင်ပြည် ဆမားဒူးဝါးဆင်ဝါးနောင်တို့နယ်ရောက်တုန်းက စားခဲ့ဖူး၏။) ကြောင်သားသည် ဝက်သားကြက်သားထက်လည်း ပိုကောင်း၏။ မယုံလျှင် စမ်းကြည့်လော့။ အဲ... အိမ်က မိန်းမလှည့်နည်းတော့ မိတ်ဆွေကို ပြောပြထားပြီ သတ်နည်းကိုင် နည်းဖျက်နည်းကား...

ကြောင်ကို အဝတ်ထဲ လုံအောင် ထုပ်၍ နောက်စေ့နေရာကိုစမ်းပြီး တုတ်မာမာနှင့်

 mgyoe.com 

၃-၄ ချက်နှက်ပါ။ ငနဲ့စန့်အုံ့။

အရေမဆုတ်ပါနှင့်။ မီးဖြိုက် သို့မဟုတ် ပိုကောင်းတာက ပထမ အမွေးကို ဝက်လိုရေနွေးဖျော နုတ်ပြီးလျှင် မီးကျီးခဲမှာ အကောင်လိုက်ကင်၊ ဝက်ခေါက်ကင်ကဲ့သို့ အသားနီရဲ ကွဲအက်လာသောအခါ၌ အပေါ်ရဲ ဖောင်းကြွနေသည်များကို ဓားသွားနှင့်ခြစ် ပစ်ပြီးနောက် ရေမိုးဆေး၍ ရင်ခွဲကာ ခုတ်ထစ်ချက်ပြုတ်လော့။ ဆီပြန်ကောင်း၏။ ကြောင် အသည်းကိုတော့ လွှင့်ပစ်ပါလေ။ အသည်းရယ်လို့ အခြားအကောင်တွေလို ကောင်းမယ် မထင်ပါနှင့်။ အင်မတန်နံ၏။ သို့သော်... အူကျတော့ သူမတူအောင် ကောင်းပြန်၏။ ထုတ်ထုတ်ထုတ်ထုတ်နှင့် ဆိမ့်၏။ ကြောင်သားသည် ဝက်၊ ကြက်၊ ဘဲတို့ထက် လေးပင် ၏။ အချိုဓာတ်ရှိ၏။

ပထမစားစ၌ မိတ်ဆွေသည် ကြောင်နံ့ကြောင့်၊ အင်တင်တင်နေလိမ့်မည်။ သို့သော် စားစရှိသွားသောအခါ၌ ကုလား ဝက်သားတွေ့သည်ထက် ဆိုးကာ ကြောင်မြင် တိုင်း အမြီးဆွဲချင်ရင်းဖြစ်လိမ့်မည်တည်း။

ထို့ကြောင့် ဗမာပြည်တွင် ကြောင်သားကို လူတိုင်းစားကာ အိမ်တိုင်း၌ ကြောင် များများ မွေးမြူလျက် ကြောင်ဝယ်သူနှင့် ကြောင်သတ်လိုင်စင်နှင့် ကြောင်သတ်ရုံနှင့် ကြောင်သားဆိုင်နှင့်ရှိပါက ကျွန်တော်တို့ ဗမာလူမျိုးတွေမှာ စားကုန်ထုတ်လုပ်ရေး နည်း လမ်းတစ်ခု တိုးမည်ဖြစ်ပါ၏။ (ကြောင်များသည် မွေးရ ကျွေးရ လွယ်ကူသော သတ္တဝါ လည်း ဖြစ်၏။) ယင်းကဲ့သို့ တိုင်းပြည်လူမျိုးအတွက် စေတနာနှင့် ကျွန်တော် ထုတ်ဖော် ရေးသားခြင်းဖြစ်ပါ၏။

ကျွန်တော့်ဆရာတော်ဘုရားကြီး မပျံလွန်တော်မူမီကပင် ကျွန်တော့်တွင် ဤ ရည်ရွယ်ချက်ရှိလေရာ ကိုထွန်းရွှေမိန်းမ မမယ်မြ၏ တိုင်ချက်နှင့်ပတ်သက်၍ မိမိစိတ်ထဲ ရှိတာ ထုတ်ဖော်ပြောလိုက်ရသော် ကိုယ်တော်သည် ထွေးခံနှင့် ကျွန်တော့်မျက်နှာ စွပ်ပေါက် လိုက်မည်အမှန်ပါ။ ထို့ကြောင့် ကျွန်တော်က ကြောင်သားကို ကြိုက်လွန်းလို့ပါဟုသာ လျှောက်ထားပြီး ဆိတ်ဆိတ်နေသည်၌ ဘုန်းဘုရားက ဆက်လက်ပြီး...

"အင်း... နင့်ဓာတ် ငါသိပါတယ်။ နင်ဟာ ငယ်ငယ်ကတည်းက အင်မတန် အစားသရဲတဲ့ ကောင်ကလေး နင်ဟာ စားချင်မိရင် ငရဲကိုမသိဘူး။ ကြီးရင် လိမ္မာလာ မလား အောက်မေ့ခဲ့တယ်။ အခု စာရေးဆရာဖြစ်မှ ပိုဆိုးနေတယ်။ ကဲ ဒီမြွေတို့ ကြွက်တို့ ကြောင်တို့တော့ ငယ်တဲ့သတ္တဝါတွေမို့ ထားပါတော့ နင် ဖိုးသာဘော နွားအိုကြီးကိုဝယ်ပြီး ထိပ်ထုသတ်ခိုင်းတာကော"

ဟယ်... ဒါတောင် ဘုန်းကြီး သိသွားပြီ။ ကျွန်တော် မျက်လုံးပြူးသွားပါသည်။

mgyoe.com

ရွာက ဒကာ ဒကာမများသည် ဤနေရာ၌ အလွန်ပင် သောက်မြင်ကတ်ဖို့ကောင်း၏။ ရွာ့အလုပ်ရွာ၊ ကျောင်းအလုပ်ကျောင်းထားရောပေါ့။ ခုတော့ ဘုန်းကြီးရှေ့ မျက်နှာလို မျက်နှာရ မဆိုင်တာတွေ လျှောက်တင်ကြတာက ခက်လှတယ်...။

ကျွန်တော် ရတ်တရက် ဘာမျှပြန်မပြောသည်ကို ဘုန်းကြီးကဆက်လက်ပြီး...

"ဘာ... နင်က... မဟုတ်ဘူး ငြင်းချင်သေးသလား။ ငါ အကုန်သိတယ်... နင် ၇၅ ကျပ်နဲ့ဝယ်တယ်... မောင်ခိုကို ထုသတ်ခိုင်းတယ် နင်စားချင်တဲ့ အသားချန်ပြီးမှ ကျန်တာကို ရွာထဲ ထမ်းရောင်းခိုင်းတယ်... သူကြီးကိုတော့ မှင်တက်မိသေတယ်လို့ သွားတိုင်ခိုင်းတယ်... ဘိုနီရယ်... နင် ငါ့ကျောင်းထွက်လို့ ပြောရမှာ ရှက်လှချည်လား။ အစိုးရက နွားမသတ်ဖို့ ပိတ်ပင်ထားပါရက်နဲ့ နင်က အစိုးရထက်တောင် မိုက်နေပါက လား ဟင်..."

ကိုယ်တော်ကြီးမှာ အတော်ပင် စိတ်နှလုံး ထိခိုက်ဟန် ပေါ်ပါသည်။ ကျွန်တော် ဘယ်သို့ပြန်၍ လျှောက်တင်ပါအံ့နည်း။

ယခုအခါ၌ မြန်မာနိုင်ငံတော် အစိုးရသည် နွားသတ်လိုင်စင်များကို ပိတ်ပင်ထား သည်။ ခိုးသတ်သူများကိုမိလျှင် ကြီးလေးသောအပြစ်ဒဏ်ကို ပေးသည်။ နွားသတ်ပိတ်ခြင်း နှင့်ပတ်သက်၍ မည်သည့် ဗုဒ္ဓဘာသာဝင်ကမှ မနှစ်သက်ခြင်း မရှိကြ၊ နွားနှင့် လုပ်ကိုင် စားသောက်သော တိုင်းပြည်ဖြစ်၍ နွားသားမစားသင့် လယ်သမားများအဖို့ ခိုင်းနွားတွေ မယုတ်လျော့အောင်ဆိုသည်နှင့်ပင် အကြောင်းခိုင်လုံနေပေပြီ။ သို့သော် အသေးစိတ် စုံစမ်းဆင်ခြင်ကြည့်လိုက်သောအခါ၌ကား ခြွင်းချက်မရှိ။ ထောက်ခံနိုင်ရန်အကြောင်း မဟုတ်သည်ကို တွေ့ရပေသည်။

ရှေးယခင် နွားသတ်ခွင့်ရှိစဉ်က နွားသတ် ကုလားများဝယ်သွားသော နွားများကို စိစစ်ကြည့်ခဲ့သော်... လယ်ထဲတွင် ကောင်းမွန်စွာ ခိုင်းစေနိုင်သော နွားငယ်နွားသန်များ မဟုတ်ဘဲ နွားအို နွားပိန် ခြေနာလက်နာများနှင့် နွားမ*ႏ*သာဖြစ်သည်ကို တွေ့ရလေ သည်။ ခိုင်းစေနိုင်သော နွားများကိုလည်း လယ်သမားများက အသားဈေးနှင့် မရောင်းနိုင် ချေ။ နွားပွဲ (နွားဈေး) များ၌ နွားပွဲစားများ ပါးစပ်ကပင် "ဒီနွားတော့ ကုလားလက်အပ်မှ ဖြစ်မှာပါကွာ" ဟု ခွဲခြားထား၏။

လယ်သမားသည် မိမိ၏နွား အသက်ကြီးသွား၍ ရှေ့၌ ဆက်လက်ခိုင်းစေခြင်းငှာ မဖြစ်တော့သောအခါ၌ နွားသတ် ကုလားလက်ထဲသို့ စိတ်မချမ်းမြေ့စွာနှင့် ရောင်းရလေ သည်။ ဗမာပြည်၌ နွားများကို အသက်သခင် ကျေးဇူးရှင်ဟု ဆိုနေကြသော်လည်း အဘယ် လယ်သမားမျှ "ငါ့နွားကြီးတော့ ငါ့လက်ထဲ ခိုင်းစေခဲ့တာကြာပြီ... ခု အသက်ကြီးတော့

ပင်စင်ပေးပြီး အငြိမ်းစားထားပါတော့မည်" ဟူ၍ ပြုသော ဓလေ့မရှိချေ။ ပြုလည်း မပြုနိုင်ကြပေ။

နွားအကောင်းစားကိုင်နိုင်သော လယ်သမားသည် နွားတစ်ကောင်ကို (ဥပမာ ဒီနွားနာမည်ကို 'အောင်ဗလ' ထားပါတော့) ငွေ ၄၀၀ိ နှင့် ဝယ်လိုက်၏။ နှစ်မိုးသုံးမိုးမျှ ခိုင်းပြီးသော် အောင်ဗလ နည်းနည်းကျသွား၍ ၃၀၀ိ နှင့် ပြန်ရောင်းပြီး ၄၀၀ တန်ကို ငွေဖြည့်၍ ဝယ်လိုက်ပြန်၏။

၃၀၀ိ တန် အောင်ဗလမှာ ဒုတိယလူလက်ထဲတွင် နှစ်မိုးမျှ ကုန်းရုန်းပြီးနောက် ၂၀၀ိ နှင့် ရောင်းပစ်လိုက်ခြင်း ခံရပြန်၏။ တတိယလူ လက်ထဲ၌မူကား ကြာကြာမနေရတော့ချေ။ ဟစ်မိုးနှင့် ၁၄၀ိ ရအောင် မနည်း ကတ်သီးကတ်သပ်လုပ်၍ ရောင်းလိုက်ရ၏။ စတုတ္ထလူ လက်ထဲတွင်မူ "နွားအိုကြီး... နွားအိုကြီး" ဟူသောနာမဖြင့် နှစ်မိုးမျှ တဗျစ်ဗျစ် အရိုက်ခံနေရပြီးကာလ။ နောက်ဆုံး၌ အသားဈေးနှင့် နွားသတ်ကုလားလက်ထဲသို့ ကြွသွားလေ၏။ နွားအောင်ဗလ တစ်ဘဝ ဝဋ်ကျွတ်သွားလေသည်။

ကျွန်တော်တို့ရွာက ဘိုးသာဘော နွားအိုကြီးမှာ ရှေ့ဆက်၍ မခိုင်းစေနိုင်တော့ပြီ ဖြစ်သည်နှင့် ဘယ်လူမှ ဝယ်သူမရှိချေ။ နွားပွဲထဲ ချသွား၍လည်း နွားသတ်လိုင်စင် ပိတ်ထားသောကြောင့် နွားသတ်ကုလားနှင့် မတွေ့။ တဗျစ်ဗျစ် တအုန်းအုန်း ကြိမ်းစင်းခြင်းခံရသည် အဆုံး၌သာ အိမ်ပြန်ရောက်လာလေသည်။

ဘိုးသာဘောမှာ ဤနွားအတွက် တော်တော် အခက်တွေ့နေ၏။ ဒီနွားကြီး ရောင်းရမှသာ ငွေဖြည့်ပြီး နောက်ထပ် ခိုင်းနွားတစ်ကောင် ဝယ်နိုင်မည်ဖြစ်၏။ ဒါကြီး အိမ်မှာ အလကားထားချင်၍လည်း နောက်နွားဝယ်ရန် ငွေမပြည့်။

ဘိုးသာဘောထက်ဆင်းရဲသော ဘကြီးဘိုးဖျော့က...

"ဟေ့... သာဘော... မင့်နွားကြီး ငါ့ ၅၀ိ နဲ့ပေးကွာ... တစ်ရက်ခြား နှစ်ရက်ခြားပဲ ခိုင်းရ ခိုင်းရ ငါယူထားမယ်..."

"ဟာ... ဘိုးဖျော့ရာ... ၅၀ိ နဲ့တော့ ဘယ်ပေးနိုင်မလဲကွာ ၇၅ ကျပ်ပြည့်အောင် လုပ်ဟေ့ ငါ့အိမ်မှာ ငွေကလေးက ၆၀ိ လောက်ရှိတာ။ ဒါမှ တစ်ရာ့သုံးလေးငါးဆယ်တန် ကလေး ဝယ်နိုင်မှာကွ..."

"ငါ့မလည်း မရှိဘူး... သာဘောရာ... ဒီ ၅၀ိ တောင် ၂၀ိ လောက်က လုံမလေးတို့ဆီ လှည့်ရဦးမှာ..."

ဤအခင်းကိုကြားသည်၌ ကျွန်တော်သည် ပထမတွင် ဤနွားအိုကြီးကို ဘိုးသာဘောဆီက ၇၅ ကျပ်နှင့်ဝယ်ကာ ဘကြီး ဘိုးဖျော့အား ငွေအစိတ် အရှုံးခံပြီး ပေးလိုက်မည်

mgyoe.com

mgyee.com
ဟု စိတ်ကူး၏။ သို့သော် ညအိပ်ရာဝင် နဖူးပေါ်လက်တင် တွေးလိုက်သောအခါ၌ ဒီနွား အဘိုးအိုကြီးအား မချိမဆံ့ ကြိမ်တဗျမ်းဗျမ်းနှင့် ခိုင်းစေနေမည်ကို မကြည့်လိုတော့ပြီ။ ရှေ့သွားကျိုးပြီး အန်များလည်းချော်နေ၍ မြက်နှင့် ကောက်ရိုးကိုမှ ကောင်းကောင်းမဝါးနိုင်တော့။ သူ့ကို ချစ်သနားပါက အိမ်မှာ ဆန်ပြုတ်တိုက်ထားရုံသာ ရှိတော့သည်။

နိုင်ငံတော် အစိုးရမင်းကြီးခင်ဗျား... နွားများကို တကယ် ချစ်သနား၍ လယ်သမားကို အကူအညီပေးလိုသည်မှန်ပါက "နွားမသတ်ရ" ဆိုတဲ့ အမိန့်ထုတ်ထားရုံတော့ မလုပ်ပါနဲ့။ လယ်သမားများထံမှ နွားအိုနွားကျိုးများကို တန်ရာတန်ဖိုးပေးဝယ်ပြီး "နွားအိုများ ပင်ရှင် ရိပ်သာ" ဟူသော ဌာနတစ်ခုဖွင့်ကာ ဖွဲ့နုရေနှမ်းဖတ်ပုတ်နှင့် ဆန်ပြုတ်များ တိုက်ကျွေး၍ ထားပါတော့။

သာသနာ့ရိပ်သာက လူပျံတော်ပညာရှိများအသင်းကိုလည်း ဤအခင်းကို စဉ်းစားစေပါက သဘောတူလိမ့်မည်ထင်ပါသည်။

ယခုကား ယင်းကဲ့သို့ "နွားအိုများ ပင်ရှင်ရိပ်သာ" မပေါ်ပေါက်သေးသဖြင့် ကျွန်တော်မှာ ၇၅ ကျပ်နှင့်ဝယ်ထားလိုက်သော ဘိုးသာဆား နွားအိုကြီးအတွက် အတော်ပင် အသက်ရှူကျပ်လေသည်။ နောက်ဆုံး၌ကား... ကျွန်တော့်တွင် ကိုယ်ချင်းစာတရား ဝင်လာသည်။ ကျွန်တော်သာ ယခု နွားအိုကြီးနေရာ၌ဖြစ်ရ၍ "ဟေ့... နအိုကြီး မင်း ရှေ့ဆက်ပြီး မင်းနိုင်သလောက် လုပ်ခိုင်းတာပဲ ခံနေချင်သေးသလား။ ဒါမှမဟုတ် မာန်လကစျာန်ကြွချင်သလား" ဟု မေးပါက။

"အောင်မယ်လေး ကိုယ့်သခင်တို့ အရှင်တို့လူသားများ ခိုင်းတာတော့ ဆက်မခံပါရစေနဲ့၊ ဘယ့်နှယ်လဲ ကျုပ် နွားဘဝရောက်လာကတည်းက အမိနို့ စို့ရတုန်းပဲ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ လွတ်လွတ်လပ်လပ်နေခဲ့ရတယ်။ သားခွဲလောက်ရှိတော့ ကျုပ်ကို နဖားဖောက်လိုက်ကြတယ်။ နွားပေါက်ကလေးဖြစ်လာလို့ ဟန်တော့မလား အောက်မေ့နေတုန်းမှာ ဝေးသင်းပစ်လိုက်ကြတယ်။ အဲဒီနောက်တော့ မိုးရောဆောင်းရော နွေရော အမျိုးမျိုးခိုင်းကြတာပါပဲလား။ အရှင်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ အင်မတန်မှ မေတ္တာကရုဏာတရားကြီးမားလှပါတယ်ဆို။ ကျုပ်တို့အတွက်တော့ နည်းနည်းကလေးမှ မစဉ်းစားကြတော့ဘူးလားဗျာ။ ကျုပ်တို့ကို ဝေးထုဝေးကြော ဖြတ်ပစ်တာများဗျာ နည်းနည်းကလေးလောက် ကိုယ်ချင်းစာပြီး ခံစားကြည့်ကြစမ်းပါ။ ဒီနည်းပြုပြီး ကျုပ်တို့ကို ဒူးလောက်နစ်တဲ့ ရွံ့ညွန်ထဲ ရိုက်နှက်ဆဲဆိုခိုင်းစေနေတာကိုပဲ "ကောင်းသော လယ်လုပ်ခြင်း" လို့ ဆိုလိုက်ကြသေး...။ ကဲ... ကဲ... အရှင်တို့ဟာအရှင်တို့ ကောင်းသောလယ်လုပ်ချင်လုပ်၊ မြတ်သော လယ်လုပ်ချင်လုပ် ကျုပ်ကိုတော့ နောက်ထပ် ထမ်းပိုးခင် မဝင်ပါရစေနဲ့တော့